မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၉၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းအောင် ဆောင်ရွက်နေ ရခိုင်ပြည်နယ်နှင့် ဒေသအချို့ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းနိုင်ပြီဖြစ်

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. John Bercow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန္နေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် ဒေသအချို့တွင် ဖြစ်ပွားခဲ့သော နှစ်ဖက်လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ပဋိပက္ခဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခဖြစ်ပွားခဲ့သော ဒေသများရှိ ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားသော အကူအညီများ အဆင်ပြေချောမွေ့အောင် ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ကချင်ပြည်နယ်ရှိ ဒုက္ခသည်များအား ကူညီထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးရုံးခွဲ မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတက အထက်ပါကိစ္စများအား ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်သူအများစု၏ ဆန္ဒနှင့်အညီ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိကြောင်း၊ ရခိုင်ပြည်နယ်နှင့်ဒေသအချို့တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများမှာ လူအုပ်စု နှစ်စုအကြား ရာဇဝတ်မှုတစ်ခုအပေါ် အခြေခံ၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြဿနာကြီးထွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းအောင်

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. John Bercow အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အမေရိကန်၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့ ဆွေးနွေးပွဲကျင်းပ
စာမျက်နှာ-၄

မိုးရွာသွန်းမှုကြောင့် အိမ်ခြေ ၁၂ လုံးနစ်မြုပ်
စာမျက်နှာ-၁၁

လစ်သူယေးနီးယားမှ ရေကူးမယ် ကမ္ဘာ့စံချိန်တင်
စာမျက်နှာ-၁၃

ဗိဿနိုးပျူမြို့ဟောင်းယဉ်ကျေးမှုနယ်မြေများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာရန် ဆောင်ရွက်

ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အဝင်မုခ်ဦး....။

➤ သတင်း-ရဲခေါင်ညွန့် ➤ ဓာတ်ပုံ-ဖိုးထောင်

မကွေး ဇူလိုင် ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့အနောက်ဘက် ကုက္ကိုခွရွာ၏ မြောက်ဘက်တွင်တည်ရှိသော ဗိဿနိုးပျူမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန်အတွက် ယူနက်စကို (UNESCO) သို့ ၂၀၁၃ ဇန်နဝါရီလ နောက်ဆုံးပတ်က စာရင်းတင်သွင်းခဲ့ပြီး ၂၀၁၄ ဇွန်လတွင် သိရှိနိုင်မည်ဟု ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဗိဿနိုးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောကြားသည်။

တူးဖော်တွေ့ရှိ

ဗိဿနိုးပျူမြို့ဟောင်းသည် အေဒီတစ်ရာစုမှ ငါးရာစုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သော မြန်မာနိုင်ငံ၏ ရှေးမြို့ဟောင်းတစ်ခုဖြစ်သည်။ မြို့အင်္ဂါရပ်နှင့်ညီသော မြို့ရိုးမြို့ကွက်နှင့်ကျုံးများ၊ မြို့ပြအသွင်သဏ္ဍာန် အဆောက်အအုံ အထောက်အထားများ၊ ငွေဒင်္ဂါးရောင်စုံ၊ ကျောက်ပုတီးစေ့များ၊ အနုပညာ လက်ရာမြောက် လက်ဝတ်ရတနာများနှင့် ဗုဒ္ဓဆင်းတုတော်များ တူးဖော်တွေ့ရှိရပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် ပျူရှေးမြို့ဟောင်းသုံးခုတွင် တစ်ခုအပါအဝင် ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၂ ✳



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပညာကိုလိုသော်. . .

ကျွန်ုပ်တို့အနေဖြင့် ငယ်စဉ်အခါ ပညာရှာ၊ လူလတ်ပိုင်းရောက်သည့်အခါ ဥစ္စာရှာ၊ အသက်ရွယ်ကြီးရင့်လာသောအခါ တရားရှာဟူ၍ဆိုကြသည်။ ဤနေရာတွင် ငယ်စဉ်အခါ ပညာရှာဟူသည့်စကား၌ တစ်စိတ်တစ်ပိုင်းအားဖြင့်သာ မှန်ကန်သည်ဟု ဆိုနိုင်ပေသည်။ တကယ့်တကယ် ပညာရှာရမည့်ကာလ အပိုင်းအခြားသည် ငယ်ရွယ်စဉ်ကာလဟူသည့် အပိုင်းအခြားတစ်ခုတည်းသာ မဟုတ်တော့ပေ။

လူတို့အနေဖြင့် ပညာရှာရမည့် ကာလအပိုင်းအခြားနှင့် ပတ်သက်ပြီး ငယ်စဉ်ကာလတစ်ခုတည်း မဟုတ်ဘဲ ဘဝတစ်လျှောက်လုံး ပညာဆည်းပူးအပ်ကြောင်းကို မြန်မာနိုင်ငံ၏ ပုဂ္ဂိုလ်ကျော်ကြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်က ဤသို့ဆိုခဲ့လေသည်။

“မည်သူမဆို ကျောင်းတွင်နေရခြင်းသည် ပညာရှာနည်း နိဿရည်းပင်ဖြစ်၏။ တကယ့်ပညာကို ကျောင်းထွက်မှရှာရမည်။ လူ့ဘဝသည် ပညာသင်ကြားလျက်ရှိသော ကျောင်းကြီးပင်ဖြစ်သည်။ လူသည် တစ်သက်လုံး ပညာသင်ကြားလျက်ရှိသည်။ တကယ့်ကျောင်းသား အပိုင်းအခြားသည် သိတတ်သည့်အရွယ်မှ သေလွန်သည်အထိဖြစ်၏”ဟူ၍ဆိုခဲ့လေသည်။

မှန်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ကျောင်း၌သင်ကြားခဲ့ရသောစာများသည် အခြေခံများသာဖြစ်သည်။ တကယ့်တကယ် ပညာရပ် အသီးသီးတို့ကို ကျောင်းမှထွက်ပြီးနောက် ဆက်လက်သင်ယူကြရပြန်သည်။ ပင်လယ်သမုဒ္ဒရာမျှ ကြီးမားများမြောင်လှကုန်သော ပညာရပ်အသီးသီးတို့ကို လူ့ဘဝတစ်လျှောက်လုံးတွင် တည်ရှိနေသည်ကို တွေ့ရပေသည်။ ပညာရပ်တစ်ခုခုသည် လေ့လာမှုကုန်စင် ပြီးမြောက်သည် ဟူ၍မရှိ။ လေ့လာသင်ယူမှုများလေလေ အတွင်းကို လိုက်၍တူးယူသော ရွှေတွင်းကြီးနှင့်လည်း တူလေလေဖြစ်သည်။ လေ့လာသင်ယူမှု များလေလေ တတ်မြောက်ကျွမ်းကျင်မှု များလေလေဖြစ်သည်။

အဟောင်းတို့နောက်တွင် အသစ်သစ်တို့ ပေါ်ထွန်းလာစမြဲဖြစ်သည်။ ပညာတစ်ခုခုကိုသင်ယူ၍ မပြီးဆုံးမီမှာပင် နောက်အသစ်အဆန်းတို့သည် ပေါ်လာကြကုန်၏။ ထိုထိုကုန်သော အသစ်အဆန်းတို့ကို ဆက်ကာဆက်ကာလေ့လာကြမည်ဆိုပါက ပညာရပ်တစ်ခုသည် ကုန်နိုင်ခန်းနိုင်ဖွယ်မရှိ။ များမြောင်လှပေသည်။

သို့ဖြစ်၍ လူတို့အနေဖြင့် နှုတ်မှုလက်မှုအတတ်၊ စက်မှုလက်မှုအတတ်၊ စီးပွားရေးအတတ်၊ ဗေဒင်အတတ်စသည်ဖြင့် ပညာရပ်အသီးသီးတို့ကို လေ့လာဆည်းပူးကြရာတွင် ကုန်စင်ပြီးမြောက်သည် ဟူ၍ မရှိ။ အစဉ်သဖြင့် လေ့လာသင်ယူနေသော လူ့ဘောင်အတွင်း အမြဲမပြတ် သင်ယူလေ့လာခြင်း (Life Long Learning) လုပ်ဆောင်နေကြရမည်ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့်ဆေးရုံများလေ့လာ

နေပြည်တော် ဇူလိုင် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ် ဆေးပညာဌာနကြီးနှင့် သူနာပြုဌာနကြီးများသို့ သွားရောက်ပြီး ကာလတို/ ကာလရှည် သင်တန်းသားများ ပိုမိုတိုးမြှင့်စေလွှတ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကွန်ကန် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ကွန်ကန် ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ အရေးပေါ်လူနာ သယ်ယူပို့ဆောင်ရေးနှင့် ပြုစုကုသရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် အရေးပေါ် လူနာ သယ်ယူပို့ဆောင်ရေး ကွပ်ကဲထိန်းချုပ်စခန်း၌ အရေးပေါ်လူနာပြုစုကုသရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားမှုများကို ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုဝန်ကြီးသည် ဗန်ကောက်မြို့ Dusit Thani ဟိုတယ်၌ ဇူလိုင် ၂၄ရက်မှ ၂၆ ရက်အထိ ကျင်းပသော နိုင်ငံတကာ အနာကြီးရောဂါ တိုက်ဖျက်ရေး ထိပ်သီးညီလာခံ (International Leprosy Summit) သို့ တက်ရောက်ခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၊ မဟီဒေါတက္ကသိုလ်၊ ဆီရီရာ့ဆေးရုံကြီးနှင့် ချူလာလောင်ကွန်းတက္ကသိုလ်၊ ချူလာလောင်ကွန်းဆေးရုံကြီးများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံတက္ကသိုလ်များနှင့် ဆေးရုံကြီးများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆေးအကြိုနှင့် ဆေးလက်တွေ့သင်တန်းသားများ တိုးမြှင့်စေလွှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

ပိန်းဇလုပ်ကျေးရွာအုပ်စု အမှိုက်ပုံကြီးစနစ်ကျစေလို

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု မြောက်ပိုင်းရပ်ကွက် စည်ပင်သာယာ ဈေးဝင်း၏ အရှေ့တောင်ဘက်ထောင့်ရှိ အမှိုက်ပုံကြီးမှာ အမှိုက်စို၊ အမှိုက်ခြောက်များဖြင့် ပြည့်လျှံနေပြီး အညစ်အကြေးများ ယိုစီးနေကာ အမှိုက်မှထွက်သော အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်စေနိုင်၍ ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း သိရသည်။

“ကျွန်မတို့ ရပ်ကွက်မှာ ဒီအမှိုက်ပုံရှိနေတာ တစ်နှစ်ကျော်ပြီ။ ပွင့်လင်းရာသီဆိုရင် ဒီအမှိုက်တွေကို မီးရှို့တယ်။ အဲဒီလို မီးရှို့တော့ ထွက်လာတဲ့ ညှော်နံ့တွေက တစ်ရပ်ကွက်လုံးမခံနိုင်ဘူး။ အခုမိုးရာသီကျပြန်တော့ အမှိုက်တွေက အမြဲတမ်းပြည့်နေတာ။ အမှိုက်တွေရှိနေတော့ ခွေးဆွဲ၊ ကြီးချီလို့ ပတ်ဝန်းကျင်တစ်ခုလုံး ညစ်ညမ်းနေတယ်။ အမှိုက်သိမ်း စနစ်မကျလို့ အခုလို အမှိုက်ပုံက ထွက်လာတဲ့ အနံ့ဆိုးတွေကို ခံစားနေရတာဖြစ်ပါတယ်။ ဒီအနံ့ဆိုးတွေကြောင့် သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေရဲ့ ကျန်းမာရေး ထိခိုက်လာနိုင်တယ်”ဟု ယင်းအမှိုက်ပုံအနီးနေ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု မြောက်ပိုင်းရပ်ကွက် ဈေးဝင်းအနီး ရပ်ကွက်ပြည်သူများ ကျန်းမာရေး ညီညွတ်စေရေးအတွက် ယင်းအမှိုက်ပုံကြီးကို စနစ်တကျ သိမ်းပေးစေလိုကြောင်းနှင့် ကျေးရွာအုပ်စုအတွင်း၌လည်း အမှိုက်စွန့်ပစ်၊ သိမ်းဆည်းစနစ်တစ်ရပ် ချမှတ်ဆောင်ရွက်သင့်ကြောင်း ထင်သာမြင်သာပြုပြင်စရာအဖြစ် ရေးသားတင်ပြလိုက်ရသည်။

(၁၂၅)



တောတောင်ရှိမှ စမ်းရေရ၏

ပင်စင်အတွက် ဘီလီယံတစ်ရာကျော် ထပ်ထုတ်သုံးရ

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံတွင် ပင်စင်စားဝန်ထမ်းများအတွက် ယခုဘဏ္ဍာနှစ်အတွင်း ကျပ်ဘီလီယံတစ်ရာကျော် ပိုသုံးစွဲရကြောင်း နေပြည်တော်ရှိ ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ်မှ စတင်တိုးမြှင့်ပေးလိုက်သော နိုင်ငံ့ပင်စင်လစာများအတွက် နိုင်ငံတော်ဘဏ္ဍာမှ ထုတ်ယူသုံးစွဲရခြင်းဖြစ်သည်။ လက်ရှိတွင် နိုင်ငံ့ပင်စင်စားများက မြို့ပြနှင့် တပ်မတော်ပင်စင်တို့အတွက် ခန့်မှန်းလျာထားချက် သုံးငွေသည် ကျပ်ဘီလီယံ ၃၆၀ ခန့်ရှိကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ထပ်မံသုံးစွဲရငွေ ကျပ်ဘီလီယံ ၁၀၀သည် ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် အသုံးပြုရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ပင်စင်လစာ ထုတ်ယူနေသော အစိုးရဝန်ထမ်းဟောင်း ပမာဏမှာ ဦးရေသည် ခုနစ်သိန်းရှိကြောင်း နေပြည်တော်ရှိ ပင်စင်ဦးစီးဌာနက တရားဝင်ထုတ်ပြန်ခဲ့သည်။ အစိုးရဘဏ်များတွင် ထုတ်ယူရသည့် ဦးစီးဌာနပင်စင်နှင့်ကာကွယ်ရေးပင်စင် ၅၄၃၆၄၀နှင့် လုပ်ငန်းဌာနပင်စင်သည် နှစ်သိန်းရှိကြောင်း သိရသည်။

ထို့အပြင် ပင်စင်ဌာနလစာတိုးမြှင့်ခွင့်ပြုသည့် ကျပ် ၂၀၀၀၀ အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ ၂၀၁၃ ခုနှစ် ဧပြီလမှ တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ပင်စင်လစာထုတ်ယူရန် ကျန်ရှိနေသောသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ ၁၇ခုရှိ ပင်စင်ဦးစီးဌာနရုံးခွဲများတွင် အကူအညီတောင်းခံနိုင်ကြောင်းသိရသည်။

ကြည်(ရန်ကင်း)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများရုပ်သိမ်းပြီး ကုန်သွယ်မှုအထူးအခွင့်အရေးပေးအပ်သည့်အကြောင်းကြားစာအား နိုင်ငံတော်သမ္မတထံ သံအမတ်ကြီးကပေးအပ်

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သံအမတ်ကြီး H.E. Mr. David Lipman အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်သံအမတ်ကြီး H.E. Mr. David Lipman အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အဆွေတော်သံအမတ်ကြီး မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ပင် တားဆီးခဲ့မှုများကို ရုပ်သိမ်းပေးလာအောင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ဖြေလျှော့မှုများ ဆောင်ရွက်လာအောင်၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှု အထူးအခွင့်အရေးများ ပေးအပ်လာအောင်၊ မြန်မာနိုင်ငံ၌ ဥရောပသမဂ္ဂ၏ အခြေစိုက်ရုံးဖွင့်လှစ်နိုင်အောင် စွမ်းဆောင်ခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သံအမတ်ကြီးက ဥရောပသမဂ္ဂအနေဖြင့် အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် အတွေ့အကြုံ အများအပြားရှိခဲ့သဖြင့် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မကြာမီကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ဥရောပသမဂ္ဂက ပြီးပြည့်စုံသောချဉ်းကပ်မှုနှင့် အပြုသဘောဆောင်သော မူဘောင်များ ချမှတ်ခဲ့ပါကြောင်း၊ ၎င်းအချက်များမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် အထောက်အကူပေးရန်၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီရှင်သန်ရေးကို အားပေးကူညီရန်၊ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများပေးရန်၊ မြန်မာနိုင်ငံနှင့်နိုင်ငံတကာ အသိုင်းအဝိုင်း၏ထိတွေ့ဆက်ဆံမှုများကို အားပေးကူညီသွားရန်တို့ဖြစ်ပါကြောင်း၊ လာမည့်နိုဝင်ဘာလတွင် ဥရောပသမဂ္ဂအဖွဲ့မှ မစ္စစ်ကက်သရင်းအက်ရှ်တန်အနေဖြင့် ဥရောပသမဂ္ဂမှ လုပ်ငန်း အဖွဲ့ခေါင်းဆောင်များနှင့် အထင်ကရစီးပွားရေး လုပ်ငန်းရှင်များအား ဦးဆောင်၍ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများ၊ ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များအား အစားထိုး ပြန်လည်ထူထောင်ပေးနေမှုများ၊ ပြည်တွင်းရေးကိစ္စအား ဒေသတွင်းအရေးကိစ္စ၊ နိုင်ငံတကာအရေး ကိစ္စဖြစ်အောင် ပုံကြီးချဲ့ဆောင်ရွက်နေသည်များကို ဖြေရှင်းဆောင်ရွက်နေမှုများ၊ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဥရောပသမဂ္ဂမှ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဥရောပကော်မရှင် ဥက္ကဋ္ဌထံမှ မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများရုပ်သိမ်းပြီး ကုန်သွယ်မှု အထူးအခွင့်အရေးပေးအပ်ခြင်းနှင့်ပတ်သက်သည့် အကြောင်းကြားစာအား နိုင်ငံတော်သမ္မတထံ သံအမတ်ကြီးက ပေးအပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❀ ရှေ့ဖုံးမှ

ထိန်းသိမ်းထားနိုင်ပြီ ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား လူမျိုး/ဘာသာမခွဲခြားဘဲ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗြိတိန်အောက်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ဗြိတိန်ပါလီမန်မှ အဖွဲ့ဝင်ခြောက်ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

⁂ ရှေ့ဖုံးမှ

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကို (UNESCO) မှသတ်မှတ်ထားသော သတ်မှတ်ချက်များနှင့်ညီအောင် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလတွင် ယူနက်စကိုမှလာရောက် လေ့လာမည်ဖြစ်သည်။

"လောလောဆယ် အဓိကလုပ်ဆောင်နေတာကတော့ ယူနက်စကိုက သတ်မှတ်ချက်တွေနဲ့အညီ ပြည့်စုံအောင်လမ်းတွေ၊ နားနေဖို့နေရာတွေ၊ သွားရေးလာရေးလွယ်ကူစေဖို့ လမ်းညွှန်ဆိုင်းဘုတ်တွေ၊ လမ်းဆုံလမ်းခွ လမ်းညွှန်တွေနဲ့ လိုအပ်တဲ့ Facilitate တော်တော်များများ လုပ်ပြီးနေပါပြီ။ ၂၀၁၄ ဇွန်လဆို world index ဝင်မဝင်သိရမှာပါ" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က မြန်မာ့အလင်းသို့ ပြောသည်။

ဗိဿနိုးမြို့ဟောင်းကို ၁၉၅၈ မှ ၁၉၆၂ ထိတူးဖော်ရာတွင် ကုန်းပေါင်း ၂၅ ကုန်းတွေ့ရှိခဲ့ပြီး KKG ကုက္ကိုခွ ဟုသတ်မှတ်ခဲ့၍ ၁၉၉၅ မှ ၂၀၁၂ ထိ တူးဖော်ခဲ့သော ကုန်းပေါင်း ၃၈ ကုန်းကို BTO ဗိဿနိုးဟု သတ်မှတ်ကာ တူးဖော်တွေ့ရှိသော ကုန်းပေါင်း ၆၃ ကုန်းရှိသည်။ အမှတ် ၉ ကုန်းနှင့် အမှတ် ၁၁ ကုန်းများတွင် မီးနှစ်ကြိမ် လောင်ကျွမ်းထားသည့် လက္ခဏာများအဖြစ် မီးသွေးလွှာ နှစ်ထပ်တွေ့ရှိရသည်။ အဆိုပါ မီးသွေးလွှာများကို ၁၉၆၂ ခုနှစ်တွင် နိုင်ငံတကာ ရက်စွဲသတ်မှတ်ရေးအဖွဲ့၏ စမ်းသပ်စစ်ဆေးချက်အရ ကာဗွန်သက်တမ်းကာလမှာ နှစ်ပေါင်း ၁၉၅၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ဗိဿနိုး ပျူမြို့ဟောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကာလအတွင်းက တည်ရှိခဲ့ပြီး ပျူခေတ်စေတီများ၊ ဗိသုကာလက်ရာ မြောက် ဂူဘုရားများ၊ ဆင်းတုတော်၊ မြေဆီမီးခွက်၊ ကြေးဆီမီးခွက်နှင့် ဘုရားခြေတော်ရာ ၁၀၈ ကွက်တွင် ပါဝင်သော စက်လက္ခဏာပါ ပုံစံများကိုပါတွေ့ရှိရသဖြင့် အရှေ့တောင်အာရှဒေသအတွက် အရေးပါသော ပြောင်းလဲမှုဖြစ်သည့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ မြို့ပြတွေ့ရှိချက်များ ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးဦးခင်ဇော်၏ ပြောကြားချက်အရ သိရသည်။

တိုးတက်လာနိုင်

မြန်မာပြည်အလယ်ပိုင်းတွင် ထင်ထင်ရှားရှားတည်ရှိသော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ရှေးပျူမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပါက မြန်မာသာမက နိုင်ငံတကာမှ စိတ်ဝင်စားသော ဧည့်သည်များလာရောက်လေ့လာကြမည်ဖြစ်ရာ နိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရုံသာမက ဒေသထွက်လက်မှုလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ကာ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

ဗိဿနိုး ပျူမြို့ဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေများကို ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနယ်မြေတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်ဟူ၍ ဇုန်သုံးခုခွဲခြားကာ ထိန်းသိမ်းလျက်ရှိသည်။

သိရှိရ

လက်ရှိဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ နှစ်စဉ် နိုင်ငံခြားသား ဝင်ရောက်မှုမှာ ဆယ်ဂဏန်းခန့်သာရှိနေပြီး ပညာရှင်များနှင့် သုတေသနပြုလုပ်လိုသူ အများစုသာ လေ့လာကြခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာသတင်း

အမေရိကန်၌အစ္စရေးနှင့်ပါလက်စတိုင်းတို့ ဆွေးနွေးပွဲကျင်းပ

ဝါရှင်တန် ဇူလိုင် ၃၀

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက စတင်ကျင်းပကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အစ္စရေး တရားရေးဝန်ကြီး လီဗ်နီနှင့် ပါလက်စတိုင်းမှ ဆွေးနွေးညှိနှိုင်းရေး အကြီးအကဲ အီရီကတ်တို့က လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်သမ္မတ အိုဘားမားက အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ တိုက်ရိုက်ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်မှုကို ကြိုဆိုလိုက်ပြီး ယခုဆွေးနွေးပွဲ၌ ရှင်းလင်းတိကျသော ရလဒ်များ ထွက်ပေါ်အောင် ကြိုးစားပြကြရန် တိုက်တွန်းပြောကြားသည်။

ယင်းဆွေးနွေးပွဲတွင် အမေရိကန် အထူးကိုယ်စားလှယ်တစ်ဦးဖြစ်သူ အစ္စရေးဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း မာတင်အင်ဒက်က အစ္စရေးနှင့် ပါလက်စတိုင်းတို့နှစ်ဦးနှစ်ဖက်ဆွေးနွေးရာတွင် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အပေါ်တွင် နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် နည်းလမ်းကို ရွေးချယ်ဆွေးနွေးရန်လိုကြောင်း ပြောကြားသည်။

ပထမနေ့ ဆွေးနွေးကြပြီးနောက် ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့မှ အဆင့်မြင့် အရာရှိတစ်ဦးဖြစ်သည့် အက်ရှာဝီက အကြောင်းအရာနှင့် အချက်အလက်များ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိရေးမှာ အချိန်ကာလတစ်ခု လိုအပ်ကြောင်း၊ ကောင်းမွန်သည့် ရလဒ်အချို့ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

ထို့အတူ အစ္စရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လီဗ်နီကလည်း "ခက်ခဲနက်နဲသော ဆွေးနွေးမှုများဖြစ်ကြောင်း၊ သို့သော်နိုင်ငံတကာအသိုက်အဝန်း၊ အာရပ်ကမ္ဘာ၊ ပါလက်စတိုင်းနဲ့အစ္စရေးတို့အတွက် အလွန်စိတ်လှုပ်ရှားဖွယ်အချက်များ ပါဝင်ကြောင်း"ဖြင့် ပြောကြားသည်။

ယခုဆွေးနွေးပွဲမတိုင်မီ အစ္စရေးတို့က ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးကို ပြန်လည်လွှတ်ပေးရန် ဆုံးဖြတ်ခဲ့ပြီး အပြုသဘော တုံ့ပြန်မှုပြသခဲ့သည်။ **(ဘီဘီစီ)**

ပါကစ္စတန်တွင် အကျဉ်းထောင်ဖောက်မှုဖြစ်ပွား

ပက်ရှ်ဝါ ဇူလိုင် ၃၀

ပါကစ္စတန်နိုင်ငံတွင် တာလီဘန်သူပုန်များက ရဲများကဲ့သို့ အယောင်ဆောင်ပြီး အကျဉ်းထောင်တစ်ခုကို ဗုံးနှင့်လောင်ချာများ အသုံးပြုတိုက်ခိုက်ကာ ထောင်ဖောက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်ထောင်ဖောက်မှုတွင် အကျဉ်းသား ၂၅၀ လွတ်မြောက်ခဲ့သဖြင့် အစိုးရ၏ အကြမ်းဖက်နှိမ်နင်းရေး စွမ်းဆောင်နိုင်မှုအပေါ် ထိုးနှက်စရာဖြစ်နေကြောင်း ရိုက်တာသတင်းတွင် ဇူလိုင် ၃၀ ရက်က ဖော်ပြသည်။

ဥပဒေလက်လှမ်းမမီသော အာဖဂန်နစ္စတန် နယ်စပ်အနီးရှိ ခိုင်ဘာပတ်ခါတန်ခါဝါပြည်နယ်ရှိ ဒီရာအစ်စမေးမြို့တွင် ဇူလိုင် ၂၉ ရက် ညပိုင်းက ထောင်ဖောက်တိုက်ခိုက်မှုဖြစ်ပြီးပေါက်ကွဲသံများ၊ စက်သေနတ်ပစ်ခတ်သံများ တစ်မြို့လုံးဆူညံကာ ဇူလိုင် ၃၀ ရက် အရုဏ်ဦးအချိန်အထိ တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့သည်။

အာဖဂန်နစ္စတန်ရှိ အစ္စလာမ္မစ်စစ်သွေးကြွအုပ်စု၏ ပါကစ္စတန်အဖွဲ့ခွဲဖြစ်သော တာလီဘန်အုပ်စု အင်အားကြီးထွားလာမှုကို ယခုတိုက်ခိုက်မှုက ထင်ထင်ရှားရှားပြသနေကြောင်း၊ ထောင်ဖောက်မှုတွင် ထိပ်တန်းစစ်သွေးကြွခေါင်းဆောင် တစ်ဒါဇင်ကျော်လည်း လွတ်မြောက်သွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းနေ့ညက သူပုန်လက်နက်ကိုင်များက အကျဉ်းထောင်သို့ သွယ်တန်းထားသော ဓာတ်အားလိုင်းများကို အရင်ဆုံးဖောက်ခွဲပစ်သည်။ ပြီးနောက် ထောင်အပြင်နံရံကို ဖောက်ခွဲပစ်ပြီး ထောင်တွင်းစီးနင်း ဝင်ရောက်ကြသည်။

၎င်းတို့ အဝင်လမ်းကြောင်းတစ်လျှောက် ဗုံးကျည်၊ လောင်ချာများ၊ စက်သေနတ်များဖြင့် ဖောက်ခွဲပစ်ခတ်တိုက်ခိုက်နေရင်း အသံချဲ့စက်များဖြင့် တာလီဘန်အကျဉ်းသားများကို သီးသန့်ခေါ်ထုတ်သွားကြခြင်းဖြစ်သည်။ **(ရိုက်တာ)**

❑ သတင်းတို

✳ **ဗြိတိန်နိုင်ငံ** ဝန်ကြီးချုပ်ဟောင်း သံမဏိမယ်အဖြစ် တင်စားခံရသူ မာဂရက်သက်ချာ၏ နာရေးအခမ်းအနားစရိတ်သည် ပေါင် ၁၀ သန်းရှိမည်ဟု ခန့်မှန်းသော်လည်း ပေါင် ၁ ဒသမ ၂ သန်းသာ ကုန်ကျခဲ့သည်။ ဧပြီလအတွင်းက ပြုလုပ်ခဲ့သည့် မာဂရက်သက်ချာ၏ နာရေးအခမ်းအနားစရိတ်မှာ ခန့်မှန်းသည်ထက် နည်းပါးခဲ့သော်လည်း ဗြိတိန်နိုင်ငံသားအားလုံးကို နှစ်ပဲနိစီ ဝေမျှပေးနိုင်လောက်သော ငွေကြေးပမာဏနှင့် ညီမျှသည်။

✳ **အမေရိကန်နိုင်ငံ**တစ်ဝန်းတွင် အရွယ်မရောက်သေးဘဲ ပြည့်တန်ဆာအဖြစ် ခိုင်းစားနေရသူ ၁၀၅ ဦးကို တာဝန်ရှိသူများက ကူညီကယ်တင်ခဲ့ပြီး တရားမဝင် ဇိမ်ခေါင်းလုပ်စားနေကြသူ ၁၅၀ ကိုဖမ်းဆီးလိုက်ကြောင်း FBI က ပြောကြားသည်။ ဇိမ်မယ်အဖြစ်မှ လွတ်မြောက်အောင် ကူညီပေးလိုက်ရသူ မိန်းကလေးများမှာ အသက် ၁၃ နှစ် မှ ၁၇ နှစ်ကြားရှိပြီး အိမ်ပြေးဘဝမှ ဇိမ်မယ်အဖြစ်သို့ ခိုင်းစားခံရသည့် မိန်းကလေးက အများစုဖြစ်သည်။ **(ဆင်ဟွာ)**

နီပေါတွင်ကျားကောင်ရေ တိုးပွားလာ

ခတ္တမန္ဒူ ဇူလိုင် ၃၀

နီပေါနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှ စတင်ကာ ကျားကောင်ရေ ၆၃ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့ကြောင်း နီပေါအစိုးရ တာဝန်ရှိသူများ၏ ကွင်းဆင်းလေ့လာသုတေသန ပြုချက်တွင် ဖော်ပြထားကြောင်း ဇူလိုင် ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ကွင်းဆင်းသုတေသန ပြုချက်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီမှ ဇွန်လအထိ အိန္ဒိယနှင့် ကပ်လျက်ရှိသော နီပေါနယ်စပ်ဒေသ မိုင် ၆၀၀ ခန့် ဧရိယာအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ဘင်္ဂလားကျားမျိုးများဖြစ်ပြီး နီပေါအမျိုးသားဥယျာဉ်များအားလုံးတွင်လည်း အဆိုပါ ကျားမျိုးများအကောင်ရေ တိုးပွားလာခဲ့ခြင်းဖြစ်သည်။

ယင်း ကွင်းဆင်းသုတေသနပြုချက်အရ လာမည့် ၂၀၂၂ ခုနှစ်တွင် နီပေါ၌ ကျားအကောင်ရေ ယခုထက်နှစ်ဆတိုးမြင့်လာနိုင်ကြောင်း၊ သို့သော် တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် မူလသဘာဝနေထိုင်ကျက်စားမှုဝေလေ့ ပျောက်ဆုံးခြင်းတို့မှာ ကျားကောင်ရေ တိုးပွားမှုအတွက် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်ဟု ဆို၏။

နီပေါကွင်းဆင်းလေ့လာရေးအဖွဲ့များက တားမြစ်နယ်မြေငါးခုနှင့် သဘာဝနယ်မြေသုံးခုတို့တွင် သွားရောက် လေ့လာစစ်တမ်းကောက်ခဲ့ခြင်းဖြစ်သည်။ နီပေါတွင် ၂၀၀၉ ခုနှစ်က ကျားကောင်ရေ ၁၂၁ ကောင်မှ ယခုအခါ ၁၉၈ ကောင်အထိ တိုးပွားလာခဲ့သည်။ ဘာဒီရာ အမျိုးသားဥယျာဉ်တွင် ၂၀၀၉ ခုနှစ်က ကျားကောင်ရေ ၁၈ကောင်ရှိခဲ့ရာမှ ယခုအခါကျားကောင်ရေ၅၀အထိ တိုးပွားလာခဲ့သည်။ **(ဘီဘီစီ)**

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ ငါးဖမ်းရေယာဉ်များ မုန်တိုင်းခိုနိုင်သည့် နေရာများကြေညာ

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၂၄၀ ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၂၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်ဆီသို့ ဆက်လက်ရွေ့လျားပြီး မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

သို့ဖြစ်ပါ၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အချိန်မီ ခိုလှုံကြပါရန် အသိပေးကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(င) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(စ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)

(ဆ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ (မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄. ၄၀ မိနစ်)

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့် ကျွန်းများတွင် ကျွန်းခိုကြရန် ကြေညာအပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

❄ *ကျောဖုံးမှ*

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးဖမ်းရေယာဉ်ငယ်များအနေဖြင့် ကမ်းဝေးငါးဖမ်းခြင်းကို ရှောင်ရှားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

❄ *ကျောဖုံးမှ*

အင်တာနက်ကေဘယ်ဆက်ကြောင်း ချွတ်ယွင်းသွားမှုမှာ ဖျာပုံမြို့နှင့် နှစ်မိုင် တစ်ဖာလုံနှင့် နှစ်မိုင် ခြောက်ဖာလုံကြား ကုန်းတွင်းပိုင်းမြေအောက်မြှုပ်ထားသော ပါဝါကေဘယ်ကြိုးပေါက်ပြီး ပါဝါယိုစိမ့်မှုဖြစ်ပေါ်နေခြင်းကို ပါဝါကေဘယ်ကြိုး အရှည်မီတာ ၅၀၀ ဖြင့် အစားထိုးပြုပြင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအတွင်း အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်သွားပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

အင်တာနက် ကေဘယ်ဆက်ကြောင်း ချွတ်ယွင်းသွားမှုကို ဝန်ထမ်းများ အစားထိုးတပ်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့်အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြ၍ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများအတွက် Smart Generator နှင့် Copy Printer များကို မြန်မာ့ကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၇-၈-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း
ကျွန်တော်၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 12-13 7022 23/01/2013 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဦးဇော်ဇော်အောင် ဖုန်း-၀၉-၄၃၀၄၄၉၄၈

အမျိုးသမီးယာဉ်မောင်းတစ်ဦး အလိုရှိသည်
ဖုန်း-၀၉-၄၂၅၂၉၃၃၀၄

ပြည်တွင်းနှင့် နိုင်ငံတကာသတင်း

မော်စီကိုထောက်ခံဆန္ဒပြမှုများကို ဖမ်းမိန့်ပေး

အီဂျစ်ကြားဖြတ်သမ္မတ အက်ဒလေမန်ဆာက ယာယီဝန်ကြီးချုပ် ဟာဇမ် အယ်လ်-ဘီဘလာဝီအား စစ်တပ်က အရပ်သားများကို ဖမ်းဆီးရန် အမိန့်ပေးလိုက်ပြီဖြစ်သည်။ မန်ဆာ၏ အမိန့်ဒီဂရီကို ဇူလိုင် ၂၈ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ စစ်တပ်ကအကြီးအကျယ်ဖြိုခွင်းနေချိန် သမ္မတမော်စီကိုထောက်ခံသူများက ဆက်လက်တောင်းဆိုမှုများဖြင့် ဆန္ဒပြသွားမည်ဟုဆိုသည်။ ယင်းနေ့မှာပင် အီဂျစ်စစ်တပ်ကလည်း မော်စီကိုထောက်ခံသူများအား ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုမှုမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။ ထောင်ပေါင်းများစွာသော မော်စီကို ထောက်ခံသူများက မြို့တော်ကိုင်ရိုရှိ အီဂျစ်စစ်ဌာနချုပ်ဆီသို့ ဦးတည်ချီတက်၍ ဆန္ဒပြမှုများ ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျင်ငယ်ရေဖြင့် သွားသစ်ပေါက်နိုင်

လူ၏ ကျင်ငယ်ရေကို အသုံးပြုပြီးသွားပေါက်ကြီးထွားနှုန်းကို မြန်စေကြောင်းပညာရှင်များက လေ့လာတွေ့ရှိထားသည်။ ကျင်ငယ်ရေကို ပင်မဆဲလ်အရင်းအမြစ်အဖြစ် အသုံးချပြီး သွားများကို ကြီးထွားစေနိုင်ကြောင်း လီမင်ခဲ့ဆဲလ်သုတေသနဂျာနယ်တွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံမှ သုတေသနအဖွဲ့သည် ယင်းနည်းပညာကို အသုံးပြုပြီး ဆုံးရှုံးသွားသော သွားများကို အစားထိုးရန် အကောင်းဆုံးနည်းလမ်းတစ်ရပ်ရရှိရေး မျှော်လင့်ထားသည်။ သို့သော်လည်း ယင်းရည်မှန်းချက်မှာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အခြားသော ပင်မဆဲလ်သုတေသီများက သတိပေးထားသည်။

ကမ္ဘောဒီးယားရွေးကောက်ပွဲရလဒ် အတိုက်အခံပယ်ချ

ဇူလိုင် ၂၈ရက်ကကမ္ဘောဒီးယား ရွေးကောက်ပွဲရလဒ်အပေါ် အတိုက်အခံပါတီက ပယ်ချလိုက်ကြောင်း ဇူလိုင် ၂၉ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ပျောက်ဆုံးဆန္ဒမဲပေးသူများအမည်ကို အချို့သောသူများက ယင်းတို့၏ အမည်များအဖြစ် အသုံးပြုခဲ့ကြကြောင်း သတင်းများက ဖော်ပြသည်။ ရွေးကောက်ပွဲတွင် အာဏာရပါတီက အမတ်နေရာ ၆၈နေရာရပြီး အတိုက်အခံပါတီက ၅၅ နေရာ ရရှိခဲ့သည်ဟု သတင်းများက ဖော်ပြသည်။ သို့သော်လည်း ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီ (စီအင်န်အာရ်ပီ)က စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမဟုတ်၍ ရွေးကောက်ပွဲရလဒ်အပေါ် လက်မခံနိုင်ကြောင်း ဇူလိုင် ၂၉ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မြင့်မောင်စိုး-စုစည်းသည်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၁)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၃)မှ (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ရေဖြူတံတားတည်ဆောက်ရေး စီမံကိန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ (ဆင်တံဆိပ်)	၃၇၅ တန်
၂။	သံချောင်းရှယ်စုံ (MEC)	၁၁၀ တန်
၃။	မြစ်ကျောက်စရစ်	၃၇၅ ကျင်း
၄။	မြစ်သဲ	၁၈၀ ကျင်း
၅။	တောသစ်ရှယ်စုံ	၉၀ တန်

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၃ ရက်
တင်ဒါပုံစံ ရောင်းချမည့်နေရာ - (၁) အင်ဂျင်နီယာမှူးကြီးရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
(၂) လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ရုံး၊ ရေဖြူတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ ရေဖြူမြို့။
နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၁၅-၈-၂၀၁၃ ရက်၊ မွန်းတည့် ၁၂ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၃ ရက် မွန်းလွဲ ၁၃ နာရီ
တင်ဒါဖွင့်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၅၉-၂၃၅၇၀၊ ၀၅၉-၂၁၁၁၄၊ ၀၉-၄၂၀၁၅၉၅၄၃

တင်ဒါစိစစ်ရေးကော်မတီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပြည်ပရောက် မြန်မာအလုပ်သမားများ ဖမ်းဆီးအရေးယူခြင်း မခံရအောင်

မလေးရှားနိုင်ငံတွင် အကျဉ်းကျနေသည့် မြန်မာနိုင်ငံသား ၄၀၀၀ ကျော် နေရပ်ပြန်ခေါ်မည်ဟု သတင်းဂျာနယ်တစ်စောင်တွင် ဖတ်ရသည်။ ယင်းသို့ အကျဉ်းကျခံနေရသူများမှာ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် နယ်စပ်မှအောက်လမ်းဖြင့် တရားမဝင် သွားရောက်သဖြင့် အဖမ်းခံရသူများနှင့် ပတ်စ်ပို့ ဗီဇာသက်တမ်းကုန်ဆုံးသဖြင့် အဖမ်းခံရသည့် အလုပ်သမားများဖြစ်သည်ဟုဆိုသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထိုင်းနိုင်ငံတွင် အကျဉ်းကျခံနေရသည့် မြန်မာအလုပ်သမား သောင်းဂဏန်းအထိရှိကြောင်း ဖော်ပြချက်အရ ပြည်ပရောက်ဖမ်းဆီးခံရသည့် မြန်မာအလုပ်သမားဦးရေ မနည်းဟု ဆိုရမည်။ ဖမ်းဆီးခံရသည့် ဦးရေအနေနှင့် ထိုင်းနိုင်ငံပြီးပါက မလေးရှားနိုင်ငံသည် ဒုတိယအများဆုံးဖြစ်သည်။

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများကို မေလကုန်ပိုင်းက အကြမ်းဖက်ခံရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရက ဒုတိယဝန်ကြီးအဆင့် နှစ်ဦး မလေးရှားနိုင်ငံသို့သွားရောက်၍ အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်စေခဲ့ရာ ဖမ်းဆီးခံထားရသည့် အလုပ်သမားများအနက် ၁၆၀ နှင့်သွားရောက်တွေ့ဆုံခဲ့သည်။ ဖမ်းဆီးခံအလုပ်သမားများကို နှစ်ပတ်အတွင်း ရုံးတင်စစ်ဆေး၍ ဆက်လက်လုပ်ကိုင်လိုသူများကို ခွင့်ပြုရေးလည်း နှစ်နိုင်ငံညှိနှိုင်းခဲ့သည်။ လက်ရှိမလေးရှားနိုင်ငံတွင် အကျဉ်းကျခံရသော မြန်မာအလုပ်သမား ၄၀၀၀ကျော် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သည့် သီတဂူအထောက်အကူပြုအဖွဲ့(မလေးရှား)နှင့် ကမ္ဘောဇဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆရာတော်၏ ဦးဆောင်မှုဖြင့် ဖမ်းဆီးခံ မြန်မာအလုပ်သမား ၄၀၀၀ ကျော်အနက် ၁၇၀ ကျော်သည် ဇူလိုင် ၁၆ ရက်က မြန်မာလေကြောင်း (MAI) စင်းလုံးငှား လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဆရာတော်၏ စေတနာ၊ မေတ္တာကို ဦးထိပ်ပန်ဆင် ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ **အဆိုပါဖမ်းဆီးခံရသည့် အလုပ်သမားများမှာ ပြည်ပနိုင်ငံတွင် ဖြစ်ခြင်း၊ မိဝေးဖဝေးနှင့် ၎င်းတို့၏ရှေ့မှ ရပ်တည်ဆောင်ရွက်ပေးမည့်သူ မရှိခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း၊ ယင်းနိုင်ငံဥပဒေများကို နားလည်ရန်ခက်ခဲ၍ ခုခံကာကွယ်ပိုင်ခွင့်ရရှိရန် အခွင့်အရေး နည်းပါးခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရပေမည်။** သို့ဆိုလျှင် မိမိတို့နိုင်ငံသား မြန်မာအလုပ်သမားများ ဖမ်းဆီးခံရခြင်းမှ လွတ်ကင်းအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သက်ဆိုင်သူများအနေနှင့် ရှာကြံရမည်ဖြစ်သည်။ စာရေးသူအနေနှင့် ယင်းနည်းလမ်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှု၊ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင်အေဂျင်စီများ၏ တာဝန်ယူမှု၊ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ မိမိတို့လုပ်ကိုင်ရမည့် လုပ်ငန်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန် လိုအပ်မှုများသည် အဓိကအချက်များဖြစ်ကြောင်း တင်ပြလိုပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှု

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပသို့ မြန်မာနိုင်ငံသားအလုပ်သမားစေလွှတ်ခွင့်ပြုထားသည့် ပြည်ပအလုပ်အကိုင် အေဂျင်စီ ၁၆၁ခု ရှိသည်ဟု မှတ်သားရသည်။ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရမှု ဂယက်ကြောင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၏ မလေးရှားနိုင်ငံသို့ အလုပ်သမား ဆက်လက်စေလွှတ်ခွင့်ပြုရေးကိုလည်း ယင်းဝန်ကြီးဌာနက စိစစ်လျက်ရှိသည်။ ယင်းသို့ စိစစ်ဆဲကာလတွင်ပင် အေဂျင်စီ ၄၀ ကျော်က မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားများ ဆက်လက်စေလွှတ်ခွင့်ပြုရေး တင်ပြလျက်ရှိကြောင်းလည်း သိရသည်။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်အေဂျင်စီများမှ အလုပ်ခေါ်စာ (Demand Letter) တင်ပြသည့်အခါ ယင်းအလုပ်ခေါ်စာ မှန်ကန်မှု ရှိ၊ မရှိ ခေါ်ယူသည့်အလုပ်ဌာန၏ ခိုင်မာမှု၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်လုံခြုံစိတ်ချရမှု စသည့်အချက်များကို မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာမြန်မာသံရုံးမှဖြစ်စေ၊ အလုပ်သမားသံအရာရှိ (Labour Attache) မှဖြစ်စေ စုံစမ်းပြီး အတည်ပြုချက်ရမှသာ ပြည်ပသို့ အလုပ်သမားစေလွှတ်ရန် ခွင့်ပြုသင့်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သော လုပ်ငန်းခေါ်ယူမှုများ ဖြစ်လာမည့်အပြင် အလုပ်သမားများ၏ အာမခံချက်များလည်း ပိုမိုခိုင်မာလာမည်ဖြစ်၍ အလုပ်သမားများ၏ အကျိုးအတွက် အကာအကွယ်ပြုရာလည်း ရောက်မည်ဖြစ်သည်။

ပြည်ပအလုပ်အကိုင်အေဂျင်စီများ၏ တာဝန်ယူမှု

အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက ပြည်ပသို့ အလုပ်သမားများ စေလွှတ်နိုင်ရေး စိစစ်ခွင့်ပြုနေသကဲ့သို့ ပြည်ပအလုပ်အကိုင် အေဂျင်စီများအနေဖြင့်လည်း ဥပဒေနှင့်အညီ စည်းကမ်းနည်းလမ်းတကျ စေလွှတ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်သည်။ ၂၅-၆-၂၀၁၃တွင် မြန်မာ့အလင်းသတင်းစာ၌ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ဆောင်းပါးတွင် တရားဝင်အေဂျင်စီများအနေနှင့် မလေးရှားနိုင်ငံသို့ တရားမဝင်နည်းလမ်းမျိုးစုံဖြင့် ပို့ဆောင်မှုများရှိ၍ အရေးယူသင့်ကြောင်း ရေးသားထားသည်။ ပြည်ပအလုပ်အကိုင်အေဂျင်စီများသည် မိမိတို့စေလွှတ်သော အလုပ်သမားများထံမှ ဝန်ဆောင်စရိတ် အပြည့်အဝရယူထားပြီးဖြစ်၍ ၎င်းအလုပ်သမားများနှင့်ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမားစာချုပ်(Employment Contract)ပါ အချက်များအတိုင်း အကျိုးခံစားခွင့်ရရှိရေး၊ နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးတို့အတွက် အလုပ်သမား၏ အလုပ်အကိုင်စာချုပ်သက်တမ်း ပြည့်သည်အထိ မျက်ခြည်မပြတ် ကြည့်ရှုတာဝန်ယူသင့်သည်။

မလေးရှားနိုင်ငံသို့ အလုပ်သမားများ စေလွှတ်ရာတွင် အေဂျင်စီများက တာဝန်ယူရမည့် အောက်ပါအချက် (၉)ချက်ကို မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခဲ့ကြောင်း ဖတ်ရှုရသည်-

- **အလုပ်ခေါ်စာ (Demand Letter) မှန်ကန်ရန်။**
- **စက်ရုံအမည်နှင့်လိပ်စာမှန်ကန်ရန်။**
- **စက်ရုံသည် အေးချမ်းသော ဒေသ၌ရှိရန်။**
- **မြန်မာများ အန္တရာယ်ကင်းသည့်နေရာဖြစ်ရန်။**
- **လစာနှင့်ခံစားခွင့် တင်ပြသည့်အတိုင်းရရန်။**
- **မလေးရှားနိုင်ငံ ဥပဒေအတိုင်း အကျိုးခံစားခွင့်ရရန်။**
- **ထိခိုက်၊သေဆုံးပါက နစ်နာကြေး၊ လျော်ကြေးရရန်။**
- **အလုပ်သက်တမ်း ကုန်ဆုံးပါက အပြန်လေယာဉ်လက်မှတ် ကျခံရန်။**
- **အလုပ်သမားပြဿနာဖြစ်ပါက စေလွှတ်သည့်အေဂျင်စီက တာဝန်ယူကျခံရန်။**

အထက်ပါအချက်များသည် မလေးရှားနိုင်ငံအတွက်သာမက ပြည်ပရောက် မြန်မာအလုပ်သမားများ၏ အကျိုးကို အကာအကွယ်ပြုနိုင်ရန်အတွက် ပြည်ပအလုပ်အကိုင်အေဂျင်စီများက တာဝန်ယူသင့်သော အချက်များဖြစ်ပါသည်။

သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ရေး

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်သော အလုပ်သမားအများစုသည် မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ကျေးလက်တောရွာများအရောက် အလုပ်သမားပွဲစားများက သွားရောက်ခေါ်ယူစုဆောင်းခဲ့သော အလုပ်သမားများဖြစ်သည်။ ယင်းသို့ခေါ်ယူစုဆောင်းရရှိသည့် အလုပ်သမားအများစုသည် ပညာအခြေခံနှင့် ပြည်ပဗဟုသုတအတွေ့အကြုံနည်းပါးသည့် သူများလည်း ဖြစ်သည်။ အချို့ မျက်နှာလွှဲခဲပစ်လုပ်တတ်သည့် အေဂျင်စီများကြောင့် ပြည်ပတိုင်းပြည်များတွင် အလုပ်လုပ်ရသည့်အခါ မဖြစ်သင့်သော အတိဒုက္ခ ရောက်ရမှုများကိုလည်း သတင်းစာနှင့်ဂျာနယ်များတွင် တွေ့နေရသည်။ ထို့ကြောင့် ၎င်းအလုပ်သမားများကို ပြည်ပသို့မစေလွှတ်မီ သွားရောက်လုပ်ကိုင်ရမည့် အလုပ်အကိုင်နှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင် အေဂျင်စီများက ပွင့်လင်းမြင်သာစွာ ရှင်းပြသင့်သည်။ ယင်းသို့ ရှင်းပြရာတွင် သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေ၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် ဆောင်ရန် ရှောင်ရန်များကို မှာကြားသင့်သည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမား ဦးရေ ၃ ဒသမ ၄ သန်းကျော်ရှိသည်။ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်နှင့် ယူအေအီးနိုင်ငံများတွင် အများဆုံးသွားရောက်လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံတွင် ၂ ဒသမ ၄ သန်း၊ မလေးရှားနိုင်ငံ၌ ငါးသိန်းခန့်နှင့် စင်ကာပူ၌ ၂ ဒသမ ၂ သိန်းခန့်ရှိကြောင်း (International Management Group)မှ ထုတ်ပြန်ထားသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများ ၎င်းတို့၏ မိသားစုများထံ နှစ်စဉ်ပြန်လည်ပေးပို့ငွေသည် ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရှိသည်။ ယင်းငွေပမာဏသည် မြန်မာနိုင်ငံတွင် ကျန်ရစ်ခဲ့သည့် မိသားစုများအတွက် စီးပွားရေးအထောက်အပံ့တစ်ခုလည်း ဖြစ်သည်။ သို့ဖြစ်၍ မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများတွင် ဖမ်းဆီးခံရခြင်းမရှိဘဲ ဥပဒေအရ အကာအကွယ်ရရှိပြီး စိတ်အေးချမ်းသာစွာဖြင့် အလုပ်လုပ်ကိုင်နိုင်ရေးသည် သက်ဆိုင်ရာအလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင်အေဂျင်စီများ၏ တာဝန်ယူမှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ စိစစ်မှု၊ ကြီးကြပ်လမ်းညွှန်မှု၊ ပံ့ပိုးမှုများဖြင့်သာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းတင်ပြရပါသည်။ ။

ကိုကိုအောင်(အလုပ်သမား)

မိုးအဆက်မပြတ် ရွာသွန်းသဖြင့် မိုင်းဆတ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

မိုင်းဆတ် ဇူလိုင် ၃၀

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်တွင် ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီခန့်က စတင်ပြီး မိုးအဆက်အပြတ်ရွာသွန်းသဖြင့် မြေနိမ့်ပိုင်းနေရာများဖြစ်သည့် မယ်ဆွမ်မြောက်ရပ်ကွက်၌ လူနေအိမ်ခြေ ၂၀၊ ဟိုနားကျေးရွာအုပ်စု ဟိုနားကျေးရွာ၌ လူနေအိမ်နှစ်လုံးနှင့် ဈေးဆိုင်တစ်ဆိုင်တို့အတွင်းသို့ ရေများ အမြင့် နှစ်ပေခန့် ဝင်ရောက်ခဲ့သည်။ **(ယာပုံ)**

ပံ့ပိုးကူညီ

အဆိုပါ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့် နေရာများသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့ဦးဆောင်ပြီး တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး စားသောက်ဖွယ်ရာများနှင့် လိုအပ်သည်များ ပံ့ပိုးကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

မိုင်းဆတ်မြို့၌ မိုးရာသီတွင် မိုးအဆက်မပြတ်ရွာသွန်းပါက နှစ်စဉ် ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ရလေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ဝေယံလင်း(မိုင်းဆတ်)

လွှတ်တော်ရေးရာကဏ္ဍ

■ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ

ယင်းပူးပေါင်းကော်မတီကို ကိုယ်စားလှယ်အဖွဲ့ဝင် (၂၀) ဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ အတွင်းရေးမှူးအဖြစ် ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်နှင့်အဖွဲ့ဝင်များအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၊ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးမောင်ဦး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

အဆိုပါ ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက "အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံဆိုတာ နှစ်စဉ်ကျင်းပပါတယ်၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်ကလည်း ပြည်ထောင်စုလွှတ်တော် နာယကကြီးနဲ့အတူ ကျွန်တော်ကမ္ဘောဒီးယားနိုင်ငံမှာ သွားပြီးတော့ အာဆီယံပါလီမန်ညီလာခံများအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်၊ ဒီကော်မတီဖွဲ့စည်းရခြင်းကတော့ နှစ်စဉ်လည်း ဒီအာဆီယံမှာရှိတဲ့ ပါလီမန်တွေရဲ့အစည်းအဝေး တစ်နှစ်တစ်ကြိမ်လုပ်တယ်၊ နောက်တစ်ခုကတော့ အရှေ့တီမောအပါအဝင် အာဆီယံနိုင်ငံ (၁၁)နိုင်ငံ ပါလီမန်တွေဟာ အချင်းချင်း ရင်းရင်းနှီးနှီး ဆက်သွယ်ညှိနှိုင်းမှုတွေရှိတယ်၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်၊ ဒါတွေကို မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စား ဆောင်ရွက်နိုင်ဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဒီပူးပေါင်းကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်တယ်လို့ နားလည်ထားပါတယ်"ဟု ပြောပြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီကလည်း အာဆီယံနိုင်ငံ လွှတ်တော်များရဲ့အစည်းအရုံးဖွဲ့ထားတာကြာပါပြီ၊ မြန်မာနိုင်ငံကလည်း လွှတ်တော်ဖြစ်ပြီးတဲ့အချိန်ကစပြီး ပါခဲ့တာပါ၊ ပြည်သူ့လွှတ်တော်က(၁၀)ဦး၊ အမျိုးသားလွှတ်တော်က(၁၀)ဦးနဲ့ဖွဲ့လိုက်တဲ့ လူ(၂၀)ပါတဲ့ပူးပေါင်းကော်မတီဖြစ်ပါတယ်၊ ဆိုလိုတာက AIPA က အမြဲတမ်းလုပ်နေရမယ့်ကိစ္စဖြစ်ပါတယ်၊ AIPA ကို တစ်နှစ်(၂)ကြိမ် ကျင်းပလေ့ရှိပါတယ်၊ နှစ်ပတ်လည်အစည်းအဝေးကို ဥက္ကဋ္ဌတာဝန်ယူတဲ့နိုင်ငံက တာဝန်ယူရပါတယ်၊ ဒီနှစ်မှာ ဘရူနိုင်းကတာဝန်ယူပါလိမ့်မယ်၊ နောက်တစ်ခုကလည်း နှစ်ဝက် အစည်းအဝေးဆိုတာရှိပါတယ်၊ ဒီအစည်းအဝေးက အတွင်းရေးမှူးရှိတဲ့နိုင်ငံတွေမှာ လုပ်တာများပါတယ်၊ ပြီးခဲ့တဲ့ (၂၇)ကြိမ်မြောက် AIPA နှစ်ပတ်လည်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံမှာ သွားပြီးတက်ရောက်ခဲ့ပါတယ်၊ ပြီးခဲ့တဲ့ နှစ်ဝက်အစည်းအဝေးကိုလည်း ဗီယက်နမ်မှာ ကျင်းပခဲ့ပြီး အဖွဲ့ခေါင်းဆောင်အနေနဲ့ သွားတက်ခဲ့ပါတယ်၊ ဒါ့ကြောင့် ၎င်းတို့ရဲ့သဘောတရားကိုနားလည်တာကြောင့် ကျွန်တော့်ကို ပူးပေါင်းကော်မတီမှာဒုတိယဥက္ကဋ္ဌအနေနဲ့ပေးခဲ့တာလို့ ယုံကြည်ပါတယ်၊ IPU မှာကျတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လွှတ်တော်အားလုံး ပူးပေါင်းအဖွဲ့ဖြစ်ပါတယ်၊ အာဆီယံသာမကတော့ဘူး IPU နဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်၊ IPU မှာလည်း အဲဒီလိုဖွဲ့ခြင်းဖြစ်ပါတယ်၊ IPU မှာ ဦးလှမြင့်ဦးဆိုတာ အငြိမ်းစား သံအမတ်ကြီးဖြစ်ပြီး အင်မတန်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ကိုဥက္ကဋ္ဌပေးပြီး အမျိုးသားလွှတ်တော်ဘက်က ဒေါက်တာမြဦးကို ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားတဲ့အတွက် သင့်တော်တဲ့ပုဂ္ဂိုလ်တွေကို တာဝန်ပေးထားတယ်လို့ ယုံကြည်ပါတယ်။

အဓိကကတော့ နိုင်ငံတကာဆက်ဆံရေးမှာ G to G လို့ခေါ်တဲ့ အစိုးရအချင်းချင်းဆက်ဆံတာရှိသလို လွှတ်တော်အချင်းချင်း ဆက်ဆံတာရှိပါတယ်၊ လွှတ်တော်ချင်း ဆက်ဆံတာကအရေးကြီးပါတယ်၊ ဘာကြောင့်အရေးကြီးသလဲဆိုတော့ လွှတ်တော်တွေက ဥပဒေပြုတာဖြစ်ပါတယ်၊ နိုင်ငံတွေမှာလုပ်သင့်လုပ်ထိုက်တဲ့ ခေါင်းစဉ်တွေ၊ လွှတ်တော်တွေက AIPA တို့၊ IPU တို့က စဉ်းစားဆုံးဖြတ်တာဖြစ်ပါတယ်၊ အဲဒီဆုံးဖြတ်ချက်တွေကို သက်ဆိုင်ရာလွှတ်တော်တွေက အကောင်အထည်ဖော်တဲ့အနေနဲ့ ဥပဒေတွေပြဋ္ဌာန်းတယ်၊ အဲဒီဥပဒေဖြစ်လာရင် သက်ဆိုင်ရာ အစိုးရကလိုက်လုပ်ရပါတယ်၊ အစိုးရဆောင်ရွက်နိုင်ဖို့ လွှတ်တော်တွေက တွန်းအားပေးတဲ့အနေနဲ့၊ ကူညီပံ့ပိုးပေးတဲ့အနေနဲ့၊ ထောက်ပံ့တဲ့အနေနဲ့ ဥပဒေပြုပေးရတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် သိပ်အရေးကြီးတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်"ဟု ၎င်းအမြင်ကို ပြောပြသည်။

ထို့နောက် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union)က ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုပါပူးပေါင်းကော်မတီကို ကိုယ်စားလှယ်အဖွဲ့ဝင်(၂၀)ဖြင့်ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးနှင့် အဖွဲ့ဝင်များအဖြစ် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နော်မေရီယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူတွေကြားကိုသွား၊ ပြည်သူ့အသံကိုရယူပြီး ပြည်သူ့ဆန္ဒကိုဖော်ထုတ်ခဲ့ လွှတ်တော်ရဲ့ဆောင်ရွက်ချက်ကိုမူတည်ပြီး ပြည်သူတွေပိုပြီးအာရုံစိုက်လာ

အမေး/အရေး-မြတ်မွန်ထွေး
ဓာတ်ပုံ-ရွှေကိုကိုလေး

နေပြည်တော် ဇူလိုင် ၃၀

ဒီမိုကရေစီနိုင်ငံတော်၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့အနက် လွှတ်တော်သည် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းကာ ဥပဒေပြုရေးအာဏာကို စွဲကိုင်ကျင့်သုံးဆောင်ရွက်ရာတွင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတို့ကို ထင်ဟပ်ဖော်ဆောင်လျက်ရှိသည်။ ယခုအခါ ပထမအကြိမ်လွှတ်တော်သက်တမ်းထက်ဝက်သို့ ရောက်ရှိလာပြီဖြစ်ပြီး လွှတ်တော်၏ သရုပ်သဏ္ဌာန်မှာ ပီပြင်သထက် ပီပြင်လာနေပေပြီ။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူသော လွှတ်တော်သုံးရပ်တို့ ပထမသက်တမ်းထက်ဝက်သို့ ရောက်ရှိလာသည်နှင့်အမျှ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရနေသည်မှာ မျက်မြင်အခြေအနေပင်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၅) အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ယူထားသော ပြည်ထောင်စုလွှတ်တော်နာယကနေရာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှဲပြောင်းတာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ပြီးခဲ့သည့် လပေါင်း ၃၀ ကာလအတွင်း လျှောက်လှမ်းခဲ့ရသော လွှတ်တော်၏ အခန်းကဏ္ဍ၊ အောင်မြင်မှု၊ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တို့ကို လွှတ်တော်ကိုယ်စားလှယ်အချို့အား မေးမြန်းကြည့်ခဲ့ရာ

ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)

အစောပိုင်းမှာ လွှတ်တော်ဆိုတာ ပြည်သူတွေနဲ့တက်ရောက်မယ့် ကိုယ်စားလှယ်တွေကအစ စိမ်းနေသေးသလို ဥက္ကဋ္ဌတွေအပါအဝင် လွှတ်တော်အကြီးအကဲတွေကိုယ်တိုင် ဘယ်လိုပီပီပြင်ပြင်ပြည်သူ့ရှေ့မှာ ရပ်တည်ရမလဲဆိုတဲ့ အတွေးနဲ့အတူ အားခဲလုပ်ဆောင်ခဲ့ကြရတာပါ။ လွှတ်တော်ကနေ ပထမဆုံးသမ္မတကြီးအပါအဝင် အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေကြားကိုသွား၊ ပြည်သူ့အသံကိုရယူပြီး ပြည်သူ့ဆန္ဒကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့တာတွေ့ရမှာပါ။ ခုဆိုရင် လွှတ်တော်ရဲ့ဆောင်ရွက်ချက်ကို မူတည်ပြီး ပြည်သူတွေပိုပြီး အာရုံစူးစိုက်လာ၊ နိုင်ငံရေးကို ပိုပြီးအလေးထား အားကောင်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်သူတွေကြားသွားရောက်ပြီး ဆောင်ရွက်ခဲ့တာတွေ၊ ဥပမာ လယ်ယာမြေ မှားယွင်းသိမ်းထားမှုတွေ၊ ဥပဒေနဲ့မညီညွတ်မှုတွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကလွှတ်တော်အနေနဲ့ တစ်နေ့တခြား တိုးတက်လာမှုတွေပါ။ ဒီလိုဦးတည်ပြီး ရှေ့ဆက်သွားမယ်ဆိုရင် မြန်မာနိုင်ငံဒီမိုကရေစီဟာ ပိုပြီးပီပြင်၊ နိုးကြား၊ တက်ကြွပွင့်လင်းပြီး ပြည်သူတွေအားထားရတဲ့ အစိုးရအဆက်ဆက်ကို လွှတ်တော်က ဖန်တီးပေးသွားနိုင်မှာ ဖြစ်ပါတယ်။

ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)

ဦးဌေးဦး(ဟသ္သာတမဲဆန္ဒနယ်)

ဦးဌေးဦး(ဟသ္သာတမဲဆန္ဒနယ်)

ပြောင်းလဲလာတဲ့ နိုင်ငံရေးအခင်းအကျင်းထဲမှာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် လွှတ်တော်ပါရှိရပါမယ်။ နိုင်ငံတော်ရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သုံးခုခွဲထားတာမှာ လွှတ်တော်က ဥပဒေပြုရေး အခန်းကဏ္ဍဘက်က တာဝန်ယူရတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ဥပဒေနဲ့ မနီးစပ်ကြတာကြောင့် ဥပဒေတွေ လေ့လာရတယ်။ ကျွမ်းကျင်သူတွေနဲ့ဆွေးနွေးအကြံယူရပါတယ်။ ပြီးမှ လွှတ်တော်မှာတင်ပြ၊ ပြင်ဆင်၊ အသစ်ဆွဲတာတွေ လုပ်ကြရတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားလို့ ဒေသလိုအပ်ချက်တွေကိုလည်း ပြောပြတင်ပြပေးဖို့ တာဝန်ကလည်း ရှိပါသေးတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေများတယ်။ ဒေသအလိုက်လိုအပ်ချက်တွေများတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဥပဒေပြုရေးနဲ့ပတ်သက်ပြီး ထိုက်သင့်သလောက် လုပ်နိုင်ခဲ့ပါတယ်။

ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)

လွှတ်တော်ဆိုတာ မွေးလာကတည်းက ခုပထမဆုံးအကြိမ်တွေ့ရတာပါ။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတာနဲ့ ကိုယ့်တာဝန်ဘာလဲဆိုတာ ဂရုစိုက်မှတ်သားလုပ်ဆောင်ရပါတယ်။ မေးခွန်းမေးတာ၊ အဆိုတင်သွင်းတာ၊ ဥပဒေပြုတာ၊ ကော်မတီဖွဲ့စည်းပြီး တာဝန်ထမ်းဆောင်တာတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေလုပ်ရမယ့် လုပ်ငန်းလေးချက်ဖြစ်ပါတယ်။ ပြည်သူကိုဗဟိုပြုပြီး၊ ပြည်သူ့အသံနားထောင်ပြီး ဆောင်ရွက်နေကြတာဖြစ်လို့ ခုဆိုရင် လွှတ်တော်ရဲ့ အသွင်သဏ္ဌာန်ရောအနှစ်သာရပါ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာပါပြီ။ ပြီးခဲ့တဲ့ နှစ်နှစ်ခွဲတာကာလအတွင်း အရှိန်ရလာနေပါပြီ။ ခုဆို လ ၃၀ ပြည့်လို့ နာယကပြောင်းပါတော့မယ်။ ပြီးခဲ့တဲ့နာယကကြီးက တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သလို နောက်နာယကကြီးကလည်း အရှိန်ရလာပြီဖြစ်လို့ ပိုပြီးတာဝန်ကျေစွာ ထမ်းဆောင်နိုင်မယ်ထင်ပါတယ်။

မြန်မာ-အမေရိကန် ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၀

အမေရိကန်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အထွေထွေအကြံပေးရုံးမှ အဆင့်မြင့် အကြံပေးပုဂ္ဂိုလ် Ms. Marianne G. McManus နှင့် အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဥပဒေရေးရာ ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အသိဉာဏ်ပစ္စည်း ဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်းပြီး ဖြစ်ပေါ်နေမှုအခြေအနေ၊ စိန်ခေါ်မှုများအပေါ် သိရှိလိုပါကြောင်း မေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်မှာ မကြာသေးမီကပြဋ္ဌာန်းထားခြင်းဖြစ်၍ စောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲပြီးစီးနေပြီဖြစ်၍ လွှတ်တော်၌ အတည်ပြုရန်သာ ကျန်ရှိနေခြင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိ ၅၅ ဦး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ရေး ဒါရိုက်တာ ဦးအောင်ကိုမြင့် ဦးဆောင်သော မိတ်ဖက်မသန်စွမ်းအဖွဲ့အစည်း ရှစ်ဖွဲ့မှ အဖွဲ့ဝင် ၁၆ ဦး၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်

လွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၈၆ ဦး၊ သာယာဝတီခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၂၇ ဦးနှင့် နေပြည်တော် လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၂၈ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပနေပုံများကို ယနေ့လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၀-၇-၂၀၁၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေဆက်လက်အားကောင်းနေမည်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.John Bercow ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီတွင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. John Bercow ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဌေးဦး၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဦးဉာဏ်ဆွေဝင်း၊ ဒေါ်နန်းဝါနု၊ ဒေါ်ခင်စောဝေ၊ ဒေါ်နန်းစေအွာ၊ ဒေါ်မိယဉ်ချမ်းနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ထမင်းစားခန်းမဆောင်ကြီး၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နေ့လယ်စာ စားပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။ ၎င်းနောက် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပန်းခြင်းပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ရင်းရင်းနီးနီး နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. John Bercow အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ ရင်းရင်းနီးနီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ (၈၆) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel Xiong Shaowei နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ (၈၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၏ (၈၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ တိုင်းမှူးနှင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးပို့သော အထိမ်းအမှတ်ပန်းခြင်းကို ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel Xiong Shaowei ထံပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဇနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၈၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျဉ်းမနားမြို့နယ် ဇေယျာရာမသီလရှင်စာသင်တိုက်သို့ သီလရှင်ဝတ်စုံ၊ ဆွမ်းဆန်၊ ဆီ၊ ပဲ၊ စာရေးကိရိယာနှင့် ဝတ္ထုငွေများလှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇေယျာရာမသီလရှင်စာသင်တိုက်တွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ပူးပေါင်း၍ ဝါဆိုဦး အလှူအဖြစ် ဇေယျာရာမသီလရှင်ကျောင်းတိုက်ရှိ သီလရှင် ၄၂ ပါးအား သီလရှင်ဝတ်စုံ၊ ဆွမ်းဆန်၊ ဆီ၊ ပဲ၊ စာရေးကိရိယာ၊ ဝတ္ထုငွေနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မိုး၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

လမ်းညွှန်မှာကြား

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သားဖွားခန်းသို့ သွားရောက်ပြီး ကိုယ်ဝန်ဆောင် မိခင်များအား အိုင်အိုဒင်းဆား၊ တစ်ခါသုံးမွေးထုတ်၊ ကြက်ဥ၊ ပဲနို့ဘူး၊ အားဆေးနှင့် အနှီးပိတ်များ ထောက်ပံ့ပေးအပ်၍ **(ယာပုံ)** သားဖွားခန်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်ရှိ အသင်းပိုင်မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား ပဲနို့ဘူး၊ ဘီစကွတ်မုန့်နှင့် ပေါင်မုန့်များ ကျွေးမွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာရှင်အဖွဲ့နှင့် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ကြိုတင်စစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းပါဝင်နိုင်ရေးအတွက် ပျူမြို့ဟောင်းများ ကြီးကြပ်ရေးကော်မတီ (Steering Committee) အဖွဲ့ဝင်များ၊ ကမ္ဘာ့အမွေအနှစ်တင်သွင်းခြင်းလုပ်ငန်း ပညာရှင်အဖွဲ့ (Expert Team) ဝင် ပညာရှင်များ၊ ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ(PYU COM) အဖွဲ့ဝင်များသည် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁ ရက်အထိ ပျူရှေးဟောင်း ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများသို့ UNESCO ၏စံနှုန်းများနှင့် ကိုက်ညီခြင်းရှိ/မရှိ ကြိုတင်စစ်ဆေးရေး သွားရောက်ခဲ့ကြသည်။

ပျူမြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ် ဗဟိုအဖွဲ့နှင့် အကြံပေးအဖွဲ့ ICOMOS စစ်ဆေးရေးအဖွဲ့က ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း လာရောက်စစ်ဆေးမည်ဖြစ်ရာ ယင်းအဖွဲ့ မလာရောက်မီ ပျူမြို့ဟောင်းသုံးမြို့၌ သုတေသနလုပ်ငန်းများ၊ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပြတိုက်ခင်းကျင်းပြသရေးလုပ်ငန်းများကို UNESCO မှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/ မရှိ ၊ ဒေသခံပြည်သူများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးကို အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သတ်မှတ်ထားသောဇုန်နယ်နိမိတ်ဧရိယာအတွင်း ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ စနစ်တကျ လိုက်နာမှုရှိခြင်းတို့ကို ကွင်းဆင်းစစ်ဆေးကြခြင်းဖြစ်ရာ ဇူလိုင် ၂၇ ရက်တွင် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်း ပြည်မြို့ရွှေဘုန်းပွင့်ပြတိုက်နှင့် ပိဋကတ်တိုက်တို့၌ ဒေသအာဏာပိုင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်ရောက်နိုင်ရန်အတွက် တင်သွင်းထားပြီးဖြစ်ကြောင်း၊ သရေခေတ္တရာ မြို့ဟောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် သဘာဝတရားက ထိန်းသိမ်းခြင်း၊ ဥပဒေနှင့်အညီ ထိန်းသိမ်းခြင်း၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသော အသိတရားနှင့် ထိန်းသိမ်းခြင်းဟူ၍ သုံးမျိုးသုံးစား တွေ့နိုင်ကြောင်း၊ ယင်းတို့အနက် အမျိုးသားရေးစိတ်ဓာတ်နှင့် ထိန်းသိမ်းခြင်းသည် သာအကောင်းဆုံး ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်မြို့နှင့် သရေခေတ္တရာမြို့ဟောင်း ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြသည်။

ဇူလိုင် ၂၈ ရက်တွင် သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းစေတီပုထိုးများ၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်များ၊ နန်းတော်ရာနှင့် နန်းမြို့ရိုးများ၊ ကျောက်စာရုံများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ဇုန်နယ်နိမိတ်ပတ်လမ်းများ ထိန်းသိမ်းပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ခရီးသွားများအတွက် လိုအပ်သော ပြုပြင်ဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်ရန် မှာကြားခဲ့သည်။

ဇူလိုင် ၂၉ ရက်တွင် ဗိဿနိုးမြို့ဟောင်းရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ ဇုန်နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူနေမှု၊ လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူထားမှုနှင့် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ကမ္ဘာ့အမွေအနှစ် အဖွဲ့မှ စစ်ဆေးရေးမလာရောက်မီ ပြုပြင်ထိန်းသိမ်းရန်ကျန်ရှိသော ရှေးဟောင်းအဆောက်အအုံများ စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် စုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများကို စနစ်တကျခင်းကျင်းပြသနိုင်ရန်၊ လက်ကမ်း စာစောင်များ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဝေငှနိုင်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယကအား ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. John Bercow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စု လွှတ်တော်နာယကနှင့်အတူ ဒုတိယနာယက ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်းနှင့် ဦးအောင်ထွန်းတို့တက်ရောက်ကြပြီး ဧည့်သည်တော် အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Heyn နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာနှင့် ဥပဒေရေးရာဆိုင်ရာများ၊ လွှတ်တော်ကျင်းပစဉ်ကာလအတွင်း ပွင့်လင်းမြင်သာမှုရှိစွာ မေးမြန်းဆွေးနွေးခြင်း ပြုလုပ်ဆောင်ရွက်မှုဆိုင်ရာများ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိဘဲ နိုင်ငံအတွက် အကျိုးရှိမည့် ကိစ္စရပ်များကို လွှတ်တော်အတွင်း၌ စုစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ဆိုင်ရာများ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်ဆိုင်ရာများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ **H.E. Mr. John Bercow** အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကမ္ဘောဒီးယားနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးကိုကိုနှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ-အဖွဲ့ဝင် ဦးတင်ဌေးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၌ ဇူလိုင် ၂၈ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားရွေးကောက်ပွဲအား လေ့လာရန်သွားရောက်ခဲ့ရာမှ ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးကိုကိုနှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် လပြည့်ဝန်းပလာဇာ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ခုနစ်မိနစ်ခန့်က ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အလံပြဘုရားလမ်း အမှတ် (၁၆)ရှိ လပြည့်ဝန်းပလာဇာခြောက်လွှာ ညာဘက်နောက်ခြမ်း အကျယ်အဝန်း ပေ ၆၀ ပတ်လည်ရှိအခန်းတွင် မီးလောင်မှုဖြစ်ပွားရာ **(ယာပုံ)** မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် ၁၆ စီး၊ အထောက်အကူပြုယာဉ် ငါးစီး၊ ကွပ်ကဲမှုယာဉ် ငါးစီးတို့ ကွပ်ကဲငြိမ်းသတ်မှုကြောင့် မွန်းလွဲ၁၂ နာရီ ၃၁ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အခန်းအတွင်း ပြတင်းပေါက်အနီးရှိ ရှစ်ပေပတ်လည်ခန့်တွင် ထားရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး လုံခြုံရေးနိုင်လွန်ပိုက်ကွန် (အပြာရောင်) အနည်းငယ်မီးလောင်ခံရ၍ ဆုံးရှုံးမှု တန်ဖိုး ငွေကျပ် လေးသောင်းဖိုးခန့်ရှိပြီး မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းဆဲဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ရေဂါလန် ၁၀၇၀၀ ခန့် အသုံးပြု၍ သန်ခွေ မီးသတ် တပ်ဖွဲ့ဝင် ၁၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၈ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ယခင်အခါက အဆိုပါ လပြည့်ဝန်းပလာဇာတွင် ရုတ်တရက် ဓာတ်လှေကားပျက်၍ အတွင်း၌ လူများပိတ်မိနေမှုကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရကြောင်း လပြည့်ဝန်းပလာဇာရှိ ဆိုင်ခန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

အောင်သူရ

ပိုလ်လောင်းလျှောက်လွှာများ ပြန်လည်တင်သွင်းရမည့် နောက်ဆုံး လက်ခံရက် သတ်မှတ်

နေပြည်တော် ဇူလိုင် ၃၀

စစ်တက္ကသိုလ်အမှတ်စဉ်(၅၉) ဗိုလ်လောင်းသင်တန်း၊ တပ်မတော် နည်းပညာတက္ကသိုလ် အမှတ်စဉ် (၂၁) ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော် ဆေးတက္ကသိုလ် အမှတ်စဉ်(၂၁) ဗိုလ်လောင်းသင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများအား ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှ စတင်၍ ထုတ်ပေးလျက်ရှိရာ ဗိုလ်လောင်းဝင်ခွင့်ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများအနေဖြင့် ထုတ်ယူထားရှိပြီးသော ဗိုလ်လောင်းလျှောက်လွှာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်တင်သွင်းရမည့် နောက်ဆုံးသတ်မှတ်ရက်မှာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

(သတင်းစဉ်)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၃၀

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၀၀ စင်တီမီတာ (၃-ပေခွဲခန့်)တွင် ရောက်ရှိနေကာ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်းနှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉၃ စင်တီမီတာ (၃-ပေခန့်) တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရတနာ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်ရှိ ကိရိယာအစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်ပြီးစီး

နေပြည်တော် ဇူလိုင် ၃၀

ယမန်နေ့ ညနေပိုင်းတွင် ချွတ်ယွင်းချက်ဖြစ်ပေါ်ခဲ့သည့် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် (Platform) ရှိ သဘာဝဓာတ်ငွေ့သန့်စင်ခွဲထုတ်သည့်ကိရိယာ၏ အစိတ်အပိုင်းအား မူလက ပြုပြင်ရန် ၃၆ နာရီခန့် ကြာမြင့်နိုင်ကြောင်း ခန့်မှန်းထားခဲ့သော်လည်း စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် ရာသီဥတုဆိုးရွားနေသည့်ကြားမှ အားကြိုးမာန်တက် ပြုပြင်ခဲ့ခြင်းကြောင့် မူလက ပြုပြင်ရန် ခန့်မှန်းကြာမြင့်ချိန်ထက်စော၍ ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ပြီးစီးခဲ့ပြီး ညနေ ၃ နာရီမိနစ် ၄၀ မှ စတင်၍ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့များအား ပြန်လည်ပို့လွှတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တူမီးသေနတ် ကျည်ထွက်၍ သေဆုံး

တကောင်း ဇူလိုင် ၃၀

တောပစ် အမဲလိုက်ရာမှအပြန် တူမီးသေနတ်ကျည် ထိမှန်သေဆုံးသည့် ဖြစ်စဉ်တစ်ခု တကောင်းမြို့နယ်ခွဲ မိုင်းဒိုင်းကျေးရွာတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီက မိုင်းဒိုင်းအုပ်စု မိုင်းဒိုင်းကျေးရွာနေ ဦးမောင်ဝင်း (၄၀)နှစ်သည် တောပစ်ထွက်ရာမှအပြန် လွှစင်ချောင်း တောတောင်ယာတဲတွင်ခေတ္တနားစဉ်တူမီးသေနတ်အားလှမ်းယူရာမှ ရုတ်တရက်ကျည်ထွက်ပြီး ဘယ်ဘက် နံဘေးကျည်ထိမှန်ခဲ့သဖြင့် လှည်းနှင့် မိုင်းဒိုင်းရွာသို့ ပြန်ခေါ်လာစဉ် လမ်းတွင် သေဆုံးသွားခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ဇူလိုင် ၂၈ ရက်တွင် တကောင်းမြို့နယ်ခွဲ ရဲတပ်ဖွဲ့မှူးထံ အကြောင်းကြားခဲ့သည်။

ထို့နောက် ရဲအုပ်ထွန်းမင်းနှင့်အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ပြီး သေမှုသေခင်း အမှုအမှတ် (၇/၂၀၁၃) ဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၄၃၂)**

မန္တလေး-မြစ်ကြီးနား လူစီးရထားများအား ယခင်အချိန်အတိုင်း ပြန်လည်ပြေးဆွဲမည်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာ့မီးရထား မန္တလေး-မြစ်ကြီးနားလမ်းပိုင်းအား လုံခြုံရေးအခြေအနေအရ လက်ရှိပြေးဆွဲနေသော အချိန်အတိုင်း ပြေးဆွဲနေရာမှ ယခုအခါ လုံခြုံရေးအခြေအနေ ကောင်းမွန်လာပြီဖြစ်၍ ပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် ခရီးသွားများကြိုက်နှစ်သက်သော ယခင်အချိန်အတိုင်း ပြန်လည်ပြေးဆွဲခြင်းကို ဩဂုတ် ၁ ရက်မှစ၍ ပြေးဆွဲပေးမည်ဖြစ်ကြောင်းနှင့် ပြန်လည်ပြင်ဆင်ပြေးဆွဲပေးမည့် ရထားအချိန်စာရင်းအား မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများတွင် ဇူလိုင် ၂၆ ရက်မှစတင်ပြီး ခရီးသွားပြည်သူများအား အသိပေးကြေညာထားကြောင်းလည်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင် ရွှေတူးဖော်နေသူများကို ဖမ်းဆီး

မော်လမြိုင် ဇူလိုင် ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဝါးဒတ်ကွင်းကျေးရွာရှိ စစ်တောင်းစက္ကူစက်ရုံ၏ ယူကလစ်စိုက်ခင်း အမှတ်(၆/၂၀၀၄) ဧရိယာ ဧက ၂၂၀ ရှိ လေဘာမြင့်စိုး၏ ကျူးကျော်မြေယာတွင် အဆိုပါ ကျေးရွာနေ ကျော်ရွှေ (၅၀ နှစ်)၊ ဇင်မောင်(ခ) ကုလားဖြူ(၄၀ နှစ်)နှင့် အောင်နိုင်(၃၂နှစ်)တို့ သုံးဦးသည် မြင်းကောင်ရေ ခြောက်ကောင်အားရှိ ဟွန်ဒါအမျိုးအစား ရေစုပ်စက်ဖြင့် ရွှေကျင်သောဗန်းများကို အသုံးပြု၍ ခွင့်ပြုချက်မရှိဘဲ ဇူလိုင် ၂၆ ရက် ညနေ ၅နာရီ မိနစ် ၅၀ ခန့်က တရားမဝင် ရွှေတူးဖော်နေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်ရဲစခန်းက ကျော်ရွှေပါ သုံးဦးတို့အပေါ် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လ/၀၁၂**

မင်းပြားမြို့နယ်၌ မြေပြိုကျမှုများ ဖြစ်ပွား

ရန်ကုန် ဇူလိုင် ၃၀

မင်းပြားမြို့နယ်၌ ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်း၍ မြစ်ရေကြီးကာ ရေတိုက်စားမှုနှင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မြို့နယ်မှတာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်တွင် မြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များအား အမြင့်ပိုင်းသို့ ရွှေ့ပြောင်းရန် လိုက်လံအသိပေးနှိုးဆော်ခဲ့ကြောင်း၊ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းဘေး တောင်ပိုင်းရပ်ကွက်ရှိ အိမ်ခြေနှစ်လုံး၊ အလယ်ပိုင်းရပ်ကွက်ရှိ အိမ်ခြေ ၁၀ လုံးတို့ မြေပြိုကျရာတွင် ပါဝင်သွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ အဆိုပါ အိမ်ခြေ ၁၂ လုံးမှ အိမ်ထောင်စု ၁၂ စု၊ လူဦးရေ ၈၄ ဦးအား ရေလွတ်ရာ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့နေရာချထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေး

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ပြည်သူများကို အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသပေးခြင်းလုပ်ငန်းများကို ပြည်ကြီးတံခွန်မြို့နယ် (၈၂)ရပ်ကွက်ရှိ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ မေတ္တာရှင်ဆေးရုံ၌ ဇူလိုင် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် သွားနှင့်ခံတွင်းအထူးကုဆရာဝန် ၁၅ ဦးတို့က လူနာ ၁၃၅ ဦး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသိင်္ဂီမြနှင့် ဆရာဝန်လေးဦးတို့က လူနာ ၇၀၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာ ခင်အောင်အောင်ဌေးနှင့် အထွေထွေရောဂါကုဆရာဝန်လေးဦးတို့က လူနာ ၁၃၇ ဦးတို့ကို ကွင်းဆင်းကုသပေးကြရာ မေတ္တာရှင်ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဦးနုနှင့် လက်ထောက်ဆရာဝန်များ၊သူနာပြုများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

တွေ့ဆုံ

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မြတ်ငွေနှင့် နာယကများ၊ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေသည်များကို ကြည့်ရှုပြီး လူနာများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၂၂၆) ယာဉ်လိုင်းမှတိုက်ပြီး တိုယိုတာကရီနားပင်အဖြူရောင် အငှားယာဉ်နှင့် ချိတ်ပါကာ အမည်မသိအမျိုးသားတစ်ဦးသေဆုံး

ရန်ကုန် ဇူလိုင် ၂၀

ဇူလိုင် ၂၉ ရက် ည ၇ နာရီ ၅ မိနစ် အချိန်ခန့်တွင် ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းအတိုင်း လသာမြို့နယ်ဘက်မှ ပန်းဘဲတန်းမြို့နယ်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော အမှတ် (၂၂၆) ယာဉ်လိုင်းမှ ၇ခ/----- FUSO အမျိုးအစား ခရီးသည်တင်ယာဉ်မှာ ၂၇ လမ်းနှင့် ကုန်စျေးတန်းလမ်းကြားအရောက် မြောက်မှတောင်သို့ လမ်းဖြတ်ကူးသူ အမည်မသိ အသက် (၃၅ နှစ်) ခန့် အမျိုးသားတစ်ဦးအား တိုက်မိရာ ယာဉ်တိုက်ခံရသူမှာ ကမ်းနားလမ်းပေါ်သို့ လွင့်စဉ်လဲကျသွားကြောင်း သိရသည်။

ယင်းအချိန်၌ တစ်ဆက်တည်းမှာပင် ကမ်းနားလမ်းအတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်း ကြည်စိုး(ဘ) ဦးခင်ဝင်း လမ်းမတော်မြို့နယ်နေသူမောင်းနှင်လာသည့် AA ----- တိုယိုတာကရီနားဗင် အဖြူရောင် အငှားယာဉ်က ဆက်လက်တိုက်မိပြီး ယာဉ်၏ ရှေ့ဘန်ပါအောက်တွင် ချိတ်ပါသွားသဖြင့် ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်တွင် ယာဉ်တိုက်ခံရသူ အမည်မသိ အမျိုးသား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ ပန်းဘဲတန်းမြို့မရဲစခန်းက ယာဉ် ၇ခ/---- ယာဉ်မောင်း(စုံစမ်းဆဲ)နှင့်AA ----- ယာဉ်မောင်း ကြည်စိုးတို့ နှစ်ဦးကို အရေးယူထားရှိကြောင်း သိရသည်။

ဆောင်ရွက်လျက်ရှိ

အဆိုပါယာဉ်တိုက်မှုတွင် သေဆုံးသူကို စုံစမ်းလျက်ရှိပြီး ယာဉ်မောင်း ကြည်စိုးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းနှင့် အမှတ်(၂၂၆) ယာဉ်လိုင်းမှ ယာဉ်မောင်း(စုံစမ်းဆဲ)မှာ အခင်းဖြစ်ရပ်တွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စိုးဝင်း-SP

နယ်သတင်းတိုများ

ကသာမြို့၌ ဖုန်းကတ်များရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိ

ကသာ ဇူလိုင် ၂၀

ကသာမြို့နယ် ရပ်ကွက်ရုံးများ၌ တန်ဖိုးနည်း GSM ဖုန်းကတ်များကို ဇူလိုင် ၂၇ ရက်မှ စတင်ကာ ဒေသခံပြည်သူများကို လျှောက်ထားခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

ဂျီအက်စ်အမ်တန်ဖိုးနည်း ဖုန်းကတ်ရရှိနိုင်စေရန် ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အထိ လျှောက်ထားခွင့်ပြုသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်တွင် ကံစမ်းမဲဖောက်စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

ဂျပန် – မြန်မာချစ်ကြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုး

ရေစကြို ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးဒေသတွင် ဖွင့်လှစ်ထားသော OISCA လယ်ယာ၊ သစ်တော၊ စိုက်ပျိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်း (၁၇)နှစ်မြောက်နေ့အထိမ်းအမှတ် ဂျပန်-မြန်မာချစ်ကြည်ရေး မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၄ ရက် နံနက်က ရေစကြိုမြို့နယ် ပညင်းကျေးရွာ စိုက်ကွင်းယာယီမဏ္ဍပ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ ဂျပန်ဧည့်သည်တော်များကိုယ်စား အဖွဲ့ခေါင်းဆောင် Mr.YAMAMOTO၊ OISCA ကျောင်းအုပ်ကြီး Mr.Keiske Fujii နှင့် ဂျပန်နိုင်ငံမှ ဧည့်သည်တော်အမျိုးသားအမျိုးသမီး ၂၉ ဦးတို့သည် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် မန်ကျည်း၊ တမာ၊ ရှား၊ ထနောင်းပင်များကို စိုက်ပျိုးပေးကြကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

နယ်လှည့်ဆေးကုသအဖွဲ့ အခမဲ့ကုသပေးမည်

နတ်မောက် ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင် ကရုဏာရှင်လူမှုရေးအသင်းနှင့် ရွှေပဒေသာသံဃာဒါနဆွမ်းလောင်းအသင်းကြီးမှ မန္တလေးမြို့ ချမ်းမြသုခလူမှုရေးအသင်း၏ အခမဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၄ ရက်တွင် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်အတွင်း၌ အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြသုခ လူမှုကူညီရေးအသင်းနှင့်အတူ ဒေါက်တာခင်မောင်ဇော်ဦးဆောင်ပြီး အထူးကုဆရာဝန်ကြီး ၄၀ တို့သည် နတ်မောက်မြို့နယ်နှင့်အနီးတစ်ဝိုက်တို့ရှိ လူမျိုးဘာသာ ဆင်းရဲချမ်းသာ လူတန်းစားမရွေး ရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်သဖြင့် ဩဂုတ် ၁ ရက်မှစတင်ပြီး စိတ်ဓာတ်ဖြူစင်ကရုဏာရှင်လူမှုရေးအသင်း ဖုန်း ၀၆၃-၆၉၅၀၀ သို့ ကြိုတင်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။

နေလင်း(ပညာရေး)

၂၁-၇-၂၀၁၃ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

မြန်မာ့ရုပ်မြင်သံကြား

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၀း၀၀ ပြည်တွင်းသတင်း
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (ဒုတိယတွဲ) (အပိုင်း-၂၅)
၁၂း၀၀ ပြည်တွင်းသတင်း
၁၄း၂၅ "ကမ္ဘာ့ကျန်းမာရေးနေ့ (၂၀၁၃) ပညာပေးအစီအစဉ် စာရေးဆရာလင်း(ဆေး-၁)၊ ပါမောက္ခဒေါက်တာနွယ်နွယ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဝင်းညွှန့်
၁၇း၅၀ ကရာတေး၏ ခြားနားသော ပုံသဏ္ဌာန်တစ်ရပ် သို့မဟုတ် ကမ်ပိုအားကစား
၂၀း၀၀ ပြည်တွင်းသတင်း
My Mind Game
My SEA Games

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကရင်ပြည်နယ် ဒေသအများအပြား ရေကြီးမှုများဖြစ်ပေါ်

ဘားအံ ဇူလိုင် ၃၀

ကရင်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအများအပြားတွင် ရေကြီးခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ထိုင်းနိုင်ငံတွင် ဆည်များ၊ ရေကာတာများ ဖောက်ချခြင်းကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဖြစ်သော မြဝတီမြို့ရှိ ရပ်ကွက်ငါးခုတွင် ရေကြီး၍ အိမ်များနစ်မြုပ်မှုဖြစ်ပေါ်ပြီး ဘားအံ-မြဝတီ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်း တောင်ပေါ်ကားလမ်းနေရာ ၁၄ ခု၌ တောင်ပြိုခြင်း၊ သစ်ပင်ကြီးများလဲကျ၍ ယာဉ်လမ်းအတက်အဆင်း ကားလမ်းပိတ်ဆို့ခြင်းများကို ဆောက်လုပ်ရေးက အရေးပေါ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့များတွင် ရေကြီးမှုများ ဖြစ်ပေါ်နေပြီး ဘားအံမြို့နယ် ဂျိုင်းကျေးရွာတွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ပါက အိမ်များပြောင်းရွှေ့ရဖွယ်ရှိသည်။

ဇူလိုင် ၂၉ ရက်က မိုးသက်လေပြင်းကျရောက်၍ သံလယ်ကျေးရွာတွင် မကြာသေးမီက ဖွင့်လှစ်ပေးခဲ့သော မူလွန်ကျောင်းဆောင် သစ်ပြိုကျပျက်စီးခြင်း၊ လူနေအိမ်များ ပြိုကျခြင်းနှင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။ အလားတူ လွန်းညကျေးရွာတွင် ရေကြီးခြင်း၊ ဘားအံမြို့ မြို့ပတ်ဝိုင်းတွင် ရေကျော်ခြင်း၊ အထက(၁)ကျောင်းရှေ့တွင် ရေများရောက်ရှိခြင်း၊ အိမ်ခြေများ ရေနစ်မြုပ်ခြင်းဖြစ်ပေါ်၍ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြိုင်ကလေးစံပြကျေးရွာတွင် လမ်းများရေကျော်မှုဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက လမ်းများပိတ်ဆို့မှုမဖြစ်အောင် လမ်းလွှဲများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မော်လမြိုင်-ဘီးလင်း-မြိုင်ကလေးကားလမ်းမတွင် ရေကြီးလျက်ရှိရာ ရန်ကုန်-ဘားအံ-ကော့ကရိတ်ယာဉ်များ ဆက်လက်ထွက်ခွာ၍ မရသေးကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

မိုးရွာသွန်းမှုကြောင့် အိမ်ခြေ ၁၂ လုံးနစ်မြုပ်

ကော့ကရိတ် ဇူလိုင် ၃၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဇူလိုင် ၂၇၊ ၂၈ရက်မှစ၍မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်လမ်းများနှင့် ရပ်ကွက်များတွင် ရေကြီးခြင်းများဖြစ်ပေါ်ပြီး အမှတ်(၅)ရပ်ကွက် လှိုင်းကွက်သစ် ၄၊၅ လမ်းများမှ နေအိမ် ၁၂ လုံး ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၁၂ စု လူဦးရေ ၇၂ ဦးကို ကော့ကရိတ်မြို့ ဇိနသုခကျောင်းဓမ္မာရုံ၌ အရေးပေါ်ကယ်ဆယ်ရေးစခန်းဖွင့်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိပြီး ကော့ကရိတ်မြို့ကရုဏာဖောင်ဒေးရှင်း၊ ကြာအင်းသတိပဋ္ဌာန်ကျောင်းဆစ်ဆရာတော်က ဇူလိုင် ၂၈ ရက် ညစာအဖြစ် ထမင်းနှင့်ဟင်းလျာများ လာရောက်ကျွေးမွေးလှူဒါန်းသည်။

အလားတူကျုံဒိုးမြို့တွင် ဟောင်သရောမြစ်ရေ ဆန်တက်ခြင်းကြောင့် ကျုံဒိုးမြို့ရှိ မြေနိမ့်နေရာများနှင့်ကမ်းနဖူးနေရာများသို့ ရေများဝင်ရောက်လျက်ရှိသည်။ မြစ်ရေသည် ယခုထက်တိုးမြင့်ဝင်ရောက်လာပါက မြေနိမ့်ပိုင်းနေရာများနှင့်မြစ်ကမ်းနဖူးနေအိမ်များမှ မိသားစုဝင်များအတွက် စိုးရိမ်ရပြီး ကယ်ဆယ်ရေးစခန်းများ အချိန်မီဆောင်ရွက်ထားရှိရန် ပြည်သူများ မျှော်လင့်နေလျက်ရှိကြောင်း သိရသည်။

တင်ဝင်းလှိုင်

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက သံလွင်မြစ်ရေစိုးရိမ်ရေမှတ်အထက်တွင်ရှိနေ၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမအနီးရှိ ကန်သာယာကန်ဖြတ်တံတားရေကျော်မှုကို မြင်တွေ့ရစဉ်။ ကိုရဲ

ရေး၌ မြစ်ရေလျှံမှုထပ်မံဖြစ်ပွား

ရေး ဇူလိုင် ၃၀

မိုးဆက်လက်သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေးမြစ်ဖျားချောင်းဖျားမှ တောင်ကျရေများ စီးဆင်းခဲ့သဖြင့် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခွဲက ရန်ကြီးအောင်နှင့် ရန်မျိုးအောင် တိုးချဲ့ကွက်သစ် မြေနိမ့်ပိုင်းများမှ ရေဘေးသင့်ပြည်သူများကို နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့အားကစားရုံသို့ ပို့ဆောင်ပေးလျက်ရှိသည်။

မိုးရေ ချိန် ၄ ဒသမ ၅၉ လက်မ ရွာသွန်းခဲ့ပြီး ပင်လယ်ထဲသို့ ရေစီးဝင်မှုအားနည်းနေသဖြင့် မြစ်ရေလျှံမှုဖြစ်ပေါ်လာရာ မြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အောင်သုခ၊ အောင်မေတ္တာ၊ အောင်မင်္ဂလာ၊ သီရိနန္ဒနှင့်ချောင်းတောင်ကျေးရွာ၊ ကျောင်းရွာကျေးရွာရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ မြသီတာဈေးနှင့် အောင်သီတာဈေး၊ လယ်ယာစိုက်ခင်းများ၊ ဥယျာဉ်ခြံမြေများ၊ ကမ်းပါးများ တိုက်စားခြင်းဖြစ်ပေါ်ပြီး လျှပ်စစ်မီးများ ယာယီဖြတ်တောက်ထားရသည်။ မြို့နယ်ရှိ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေသည်။ ပြည်သူ့အားကစားရုံ၊ ကျိုက်သီမွန်ဘုန်းကြီးကျောင်း၊ ချောင်းတောင်နန်းတော်ဦးကျောင်းတို့တွင် အိမ်ထောင်စု ၁၇၇ စုမှ လူဦးရေ စုစုပေါင်း ၇၅၉ ဦးအားလိုအပ်သည့်အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိသည်။ သေဆုံး၊ ပျောက်ဆုံးမှုမရှိဘဲ ဆုံးရှုံးမှုအနည်းငယ်သာရှိကြောင်း၊ ဟံဂံကျေးရွာတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ မြစ်ရေလျှံမှုကိုလည်းခံစားနေရကြောင်း၊ အချို့ကျေးရွာချင်းဆက်လမ်းများမှာလည်း သွားလာရေးခက်ခဲနေကြောင်း သိရသည်။



နေမျိုးထွဋ်(ရေး)

ပြည်တွင်းသတင်း

အင်းလေးခရမ်းချဉ်သီးစိုက်တောင်သူများ ရမ်းချောင်ဂူမှ လင်းနို့ချေး ဝယ်ယူမှုများလာ

သာစည် ဇူလိုင် ၂၀

အင်းလေးဒေသ စိုက်ပျိုးရေးတောင်သူများ သဘာဝမြေသြဇာဖြစ်သော လင်းနို့ချေးသုံးစွဲမှုများလာကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လယ်ပြင်ကျေးရွာအရှေ့ဘက်ရှိ ရမ်းချောင်သဘာဝလိုဏ်ဂူနှင့် ရေပူရွာအရှေ့ဘက်ရှိ တောင်ပေါ်လိုဏ်ဂူများမှ သဘာဝ လင်းနို့ချေးများရရှိပြီး နှစ်စဉ်ထုတ်ယူ၍ သီးနှံစိုက်တောင်သူများထံ ရောင်းချလျက်ရှိရာ တစ်ပိုင်တစ်နိုင်စီးပွားရေးအဖြစ် လင်းနို့ချေးရောင်းချသော ရွာသူရွာသားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“လင်းနို့ချေးထုတ်ယူတဲ့အလုပ်ကို ကျွန်တော့်မိဘတွေ လက်ထက်ကတည်းက လုပ်လာတာပါ။ ရွာက လူငါးဦးသုံးနေရာနဲ့သူ သုံးရက်တစ်ကြိမ် မြေဆွေးနဲ့ လင်းနို့ချေးထုတ်ယူပြီး ကိုယ့်ဖောက်သည်တွေဆီ ပို့ပေးရပါတယ်။ အားလုံး အင်းလေးကန်ခရမ်းချဉ်သီးစိုက်တောင်သူတွေဆီ ပို့ရတာများတယ်။ အင်းထဲက ဒီနှစ်လင်းနို့ချေးနဲ့ မြေဆွေးအော်ဒါမှာတာများတယ်။ တစ်ပတ်တစ်ကြိမ်ကနေ သုံးရက်တစ်ကြိမ် အားစိုက်ပြီး ပို့ပေးနေရတယ်။ လင်းနို့ချေးအချိန် ၂၀ ဝင် တစ်အိတ်ကို ကျပ်တစ်သောင်းခွဲ၊ မြေဆွေးအိတ်တစ်လုံးကို ငွေကျပ် ရှစ်ထောင်နဲ့ လယ်ပြင်ဘူတာကရထားနဲ့တင်ပြီး ရွှေညောင်ကို တင်ပေးရတယ်။ အဲဒီကမှ ကားနဲ့ အင်းထဲကလာယူပါတယ်”ဟု လယ်ပြင်ရွာသားတစ်ဦးက ရှင်းပြသည်။

ယခင်နှစ်များက ရထားသံလမ်းနံဘေးရှိရွာများ၊ အရှေ့ဘက်တောင်ပေါ်ရှိ ရွှေလုပ်ကွက်များမှ တစ်ပိုင်တစ်နိုင်လုပ်စားခွင့်ရ၍ အဆင်ပြေကြပြီး လုပ်ကိုင်ခွင့်ကို ကုမ္ပဏီကပိတ်လိုက်သောအခါ ရွှေမှော်ကို အမှီပြုနေရသော ဒေသခံများနှင့် ဈေးရောင်းဈေးဝယ်များ၊ အခက်အခဲများကြုံတွေ့လာရသည့်အတွက် ယခင်ကမလုပ်ကိုင်ခဲ့သော ခဲမိုင်းလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်နေရကြောင်း၊ အဆိုပါအဆင်မပြေမှုများကြားမှ သဘာဝမြေသြဇာ ထုတ်ယူရောင်းချသောသူများသာ ပုံမှန်ဝင်ငွေရ၍ သဘာဝလိုဏ်ဂူမှထွက်သော လင်းနို့ချေးမြေဆွေးများကို တောင်ပေါ်မြေပြန့်သီးနှံစိုက်ပျိုးတောင်သူများထံ ပို့ဆောင်ပေးခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(၁၆၄)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၀-၇-၂၀၁၂ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၁၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၁၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၈၇၂ - ၈၈၂	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၃ - ၁၃၀၁	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၂ - ၇၇၄	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၅ - ၃၁. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈ - ၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၈၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၄၀၀၀ - ၆၀၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀ - ၅၅၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၅၀၀ - ၆၅၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀ - ၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၄၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၃၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၀၀-၅၆၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၇၅
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၇၅-၁၀၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၂၀-၅၅၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၀၅၀-၂၁၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၃၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

နမ့်ခမ်း ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူများကို ဇူလိုင် ၂၆ ရက် နံနက်က ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါကု လက်ထောက်ဆရာဝန် ဒေါက်တာအောင်အောင် ဦးဆောင်လျက် ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါများ စမ်းသပ်စစ်ဆေးပေးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှုရှိ မရှိစစ်ဆေးပေးခြင်း၊ ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းမှု ရှိမရှိစစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်နှင့်ကျောင်းအိမ်သာများ သန့်ရှင်းမှုစစ်ဆေးခြင်း၊ ကျောင်းဈေးဆိုင်များတွင် ရောင်းချသော အစားအစာများကျန်းမာရေးနှင့်ကိုက်ညီမှု၊ သန့်ရှင်းလတ်ဆတ်မှုရှိ မရှိ အသေးစိတ်စစ်ဆေးသွားကြောင်း၊ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်ကို စမ်းသပ်စစ်ဆေးခဲ့ပြီး ကျန်ရှိနေသော စာသင်ကျောင်းများကိုလည်း စီမံချက်အတိုင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ဝမ်းမြောက်နမော် သာဓုအနုမောဒနာ ခေါ်ဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း နေ ဗိုလ်ကြီးမြသန်း(ငြိမ်း)-ဒေါ်ခင်မာ၊ သမီး မခင်ဆုဇာသင်း၊ မခိုင်ဆွေဇင်သင်း၊ တူမ မအိအိမာ၊ မဇင်ဇင်ဝင်းမိသားစုတို့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၁လမ်းရှိ ဓမ္မဂုဏ်ရည်သီလရှင်ပရိယတ္တိစာသင်တိုက်သို့ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် မတည်အလှူငွေကျပ်သိန်း ၂၅၀တိတိကို လှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါသည်။

လှူဒါန်းလိုပါက-
ပဓာနနာယကဆရာကြီး၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
ဂန္ထဝါစကပဏ္ဍိတဆရာကြီးဒေါ်ဂုဏထေရီ
ဖုန်း-၀၉-၇၃၀၀၅၄၆၁၊ ၀၉-၄၃၀၆၈၅၂၅

ဝမ်းမြောက်နမော် သာဓုအနုမောဒနာ ခေါ်ဆိုခြင်း

ဆက်ပိုင်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးမှ ဦးပြည့်စုံ-ဒေါ်နီနီငြိမ်း၊ သား မောင်ဆက်ပိုင်ကျော် မိသားစုတို့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၁ လမ်းရှိ ဓမ္မဂုဏ်ရည်သီလရှင် ပရိယတ္တိစာသင်တိုက်သို့ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် မတည်အလှူငွေကျပ်သိန်း ၂၀၀ တိတိကို လှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအနုမောဒနာခေါ်ဆိုအပ်ပါသည်။

လှူဒါန်းလိုပါက-
ပဓာနနာယကဆရာကြီး၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
ဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ဂုဏထေရီ
ဖုန်း-၀၉-၇၃၀၀၅၄၆၁၊ ၀၉-၄၃၀၆၈၅၂၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တော၊ မြို့သစ်(ဂ) ရပ်ကွက်၊ ကံ့ကော် ၂ လမ်း၊ အမှတ် ၂၆၀(က)၊ ဧရိယာပေ (၂၀×၆၀)မြေကွက်နှင့် ၎င်းအပေါ် ဆက်စပ်တွယ်ကပ် လျက်ရှိသော တဲအိမ်သုံးလုံးကို အမည်ပေါက်ပိုင်ရှင် ဦးမောင်ခင်ထံမှ ဒေါ်စန္ဒာမြတ် ၁၂/အစန(နိုင်) ၀၃၂၄၂၈၊ အမှတ် (၁၇၉/ခ)၊ ပိတောက်လမ်းမကြီး၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်တွင် နေထိုင်သူက စဉ်ဆက်မပြတ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းမေ ၁၂/ဒဂန(နိုင်)၀၀၃၁၂၂
အမှတ် ၁၁၂၊ ၄ လမ်း၊ ဘုရင့်နောင်ရိပ်သာ၊
မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

လူပျောက်



အထက်ပါဓာတ်ပုံရှင် ရှင်ဝိစိတ္တသာရ(ခ) ရှိန်းငယ် အသက်(၁၄)နှစ်နှင့် ရှင်ကုသလ(ခ)ဖိုးသား အသက်(၁၂)နှစ်တို့သည် **ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်** ရန်ကြီးအောင်လမ်း၊ မရမ်းကုန်းမြို့နယ်မှ ၂၆-၇-၂၀၁၂ ရက်တွင် ပျောက်သွားပါ၍ တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ဖုန်း-၀၉-၄၂၈၃၇၅၃၁၇၊ ၀၉-၄၂၀၁၈၁၇၈၈၊ ၀၉-၄၂၁၀၉၅၀၅၃**

ယူရို ယူ – ၁၉ ဗိုလ်လုပွဲ ပြင်သစ်နှင့် ဆာဘီးယားတို့တက်ရောက်

မိုးမြင့်လင်းလက်

ယူရို ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွေကို ဇူလိုင် ၂၉ ရက်က ကျင်းပတဲ့အခါ နာမည်ကြီးစပိန်တို့ ပြင်သစ်ကို ရှုံးပွဲကြုံပြီး ဆာဘီးယားနဲ့ ပေါ်တူဂီတို့ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်နဲ့ ဆာဘီးယားတို့အနိုင်ရရှိခဲ့တာမို့ နောက်ဆုံးဗိုလ်လုပွဲစင်မြင့်ကို ပြင်သစ်နဲ့ ဆာဘီးယားတို့ တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။

စပိန်နှင့်ပြင်သစ်

အစ္စရေး ကွင်းလယ်ဒိုင်လူကြီး အော်ရယ်ဂရင်းဖီလ်ကြီးကြပ်ခဲ့တဲ့ ဒီပွဲမှာ စပိန်တို့အစကောင်းပေမယ့်အဆုံးမှာ အရှုံးနဲ့ဇာတ်သိမ်းခဲ့ရခြင်းဖြစ်ပါတယ်။ စပိန်အသင်း ပွဲအစပိုင်းအပေးအယူအချိတ်အဆက် မှန်မှန်နဲ့ ကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၇ မိနစ်မှာ ပယ်နယ်တီပြစ်ဒဏ်ဘောကတစ်ဆင့် ရိုဒရီကွက်ဇ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် စပိန်တို့ရဲ့အဖွင့်ဂိုးသွင်းနိုင်ခဲ့တဲ့အပျော်ဟာ မကြာရှည်ခဲ့ဘဲ ပွဲချိန် ၂၉ မိနစ်မှာ ပြင်သစ်အတွက် ချေပဂိုးကို ဘင်ဇီရာက သွင်းယူပေးခဲ့လို့ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ နှစ်သင်းစလုံးဂိုးထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ပေမယ့် ပထမပိုင်းပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ကြပါဘူး။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာလည်း အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေ ပြုလုပ်ခဲ့ပေမယ့် ဂိုးသွင်းမသေချာမှုတွေနဲ့ ဘောလုံးဆုံးရှုံးမှုတွေ များနေခဲ့တာမို့ ပွဲချိန်မိနစ် ၉၀ ပြည့်တဲ့အထိ တစ်ဂိုးစီသရေဖြစ်နေလို့ အချိန်ပို ဆက်လက်ကစားခဲ့ရပါတယ်။ အချိန်ပိုကစားတဲ့အခါ ပြင်သစ်အတွက်အနိုင်ဂိုးကို ပွဲချိန် ၁၀၅ မိနစ်မှာ ကွန်တီက သွင်းယူပေးနိုင်ခဲ့လို့ပွဲအပြီးမှာ ပြင်သစ်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီးနောက်ဆုံး ဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ခြင်း ဖြစ်ပါတယ်။

ဆာဘီးယားနှင့် ပေါ်တူဂီ

ဒီပွဲကိုတော့ အင်္ဂလန်ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာကြီးကြပ်ခဲ့ပြီး အကြိတ်အနယ်ရှိခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်။ ဆာဘီးယားအသင်းဟာ ပွဲစတင်တာနဲ့ တိုက်စစ်ဖွင့်ကစားခဲ့တာမို့ ပွဲချိန်ခြောက်မိနစ်မှာပဲ ဆာဘီးယားအတွက် ဒါဒီဗစ်က အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ဒုတိယပိုင်းပွဲချိန် ၅၅ မိနစ်ရောက်မှ ဆီးလ်ဗားက ချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ပွဲချိန် ၇၉ မိနစ်မှာ ဂွီဒက်စ်က တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပေါ်တူဂီတို့ နှစ်ဂိုးရရှိပေမယ့် ပွဲချိန် ၈၅ မိနစ်မှာ ဆာဘီးယားရဲ့ ဂါစီနိုဗစ်က ချေပဂိုးပြန်သွင်းယူခဲ့တာမို့ နှစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ အချိန်ပို ကစားရာမှာလည်း ဂိုးမသွင်းနိုင်ခဲ့တာမို့ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းခဲ့ကြပါတယ်။ ဒီလို ပယ်နယ်တီကန်သွင်းတဲ့အခါ ဆာဘီးယားအသင်းက ဆာဗစ်၊ ဂါစီနိုဗစ်၊ မီထရိုဗစ်တို့ဂိုးဝင်ခဲ့ပေမယ့် ပက်ဗ်လော့ဗ်စကီးနဲ့ မီလက်ရှ်တို့ဂိုးမဝင်ခဲ့ပါဘူး၊ ပေါ်တူဂီတို့ ပယ်နယ်တီ ငါးလုံးကန်သွင်းတာကလည်း ဟော်တာနဲ့ လီတို့ပဲ ဂိုးဝင်ပြီး ဂွီဒက်စ်၊ အယ်ဗက်စ်၊ တိုင်စီရာတို့ ဂိုးမဝင်ခဲ့တာမို့ ပွဲအပြီးမှာ ဆာဘီးယားတို့က ပယ်နယ်တီသုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဆာဘီးယားနဲ့ ပြင်သစ်တို့ ဩဂုတ် ၁ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

နိုင်ငံတကာအားကစားသတင်း

ဂျာမနီအမျိုးသမီးဘောလုံး(၆)ကြိမ်မြောက် ဖလားဆွတ်ခူး

ယူရို ၂၀၁၃ အမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီ နှင့်နော်ဝေတို့စတော့ဟုမ်းမြို့၌ ဇူလိုင် ၂၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီ က တစ်ဂိုး - ဂိုးမရှိဖြင့်နိုင်ပြီး (၆)ကြိမ်မြောက် ဥရောပချန်ပီယံဆုကို ဆွတ်ခူးသွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂျာမနီဂိုးသမား နာဒင်းအင်ဂါယာက ပယ်နယ်တီဂိုး နှစ်ဂိုးကို ဖမ်းပေးနိုင်ခဲ့သည်။ ၎င်းသည် ဂျာမနီအမျိုးသမီးအသင်း၏ အသင်းခေါင်းဆောင်လည်းဖြစ်သည်။ ၎င်းသည် နော်ဝေကစားသမားများဖြစ်သည့် ရွန်နင်နှင့် ဂူဘရန်ဆင်တို့၏ ပယ်နယ်တီဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။ ဂျာမနီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အင်ဂျာမစ်ကက်က သွင်းယူခဲ့သည်။

• • • • • • • • • • • • •

လစ်သူယေးနီးယားမှ ရေကူးမယ် ကမ္ဘာ့စံချိန်တင်

လစ်သူယေးနီးယားမှ ရေကူးအားကစားမယ် ရူတာမီလူတိုင်တေးသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပသော ကမ္ဘာ့ရေကူးချန်ပီယံ အကြိုဗိုလ်လုပွဲတွင် မီတာ ၁၀၀ ဖားကူးရေကူးပြိုင်ပွဲ၌ ကမ္ဘာ့စံချိန်သစ် ချိုးနိုင်ခဲ့သည်။ ပလိုင်းမောက်အခြေစိုက် အသက် ၁၆နှစ်ရှိ ရေကူးမယ် မီလူတိုင်တေးသည် စံချိန် တစ်မိနစ်နှင့် ၀၄ ဒသမ ၃၀စက္ကန့်ဖြင့် စံချိန်ချိုးခဲ့သည်။ သူသည် ၂၀၀၉ခုနှစ်က ဂျက်စီကာဟတ်ဒလေတင်ထားသည့် စံချိန်ထက် ၀ ဒသမ၁၅ စက္ကန့် ပိုမြန်ခဲ့သည်။

• • • • • • • • • • • • •

ဘရန့်ဖို့ဒ်ဂိုးသမား ကာဒစ်(ဖ်)ခေါ်ယူ

ပရီမီယာလိဂ်တန်းတက် ကာဒစ် (ဖ်)စီးတီးအသင်းက ဘရန့်ဖို့ဒ်ဂိုးသမား မာကီမက်ကေးကို ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ ခေါ်ယူလိုက်သည်။ ကာဒစ်(ဖ်)စီးတီးက ၎င်းကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ အသက် ၂၃နှစ်ရှိ မာကီကေးသည် ကာဒစ်(ဖ်) စီးတီးက နွေရာသီအတွင်း ခေါ်ယူခဲ့သည့် တတိယမြောက် ကစားသမားဖြစ်သည်။

ကောင်းမြတ်သူ–စုစည်းသည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွန်းလှမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မူးမြစ်ကူးတံတား၊ သဖန်းဆိပ်(၁) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မြစ်ကျောက်စရစ်	၂၅၀ ကျင်း
၂။	မြစ်သဲ	၁၂၅ ကျင်း
၃။	တောသစ်(ရွယ်စုံ)	၈၀ တန်
၄။	Bentonite (မြေဖယောင်း)	၁၉ တန်

၂။ **တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၃ရက် မှ ၁၃-၈-၂၀၁၃ရက်
- နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီအထိ

တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက်နှင့်အချိန် - ၁၄-၈-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့(၂)ရုံး ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်း အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်းတွင် ၃၁-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

တိဋ္ဌကရေ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော် အရှင်သုန္ဒရ အား အမှူးထား၍
မြိုင်မြို့နယ်သူ မြို့နယ်သားများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို
စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ရတနာလမ်း သင်္ဃန်းကျွန်းမြို့နယ် ရှိ
သံဃာတော် အရှင်သူမြတ်များအား ဆက်ကပ် လှူဒါန်း ပူဇော်မည် ဖြစ်ပါသဖြင့်
ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
နေ့ရက် - ၄ - ၈ - ၂၀၁၃ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၁) နာရီ
နေရာ - စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်
အမှတ် ၁၆/၂ - ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ်တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဩဂုတ်လ (၃/၇/၈) ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0950 47516

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မွေးနေ့ဆုမွန်လွှာ

ယနေ့ကျရောက်သောချစ်ဇနီး၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြီးပြည့်စုံပြီး ချစ်ခင်ပွန်း၊ ချစ်သားတို့နှင့်အတူ ပျော်ရွှင်ဖွယ်ရာ မွေးနေ့ပေါင်းများစွာကို အမြဲထာဝရဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ချစ်ခင်ပွန်း - **ဗိုလ်မှူးကြီးနေမျိုးအောင်**
သား - **မောင်ပြည့်**

ကောင်းဆက် သဘာဝဆေးဒိန်ချဉ်နှင့်ပေါင်းတင်ခြင်း တစ်နာရီပေါင်းတင်ရုံဖြင့် အသားရေတင်းရင်းပြီး ဖြူဖွေးမှ ငွေရှင်းရန် သုံးထောင်ကျပ် ဝက်ခြံ၊ တင်းတိတ်၊ မဲ့ခြောက်၊ အမာရွတ်၊ ရေငွေ့ပူလောင်ဒဏ်ရာ၊ ဝက်ခြံ ချိုင့်ခွက်များကို အာမခံဖြင့် ပျောက်ကင်းအောင် ပေါင်းတင်ပေးသည်။ ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ် (၁.၈.၂၀၁၃ မှ ၁.၉.၂၀၁၃) ထိ တစ်ဦးပေါင်းတင်လျှင် တစ်ဦးအခမဲ့ ပေါင်းတင်ပေးမည်။ အမှတ်(၄၀၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၂၇× ၂၈ကြား၊ ဗိုလ်ချုပ်ဈေးရှေ့၊ ပန်းပဲတန်း။ ၀၉ ၇၃၀၅၀၁၁၉၊ ၀၉ ၇၃၂၀၁၀၃၄၊ ၀၁ ၃၈၂၀၄၉ ။ လမ်းမတော် ၀၉၂၀၅၈၃၁၂။ ယုဇနပလာဇာမုဒ်ဦးရှေ့ ၀၉၄၂၀၁၁၆၂၁၈။ အင်းစိန် ၀၉၇၃၀၀၁၃၉၇။ ပျဉ်းမနား ၀၉ ၄၀၂၆၉၆၃၅၁။ ပြင်ဦးလွင် ၀၈၅၂၉၆၃၄

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီး ဒေါ်အေးသဇ္ဇာဝင်း ၃/ဘအန(နိုင်)၁၅၇၆၉၁ သည် ခင်ပွန်းသည်မသိဘဲ အခြားသူများထံမှ ငွေကြေးများရယူခြင်း၊ ခင်ပွန်းနှင့် သားသမီးနှစ်ဦးအား အသိမပေးဘဲ ၎င်း၏ဆန္ဒအလျောက် လွန်ခဲ့သော နှစ်လခွဲခန့်မှစ၍ နေအိမ်မှထွက်ခွာသွားပြီး လုံးဝအဆက်အသွယ်မပြုလုပ်ခြင်းတို့ကြောင့် ခင်ပွန်းဖြစ်သူနှင့် သားသမီးတို့တွင် ဂုဏ်သိက္ခာများ ကျဆင်းရပါသည်။ သို့ဖြစ်ပါသောကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇာနည်ဝင်းမြင့်
၂/လကန(နိုင်)၀၅၃၉၆၈
အမှတ် ၂၃/၃၉၄၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၅၊ ပုဂံလမ်း၊ မြေကွက်အမှတ် ၁၆၉၇ (မူလ အမည်ပေါက်) ဦးအောင်သွင် ISN-၂၁၇၀၉၄ ၏ ပေ(၄၀×၆၀)မြေနှင့် အကျိုးခံ စားခွင့်အရပ်ရပ်ကို အဆင့်ဆင့် အရောင်း အဝယ်စာချုပ်များနှင့် နောက်ဆုံး ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာထွေး ၁၁/ကဖန(နိုင်)၀၃၉၉၆၇ ထံမှ ကျွန်မ ဒေါ်ဒေစီ ၁၃/ကတန(နိုင်)၀၁၀၂၉၅ က အပြီးအပိုင်ဝယ်ယူရန် ၂၈-၇-၂၀၁၃ ရက်တွင် ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဒေစီ ၁၃/ကတန(နိုင်)၀၁၀၂၉၅
တိုက်(၁)A ၊အခန်း ၁၀၂၊
ဇောတိကအိမ်ရာအပိုင်း(၂)၊
(၈)မြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်

အတားအဆီး အပိတ်အဆို့များကို ဖယ်ရှားပြီး လွယ်ကူညင်သာချောမွေ့သော ခံစားမှုဆီသို့

အထက်ပါစာသား၏ အဓိပ္ပာယ်နှင့် ရည်ညွှန်းပစ္စည်းကို ဖြေဆိုသော ပဟေဠိပြိုင်ပွဲတွင် ဒိုင်လူကြီး ဒေါက်တာထွန်းလွင်(မိုးလေဝသ)၊ ဦးရဲမြတ်သူ (Alpha)၊ ကာတွန်းအော်ပီကျယ်တို့က အမှတ်အများဆုံးရသူ ကိုးဦးကို ရွေးချယ်ပေး၍ ငွေသားနှင့် ဆုပစ္စည်း (၂၁)သိန်းကို လက်ခံရရှိသူများမှာ-

ပထမ - ဗိုလ်မှူးမြင့်သိဏ်း(ငြိမ်း)၊ ညွှန်မှူး၊ သ/မ ဝန်ကြီးဌာန၊ နေပြည်တော်
ဒုတိယ - ဦးအေးသန်း၊ ရုံးအဖွဲ့မှူး၊ ငွေစာရင်းမင်းကြီး၊ ဝိပဿနာအဖွဲ့၊ ၃၁/က၊ အင်းလျားမြိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
တတိယ - ဦးဝင်းကျော်ဌေး၊ ၂၈၊ မဲ့ထီးလမ်း၊ မြို့မရပ်၊ မကွေးမြို့။

နှစ်သိမ့်ဆု ခြောက်ဦး-

(၁) ဒေါ်စန္ဒာဝင်း၊ တိုက်(၁)၊ အခန်း၂၀၃၊ ရွှေထီးအိမ်ရာ၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) ဒေါ်သန်းသန်း၊ တိုက် ၁၂၃၊ အခန်း ၁၀၄၊ ပထမထပ်၊ ၁၈ လမ်း၊ ရန်ကုန်မြို့။
(၃) ဦးကျော်မြင့် အမှတ် ၇၀၇၊ တကောင်းလမ်း၊ ရွာမအရှေ့၊ အင်းစိန်၊ ရန်ကုန်မြို့။
(၄) ဦးဝင်းနိုင်၊ ရွာသစ်ကလေးရွာ၊ ငသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
(၅) ဦးမျိုးလွင်၊ တိုက် ၆၉၊ အခန်း ၄၀၊ မင်္ဂလာသုခလမ်း၊ ၅ ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်မြို့။
(၆) ဒေါ်ဝင့်ဝါဝင်း၊ အမှတ် ၁၁၁၊ အောင်ဓမ္မရိပ်သာလမ်း၊ ၁၂ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

အဖြေမှန် အဓိပ္ပာယ်မှာ - လွယ်ကူချောမွေ့စွာ ဝမ်းသွားခြင်း၊ ဗိုက်မနာ၊ ဗိုက်မရစ် ဝမ်းသွားခြင်း၊
ရည်ညွှန်းပစ္စည်းမှာ - ပရဆေးပင်များနှင့် ဖော်စပ်ထားသော တိုင်းရင်းဝမ်းမှန်ဆေး

ကြော်ငြာ

CHINDWIN COLLEGE
SCHOOL OF ENGINEERING & SCHOOL OF BUSINESS
ချင်းတွင်းတွင် HND တက်၍ နိုင်ငံတကာတက္ကသိုလ်များတွင် နောက်ဆုံးနှစ်တက်ရောက်နေသူများ နှင့် B.E (Hons) ဘွဲ့ရရှိခဲ့သူများ
B.E (Hons)
Coventry University (UK)
Auston Singapore
University of Wolverhampton (UK)
TEG Singapore
Na Ran
GCE'O' Level
Final Year B.E (Hons)
University of Sunderland (UK)
University of Hertfordshire (UK)
BMC Singapore
လက်ရှိဖွင့်လှစ်ထားသည့် သင်တန်းများ
HND in Electrical and Electronic Engineering, Mechanical Engineering, Business Management
2013 July သင်တန်းသစ်များ
HND (Civil Engineering), HND (Hospitality & Tourism), Pre MBA Post Grad Diploma
တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။
IFC ပြီးလျှင် (သို့) ဒုတိယနှစ်အောင်ပြီးဖြစ်လျှင် HND ၂နှစ်သင်တန်းတက်ရောက်နိုင်သည်။
ဘွဲ့ရပြီးသူများ Pre MBA Post Grad Diploma တက်ရောက်နိုင်သည်။
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း၊ ဒေါက်ဘလောက်၊ ဖုန်း ၀၉-၇၃၀၆၈၀၃၇၆၊ ၀၁- ၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ ကြား၊ ၃၁ x ၃၂ ကြား၊ဖုန်း- ၀၂-၇၄၁၇၉

မြောက်ပိုင်းရှမ်းပြည် မဟေဝ္ဂနီ၊ ရွှေရည်ရောင်လွှမ်း မြို့နမ့်ခမ်း

ဉာဏ်မင်း(နမ့်ခမ်း)

ပြာရည်မှိုင်းညို့နေသောတောင်စွယ် တောင်တန်းများနှင့်အတူ လမ်းအကွေ့အကောက်အတက်အဆင်းများ ရေတံခွန်စိမ့်စမ်း သဘာဝတောပန်းများပွင့်လန်းလျက် သာယာရှုမောဖွယ်ရာကောင်းလှသည့် မောရှမ်း၌ာနေသည် အသွင်ဆန်းအမြင်ဆန်းလှပလျက်ရှိပါသည်။ မန္တလေးမြို့မှ တစ်ဆင့် ရှမ်းကုန်းပြင်မြင့်ကိုဖြတ်ကျော်ပြီး မူဆယ်မြို့၊ မူဆယ်မှသည် ဆက်၍သွားလျှင် တရုတ်နိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်လျက်ရှိသော ရွှေလီချိုင့်ဝှမ်းဒေသ နမ့်ခမ်းမြို့ကို ရောက်ရှိမည် ဖြစ်ပါသည်။

နမ့်ခမ်းမြို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင်အတွင်း တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ‘နမ့်’ဆိုသည်မှာ ရှမ်းစကားဖြစ်ပြီး မြန်မာစကားအရ ‘ရေ’ ဟုအဓိပ္ပာယ်ရသည်။ ‘ခမ်း’ ဆိုသော ရှမ်းစကားမှာ မြန်မာစကားအရ ‘ရွှေ’ဟုခေါ်ပါသည်။ နမ့်ခမ်းမြို့ကို မြန်မာစကားဖြင့်တိုက်ရိုက်ပြန်ဆိုရလျှင် ‘ရွှေရည်’ မြို့ဟု ခေါ်ရပေမည်။

နမ့်ခမ်းမြို့သည် အရှေ့ဘက်တွင် မူဆယ်မြို့နယ်၊ တောင်ဘက်တွင် ကွတ်ခိုင်မြို့နယ်၊ အနောက်တောင်ဘက်တွင် နမ္မတူ၊ မန်တုံ၊ မဘိန်းမြို့နယ်၊ အနောက်ဘက်တွင် ကချင်ပြည်နယ်မန်စီမြို့နယ်၊ မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီချိုင့်ဝှမ်း (မိုင်းမောဝ်ဒေသ)နှင့် နယ်မြေချင်းဆက်စပ်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၄၈၉ပေမြင့်ရှိပြီး မြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ ၄၆၆ ဒသမ ၈၅ စတုရန်းမိုင် ရှိပါသည်။ နမ့်ခမ်းမြို့၏မြောက်ဘက်တွင် လယ်ကွင်းများကိုဖြတ်လျက် တရုတ်ပြည်ဘက်သို့သွားလိုပါက စက်လှေဖြင့် ရွှေလီမြစ်ကို ကူးပြီးသွားနိုင်ပါသည်။ ရွှေလီမြစ်၏ တစ်ဖက်ကမ်းတွင် မြန်မာပြည်ပိုင် နမ့်ခမ်းမြို့နယ်တွင် ပါဝင်သောကျေးရွာများလည်း ရှိနေပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့လည်းကောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့လည်းကောင်း ကူးသန်းသွားလာကြသူများဖြင့်နေ့စဉ်စည်ကားလျက်ရှိသည်။ ရွှေလီမြစ်အတွင်း မြေနုကျွန်းများပေါ်ထွန်းခဲ့ပြီး အနီးကျေးရွာများက စပါး၊ ကြံ၊ ပြောင်း စသည်တို့ကိုစိုက်ပျိုးကြသည်။

မူဆယ်မြို့နှင့်နမ့်ခမ်းမြို့ ဆက်သွယ်သွားလာသောကတ္တရာလမ်းသည် အကျယ်၁၈ပေရှိပြီး အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူခင်းပေးထားသည်။ ရပ်ဝေး ဧည့်သည်များလာရောက် လည်ပတ်ချင်ပါက မန္တလေးမှ လားရှိုး၊လားရှိုး မှမူဆယ်၊ မူဆယ်မှ ၁၉ မိုင်ကွာဝေးသည့် နမ့်ခမ်းကိုရောက်ရှိမည်ဖြစ်သည်။ ယခင်က လမ်းအလွန်ကြမ်းသဖြင့် သွားလာရခက်ခဲသော်လည်း ယခု တစ်နာရီပင် မကြာတော့ပေ။

ကောဇာသက္ကရာဇ် ၁၁၀၀ ခုနှစ် (အေဒီ ၁၇၃၈)ခန့်က ရှမ်းတောင်သူ ဇနီးမောင်နှံ နှစ်ဦးက ယခုနမ့်ခမ်းမြို့တည်ရှိရာ ရွှေလီချိုင့်ဝှမ်းအတွင်း

ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ရင်းအောင်မြင်ဖြစ်ထွန်းသဖြင့် အခြား နီးစပ်ရာရွာများရှိ ရွာသူရွာသားများကလည်း လာရောက်စိုက်ပျိုး ပြောင်းရွှေ့နေထိုင်ကြသည်။ နမ့်ခမ်းဖောင်ချောင်းကို အမှီပြု၍ ရွာနာမည်ကို နမ့်ခမ်းရွာဟု ခေါ်ဝေါ်ခဲ့ကြသည်။ **“နမ့်ခမ်းဖောင်”**ဟူသော ဝေါဟာရသည် ရှမ်းစကားဖြစ်ပြီး **ရွှေမှုန့်ချောင်း** ဟု အဓိပ္ပာယ်ရသည်။ ထိုအချိန်က နမ့်ခမ်းဖောင်ချောင်းသည် ရွှေမှုန့်များထွက်ရှိသဖြင့် ရွှေကျင်၍ စီးပွားရှာသူများလည်းရှိကြသည်။ ရက်လနှစ်အချိန်ကြာလာရင်း လူဦးရေတဖြည်းဖြည်းများပြားလာကာရွာငယ်အဆင့်မှ ရွာကြီးတစ်ရွာဖြစ်လာခဲ့သည်။ ဤသို့ဖြင့် လူဦးရေလူနေအိမ်များတိုးတက်စည်ကားလာရင်း၁၁၃၉ ခုနှစ် (အေဒီ ၁၇၇၇)တွင် မြို့အဖြစ်ပြောင်းလဲသတ်မှတ်ခဲ့ကြသည်။ မြို့အမည်ကို **နမ့်ခမ်းမြို့** ဟု သမုတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်ရှိရာနမ့်ခမ်းဒေသကိုမဟာမိတ်တပ်များက ဗုံးကြဲ လေယာဉ်များဖြင့် ၅-၆-၁၉၄၄ ရက်မှစ၍ သုံးရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နမ့်ခမ်းမြို့ မီးလောင် ပြာကျခဲ့ရသည်။ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူရာ မြို့လယ်ဘုရားကျောင်းဆောင်ကြီးမှာ ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ သို့သော် ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ပကတိအနေအထားအတိုင်း စံပယ်တော်မူလျက်ရှိနေသည်ကို တွေ့ရှိရသော မဟာမိတ်တပ်များကတအံ့တသြဖြစ်ခဲ့ကြသည်။

နမ့်ခမ်းမြို့သို့ လာရောက် လည်ပတ်ကြသူတိုင်း မရောက်မဖြစ် မသွားမဖြစ်နေရာများသည် မန့်ခမ်းစေတီ၊ မြို့လယ်ဘုရားနှင့် နိုးဘုရား၊ သဘာဝရေပူစမ်းနှင့် ရွှေလီကြိုးတံတားတို့ ဖြစ်ကြသည်။ ရွှေလီကြိုးတံတားမှနေ၍ ရွှေလီမြစ်၏ စီးဆင်းနေပုံ အဝေးရှုမျှော်ခင်းနှင့် တောင်စွယ်တောင်တန်း တို့၏ လှပ သာယာပုံကို မြင်တွေ့ ကြရမည် ဖြစ်ပေသည်။ ကြိုးတံတားကို ကျော်ဖြတ်ပြီး ကချင်ပြည်နယ်သို့ သွားရောက်နိုင် သကဲ့သို့ မိုင် ၂၀ ကျော်ခန့် ကွာဝေးသော ရွှေလီရေအား လျှပ်စစ်စက်ရုံသို့ လည်း သွားရောက်နိုင်ပါသည်။ နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသည် အလွန်ထင်ရှားသည်။ ၁၉၀၂ ခုနှစ်မှစ၍ စတင် တည်ထောင်ခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် အမေရိကန်ဆရာဝန် Dr. Gordon Seagrav ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်လျက် ကျောက်တုံးဖြင့် RC အဆောက်အအုံများကို တည်ဆောက်ခဲ့သည်။ သီတဂူဆရာတော် သိက္ခာတော် ခုနစ်ဝါတွင် ဗန်းမော်မြို့ မှအပြန်နမ့်ခမ်းဆေးရုံသို့ ဝင်ရောက်ကြည့်ရှုခဲ့ဖူးသည်။ ဆေးရုံမှာ ခုတင် (၁၀၀)ဆံ့ဆေးရုံဖြစ်ပြီးလာရောက်ဆေးကုသသည့်လူနာများ ဆေးဝါးဝယ်ယူရန်မလိုဘဲ အခမဲ့ ကုသပေးလျက်ရှိသည်။ နမ့်ခမ်းမြို့တွင် နေထိုင်ကြသော တိုင်းရင်းသားများသည် စိတ်သဘောထားရိုးသားပြီး အလှူအတန်းရက်ရောကြသည်။ တစ်ဦးနှင့်တစ်ဦးအချင်းချင်း ရိုင်းပင်းကူညီတတ်ကြသည်။ အမျိုးဘာသာ၊ သာသနာကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လျက် စည်းလုံးညီညွတ်စွာနေထိုင်တတ်ကြသည်။ ဤမြို့သို့ လာရောက်နေထိုင်သူများပျော်ပိုက်ကြသည်။ လေကောင်းလေသန့်ရရှိခြင်း၊ ရာသီဥတုမျှတခြင်း၊ တောတောင် ရေမြေသဘာဝတို့နှင့်အတူ စိမ်းစိုလန်းဆန်းလျက်ရှိခြင်းတို့ကြောင့် ကျန်းမာရေး ညီညွတ်၍ နေချင်စရာကောင်းလှ၏။ နွေအခါ လေပြည်သွေးသည့်အခါ အေးရပါသည်။ မိုးအခါစိမ်းစိုလျက် တစ်မျိုးသာယာလှပသည်။ ဆောင်းအခါ အေးလှပါသော်လည်းမြူနှင်းကြားကထွက်ပေါ်လာသောနေခြည်ထွေးကြောင့် နွေးရပါသည်။ ရွှေလီမြစ်၏ဆည်းဆာချိန်တွင် နေရောင်ခြည်၏အလှတို့သည် ရွှေရောင်ဝင့်လွှမ်းလျက်မြို့နမ့်ခမ်း၏ အလှသရုပ်ကိုဖော်ထုတ်ပေးလျက်ရှိနေပေသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်
၁။	Plastic Chair (Armless)	၃၇ လုံး
၂။	Plastic Chair (Armed)	၄၁ လုံး
၃။	File Shelf	၂၀ လုံး
၄။	Bed Stead (Single)	၂၅ လုံး
၅။	Computer Table	၃၀ လုံး
၆။	Lab Table (8'x4')	၂၀ လုံး
၇။	Office Table (L=6' B=4' H=2'6")	၂၀ လုံး
၈။	Book Case	၂၀ လုံး
၉။	Cabinet (Leeco 4 Drawers) 3'x6'	၅ လုံး
၁၀။	ဖိုင်တင်စင် (Leeco/ Taiyo/ Standard)	၂၀ လုံး
၁၁။	လက်တင်ပါကုလားထိုင်	၂၀ လုံး
၁၂။	သစ်သားဆက်တီ	၁ စုံ
၁၃။	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
၁၄။	သဟာယထိုင်ခုံ(ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
၁၅။	စကားပြောစင်	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၅၄-၂၅၉၁၇၊ ၀၅၄-၂၅၉၁၈
ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၀၀၂/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် e-goverment လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Computer,Printer များ အပါအဝင် Hardware ပစ္စည်းများ	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်များမှာ ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၇၉တို့ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၀၀၁/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် Conferencing System လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	infrared Wireless Conferencing System	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်မှာ ၀၆၇-၄၀၇၀၇၉ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၇၈၅၊ မြေကွက်တည်နေရာအမှတ် ၇၈၅၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးသိန်းဆွေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းဆွေကွယ်လွန်သဖြင့် ဒေါ်ဥမ္မာမြင့် ၁၂/ထတပ(နိုင်)၀၀၂၀၀၉က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ဘီ၊ မြေကွက်အမှတ် ၇၃၊ မြေကွက်တည်နေရာအမှတ် ၃၆၊ ရန်ကြီးအောင်လမ်း၊ စမ်းချောင်းမြို့နယ် ဦးမြအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးမြ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၁၇၅၈(၂၉-၇-၉၉)ဖြင့် ဒေါ်အုန်းကြည်၊ ဒေါ်ရင်မြတို့ကပိုင်ဆိုင်ပြီး စွန့်လွှတ်စာချုပ်အမှတ် ၁၇၅၉(၂၉-၇-၉၉)ဖြင့် ဒေါ်အုန်းကြည် ၁၂/စခန(နိုင်)၀၃၇၆၅၅ က ပိုင်ဆိုင်ပြီး ဒေါ်အုန်းကြည်နှင့် တစ်ဦးတည်းသောသား ဦးစိုးတင်တို့ ကွယ်လွန်သဖြင့် ဒေါ်သိန်းရှင် ၁၂/စခန(နိုင်)၀၃၇၇၁၃က ချေးမတော်စပ်ကြောင်း ၄င်းထံမှ GP(၇၁၅၈/၂၀၁၃)ရရှိသူ ဦးတိုး ၁၂/စခန(နိုင်)၀၄၁၂၄၀ က ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၁၃၇/မမ(CME)(MIT)	စက်ပစ္စည်း(၅)မျိုး (Band Saw Machine, 3 Tons Forklift, Shearing machine, Dual Action Orbital Sander, CNC Plasma & Gas Cutting Machine)
(ခ)	၁၃၈/မမ(CME)(ISN)	Multifak EP-3 Grease (360-Drums)
(ဂ)	၁၃၉/မမ(စီးပွားရေး)	လက်တွန်းလှည်း(၅၀)စီးနှင့် ငွေသေတ္တာ(၂၀)လုံး

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၀.၈.၂၀၁၃ (သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၉.၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်အေ-၄၊ အခန်းအမှတ်(၅၀၁)၏ အမည်ပေါက် ဦးကိုကိုစိန်သည် ၃၀-၄-၂၀၀၈ရက်တွင် ကွယ်လွန်သွားပါသည်။ ဦးကိုကိုစိန်အမည်ပေါက် A.O နှင့် အရေးကြီးစာရွက်စာတမ်းများသည် ပျောက်ဆုံးပျက်စီးသွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းအေးအမည်ဖြင့် ပိုင်ဆိုင်ခွင့်စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/အနော်မာ၊ မြေကွက်အမှတ်(၁၅/ခ)၊ မြေကွက်တည်နေရာအမှတ် ၁၅/ခ၊ အနော်မာ ၄ လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ကိုမြင့်သိန်း၊ ဒေါ်ဘီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဘီ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၄၉၀၀၅ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံသည် အာရှဆက်သွယ်ရေးစျေးကွက်တွင် အကြီးဆုံးကျန်ရှိစျေးကွက်အဖြစ် ပြည်ပကုမ္ပဏီများရှုမြင်

ရန်ကုန် ဇူလိုင် ၃၀

အာရှနိုင်ငံများ၏ ဆက်သွယ်ရေးစျေးကွက်တွင် အကြီးမားဆုံးစျေး ကွက်အဖြစ် နောက်ဆုံးကျန်ရှိနေသည့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် စျေးကွက်ချဲ့ထွင်နိုင်ရန် ပြည်ပနိုင်ငံများက အပြိုင်အဆိုင် ကြိုးပမ်းလာနေကြသည်။

ယင်းသို့ အပြိုင်အဆိုင် ကြိုးပမ်းရာတွင် မြန်မာနိုင်ငံ၌ စျေးကွက်ဝေစုအများဆုံး ရရှိထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျင့်မြို့ အခြေစိုက် Huawei ကုမ္ပဏီသည် ဇူလိုင် ၂၈ ရက်က တာမွေမြို့နယ် ဗညားဒလလမ်း အမှတ် ၃၆၆ တွင် ကမ္ဘာ့အပါးလွှာဆုံး ဖုန်း Ascend P6 ကို မိတ်ဆက်ပေးခဲ့ပြီး တတိယမြောက် Huawei Showroom ထပ်မံ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Huawei ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းများ ထွက်ပေါ်လာပြီးနောက် ၂၀၁၃ မေလဆန်းပိုင်းတွင် ရန်ကုန်မြို့၌ ပထမဆုံး Showroom ဖွင့်လှစ်၍ စျေးကွက်ချဲ့ထွင်ခဲ့သည်။ ထိုသို့ စျေးကွက်ချဲ့ထွင်ရာတွင် Sim Card နှစ်မျိုး အသုံးပြုနိုင်သော ဖုန်းများအပြင် လူတန်းစားမျိုးစုံ အသုံးပြုနိုင်သော စျေးနှုန်းစုံ၊ အမျိုးအစားစုံ Android ဖုန်းများဖြစ်သောကြောင့် မြန်မာပြည်စျေးကွက်တွင် ဝယ်လိုအားများကြောင်း သိရသည်။

စမတ်ဖုန်းလောကသို့ ၂၀၀၃ခုနှစ်တွင် ဝင်ရောက်ခဲ့သော Huawei ဖုန်းများသည် ယခုလက်ရှိအချိန်တွင် နိုင်ငံပေါင်း ၁၄၀ ကျော်၌ Showroom များ ဖွင့်လှစ်ခဲ့ပြီး Huawei ဖုန်းများကို ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၂၀၀၀ ကျော် သုံးစွဲလျက်ရှိပြီး ၂၀၁၂ တွင် ကမ္ဘာ့နံပါတ်သုံးနေရာအထိ ဝင်ရောက်နေရာယူလာနိုင်ခဲ့ကြောင်း Huawei မှ မန်နေဂျင်း ဒါရိုက်တာတစ်ဦးက ပြောသည်။ Huawei Showroom ဖွင့်ပွဲနှင့် ကမ္ဘာ့အပါးလွှာဆုံး ဖုန်း Ascend P6 မိတ်ဆက်ပွဲသို့ ထိုင်းနိုင်ငံမှ Super Model များ၊ ပြည်တွင်းမှ နာမည်ကြီး အနုပညာရှင်များတက်ရောက်ခဲ့သည်။

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း MPT သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပြည်သူများအား မိုဘိုင်းဖုန်း လိုင်းပေါင်း ၃၉ ဒသမ ၅ သန်း ချထားပေးနိုင်ရန် လုပ်ဆောင်လျက်ရှိရာ ဟန်းဆက်စျေးကွက်တွင် ပြည်ပကုမ္ပဏီများ လာရောက်စျေးကွက်ချဲ့ နေဦးမည်ဖြစ်သည်။

ထိုသို့ စျေးကွက် ချဲ့ထွင်ရာတွင် Showroom အနေဖြင့်သာမကဘဲ မြန်မာနိုင်ငံတွင် Handset devices ထုတ်လုပ်သော စက်ရုံများ (factories) ပေါ်ပေါက်လာပါက မြန်မာနိုင်ငံသားများ အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းသာမကဘဲ နည်းပညာများကိုပါ ရရှိနိုင်မည်ဖြစ်သည်။

လက်ရှိစျေးကွက်တွင် Huawei Showroom များတွင်ရောင်းချသော စျေးနှုန်းနှင့် ပြင်ပတွင်ရောင်းချသော mobile ဖုန်းစျေးနှုန်းများမှာ အနည်းငယ်ကွာဟမှု ရှိနေသော်လည်း Huawei ဖုန်းများနှင့် Samsung ဖုန်းများကို လူကြိုက်များလျက်ရှိနေသည်။ လက်ရှိဗိုလ်အောင်ကျော်လမ်းရှိ mobile ဖုန်း အရောင်းဆိုင်တွင် အရောင်းသွက်သော ဖုန်းများနှင့် ယင်းတို့၏ ပေါက်စျေးအား စုံစမ်းမေးမြန်းကြည့်ရာ Samsung grand ငွေကျပ်သုံးသိန်း၊ Samsung amazing ငွေကျပ် တစ်သိန်းလေးသောင်း၊ Huawei 8813 G ငွေကျပ်တစ်သိန်းနှစ်သောင်းငါးထောင်၊ Huawei G 520 ငွေကျပ် တစ်သိန်းနှစ်သောင်း၊ Huawei 8951 တစ်သိန်းငါးထောင်ဖြစ်ကြောင်း သိရသည်။ **ရဲခေါင်၊ မြတ်စန္ဒီ**

ဝါတွင်းအပတ်စဉ်စနေနေ့ ဆွမ်းလောင်းလှူပွဲ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၃၀

တတိယအကြိမ်မြောက် ဝါတွင်းအပတ်စဉ် စနေနေ့ အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းတန်းဆွမ်းလောင်းလှူပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီက ညောင်လေးပင်မြို့ မြို့မ (၃)ရပ်ကွက် ကိုးနဝင်းစေတီတော်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးနဝင်းကုသိုလ်တော်အဖွဲ့ ဩဝါဒါစရိယဆရာတော်ဖြစ်သော သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆုံးမဩဝါဒခံယူသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိဟံစိုးက သာသနာရေးဆောင်ရွက်ချက်နှင့်ပတ်သက်၍ လျှောက်ထားကာ ကိုးနဝင်းကုသိုလ်တော်အဖွဲ့ဝင် ဦးချစ်ချစ်ဆွေက ကိုးနဝင်းကုသိုလ်တော်အဖွဲ့ကဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြလျှောက်ထားသည်။ ထို့နောက် ဆရာတော်ကြီးများအား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လောက်ကိုင် ဇူလိုင် ၃၀

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈နာရီက လောက်ကိုင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် တပ်ရင်းတပ်ဖွဲ့မှူးများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ ရတနာတန်းဝင် ကျွန်းပင် ၊ ယူကလစ်၊ ရေသင်းဝင်နှင့် စိန်ပန်းကြီး စုစုပေါင်း ပျိုးပင် ၃၀၅ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘိန်းမည်းများ သိမ်းဆည်းရမိ

ရွှေကူ ဇူလိုင် ၃၀

ကချင်ပြည်နယ် ရွှေကူမြို့နယ် မံနားကျေးရွာတွင် ဘိန်းမည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ရွှေကူမြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်မြင့်ဦးနှင့် အဖွဲ့သည် ဇူလိုင် ၂၆ ရက် ညနေ ၃နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မံနားကျေးရွာ ရဲအောင်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်အောက် အုတ်နီခဲများကြားမှအမည်းရောင်ပလတ်စတစ်အိတ်အတွင်း၌ အဖြူရောင်ပလတ်စတစ်အိတ်စဖြင့်ထုပ်ထားသောဘိန်းမည်းဟုယူဆရသည့် အမည်းရောင်အစေး အလေးချိန် ၂ ဒသမ ၂၁၂ ဂရမ်ခန့် တန်ဖိုးငွေကျပ် ၂၆၂၀၀ ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ရွှေကူမြို့မရဲစခန်းက ရဲအောင်(၄၄ နှစ်) မံနားကျေးရွာ ရွှေကူမြို့နယ်နေထိုင်သူကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

တောတောင်ရှိမှ စမ်းရေရ၏

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Computer & Accessories - (11) Items
(ခ) အိတ်ချိန်းစက်ပစ္စည်း - (12) Items
(ဂ) Copier & Projector - (3) Items
(ဃ) Camera & Voice Recorder - (5) Items
(င) စက်ပစ္စည်း - (3) Items
(စ) ရုံးသုံးပရိဘောဂ - (11) Items
(ဆ) Carpet & Water Cooler - (2) Items
(ဇ) Computer & Accessories - (9) Items
(ဈ) Emboss Machine နှင့် Pressure Pump - (2) Items
(ည) စက်ပစ္စည်း - (9) Items
(ဋ) Language Lab Multimedia Unit for 24 Students နှင့် PA System - (2) Items
(ဌ) Server & Accessories - (10) Items
(ဍ) Fiber Cable & Accessories - (12) Items
(ဎ) Transmission ပစ္စည်း - (17) Items
(ဏ) Manhole Frame & Cover, Cement နှင့် MS Rod - (3) Items
(တ) 4" UPVC Pipe - (615) Nos
(ထ) Cable နှင့် ဆက်စပ်ပစ္စည်း - (17) Items
(ဒ) Computer & Accessories - (8) Items
(ဓ) Fax Paper Roll (216mm x 30m) - (2000) Rolls
(န) RT & Television - (2) Items
(ပ) Laptop Computer & Printer - (2) Items
(ဖ) Bandwidth Tester, E1 Tester, ODTR & Spare Parts - (4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အထက(၃) ပန်းဘဲတန်း တက္ကသိုလ်ဝင်တန်းမှ ဦးစိုးထွန်း၏သမီး မဇူလိုင်ဖြိုး၏အမည်မှန်မှာ မဇူလှိုင်ဖြိုး ဖြစ်ပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၅ / ၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-041(2013-2014)	100 KW Diesel Engine Driven Generating Set	(1) Set	US$
(၂)	IFB-042(2013-2014)	100 KW Natural Gas Engine Driven Generating Set	(2) Sets	US$
(၃)	IFB-043(2013-2014)	Motorola Transceiver (GM 388 BS VHF)	(2) Nos	US$
(၄)	IFB-044(2013-2014)	Spares for Komatsu Dozer	(2) Items	US$
(၅)	IFB-045(2013-2014)	Casing Elevators	(4) Items	US$
(၆)	IFB-046(2013-2014)	SL-450 Swivel Goose Neck for ZJ 70 L Drilling Rig	(4) Nos	US$
(၇)	IFB-047(2013-2014)	5 1/2" API Float Shoes & Collars	(2) Items	US$
(၈)	IFB-048(2013-2014)	Rotary Hose for ZJ 70L & ZJ 50 D Drilling Rigs	(2) Items	US$
(၉)	IFB-049(2013-2014)	Spares for Emsco Rig Drive Group	(6) Items	US$
(၁၀)	IFB-050(2013-2014)	Roller Chain	(5) Items	US$
(၁၁)	DMP/L-021(2013-2014)	Spares for CAT D 399 & CAT D 3512 Engines	(1) Lot	Kyat
(၁၂)	DMP/L-022(2013-2014)	Spares for Volvo Tractor (Electronic Unit Injector & Fuel Filter Housing)	(2) Items	Kyat
(၁၃)	DMP/L-023(2013-2014)	Multi Grade Diesel Engine Oil (SAE 15 W 40) (API-CF4)	(80) Drums	Kyat
(၁၄)	DMP/L-024(2013-2014)	Electrical Spares for USS Oil Well Drilling Rig [20 Pin Plug & Receptacle (Male & Female)]	(32) Sets	Kyat
(၁၅)	DMP/L-025(2013-2014)	2000 AMP Circuit Breaker & Speed Adjust Rheostat for ZJ 50D Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

100% Scholarship အထိရရှိနိုင်သော Study In Thiland
DPUIC Dhurakij Pundit University International College မှ ASST. PROF. DR. HARALD KRAUS ကိုယ်တိုင် "English For University Entrance" ကို August 12 မှ August 15 ထိပို့ချမည်ဖြစ်ပါသည်။
ဤသင်တန်းပြီးလျှင် DPUIC မှ Free Online Course ကို နာရီ (၂၀) ကြာတက်ရောက်ပြီး English ဘာသာရပ်ကို Credit ရယူပြီးဖြစ်ပါသည်။
စုံစမ်းရန်။ ။ Better Life Education & Career Supporting Centre
No.410~411 4th Floor, La Pyayt Wun Plaza , Dagon Tsp, Yangon. Tel:01-382529
☼ 2014 January ဂျပန်ကျောင်းဝင်ခွင့် Form များလက်ခံနေပါပြီ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၅၈/ခ၊ မြေကွက်တည်နေရာအမှတ်(၇၅၈/ခ)၊ အနော်မာ ၉လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးဟန်တင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဟန်တင်ကွယ်လွန်သဖြင့် ဒေါ်မြမြ ၁၂/ဥကတ(နိုင်)၁၂၁၅၉၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၁၆ (၃၀-၄-၁၁)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးနေလင်းအောင် ၁၂/တမန(နိုင်)၁၀၅၀၃၅က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၂-၆၂၇(၁၃-၆-၁၃)တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျောက်မြောင်းမြို့နယ်ခွဲတွင် စဉ့်ထည်လုပ်သားကြီးများ GSM ဖုန်းအလုံး ၂၀၀ ကျော်ခန့်သုံးစွဲလာ

ရွှေဘို ဇူလိုင် ၃၀

မြန်မာ့စဉ့်ထည် အိမ်တွင်းလက်မှုလုပ်ငန်းများ စည်ပင်ထွန်းကားရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲရှိ ဒေသခံ စဉ့်ထည်လုပ်သားကြီးများသည် ယခုလအတွင်း GSM ဖုန်းအလုံး ၂၀၀ ကျော်ခန့်ကို ကိုယ်ပိုင်သုံးစွဲလာနိုင်သည့်အတွက် ဝမ်းသာပီတိ ဖြစ်ပေါ်လျက်ရှိကြောင်း စဉ့်ထည် လုပ်သားတစ်ဦးက ပြောကြားသည်။

"လက်ကိုင်ဖုန်းပြောနေတဲ့သူကို မြင်ရပြီဆိုရင် တစ်ချိန်တုန်းကတော့ မော့ပြီး ကြည့်နေခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တစ်နေ့တာလုပ်အားခနဲ့ဆိုရင် ဘယ်လိုမှ သုံးစွဲနိုင်ဖို့စိတ်ကူးလို့မဖြစ်နိုင်ခဲ့ပါဘူး။ အခုတော့လည်း လူတန်းစားအသီးသီးက သုံးစွဲနိုင်ပြီဖြစ်တာကြောင့် နိုင်ငံတော်နဲ့ သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်" ဟု ၎င်းစဉ့်ထည်လုပ်သားကြီးက အားရဝမ်းသာစွာဖြင့် ဆက်လက်ပြောကြားသည်။

ကိုယ်ကာယ ခွန်အားဗလကို အမြဲစိုက်ထုတ်၍ နေ့စဉ်အသက်မွေးခဲ့ရသော စဉ့်ထည်လုပ်သားကြီးများသည် ရှေးယခင်ကတည်းက စတင်၍ ဆွေစဉ်မျိုးဆက် စဉ့်ထည်လုပ်ငန်းများ လုပ်ကိုင်လာလျက်ရှိရာ အခြားသော မြို့ပြဒေသကြီးများမှ စဉ့်ထည်ပစ္စည်းများကို စိတ်တိုင်းကျ မှာယူတင်သွင်းနိုင်ရန်အတွက် စဉ့်ထည်အလုပ်ရုံသို့မကြာခဏရောက်ရှိလာတတ်သည့် ဧည့်သည်တော်လုပ်ငန်းပိုင်ရှင်များသာလျှင် တစ်ချိန်ကလက်ကိုင်ဖုန်းကိုင်ဆောင်နိုင်ခဲ့ရာမှ ယခုအခါ လူတန်းစားမရွေး တစ်ပြေးညီ ကိုင်ဆောင်လာနိုင်သည့်အတွက် စဉ့်ထည်လုပ်သားကြီးများလည်း ဝယ်ယူသုံးစွဲနိုင်ခဲ့ခြင်းဖြစ်သည်။

"နေ့စဉ်ထုတ်လုပ်တယ်။ ညကျတော့ စဉ့်မီးဖုတ်တယ်။ အခြားဘယ်ဒေသကိုမှ သွားလာခဲ့ခြင်း မရှိပါဘူး။ လက်ကိုင်ဖုန်းဆိုတာလည်း လုပ်ငန်းရှင်ဖုန်းလို့တောင် ပြောရင်ရနိုင်တယ်။ အခုတော့လည်း လုပ်ငန်းရှင်ရောအလုပ်သမားများပါ တစ်ပြေးညီကိုင်နိုင်ခဲ့ပါပြီ" ဟု စဉ့်အိုးကြီးများကို တနင့်တပိုးထမ်းလာသော စဉ့်လုပ်သားကြီး ဦးမင်းဒင်ကပြောကြားသည်။

နိုင်ငံသားအားလုံး အခွင့်အလမ်းများ တစ်ပြေးညီရယူ ခံစားပိုင်ခွင့်ရရှိစေရန်အတွက် ယခင်က သိန်းဂဏန်းရှိသော လက်ကိုင်ဖုန်းကတ်များသည် ယခုအခါ ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည့်အတွက် အလုပ်ရှင်အလုပ်သမား တစ်ပြေးညီ ဖုန်းသုံးစွဲလာနိုင်ခြင်းဖြစ်သည်။ ယင်းကြောင့် ယခုလတွင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းစဉ့်ထည်ထုတ်လုပ်ရာ ဒေသ၌ GSM ဖုန်းအလုံး ၂၀၀ ကျော်ခန့်ကို စဉ့်ထည်လုပ်သားကြီးမှ ဝယ်ယူသုံးစွဲလာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

သြဇာ(မုံရွာ)

ဖျာပုံမြို့ ကုန်တင်ယာဉ်များ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေချင်

ဖျာပုံ ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ဈေးများရှိ ဈေးဆိုင်များသို့ ကုန်တင်ကုန်ချပြုလုပ်ရာတွင် (၁၃)လမ်း အပြောင်ဈေးသည် လမ်းဆုံလမ်းခွနှင့်ချောင်းကမ်းစပ်တွင် တည်ရှိပြီး ကျေးလက်နေပြည်သူများ ရေလမ်းခရီးနှင့်ကုန်ပစ္စည်းများ ရောင်းဝယ်ရာနေရာဖြစ်သည့်အပြင် ဈေးသူဈေးသားများ၊ ဆိုက်ကားဂိတ်နှင့် ဆန်ကုန်သည်များ၏ ဆန်အရောင်းဆိုင်များ တည်ရှိရာ နေရာဖြစ်သည်။ ရန်ကုန်မြို့မှလာရောက်သည့် ကုန်တင်ကားကြီးများက လမ်းပိတ်ဆို့၍ ကုန်တင်ကုန်ချပြုလုပ်နေကြရာ နေ့စဉ် လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းကြောင့် ကျောင်းသား ကျောင်းသူများနှင့်ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို သက်ဆိုင်ရာက လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးမှသာ ပြည်သူများနှင့်ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းဝေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

(ဝ၇၁)

(၁၀၅)လိုင်းမှ ဒိုင်နာယာဉ် လမ်းပြောင်းပြန် မောင်းနှင်ရာမှ ယာဉ်တိုက် တိမ်းမှောက်မှုဖြစ်

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ဦးချစ်မောင်လမ်းတွင် ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် (၁၀၅)ယာဉ်လိုင်း ၁က/. . . ဒိုင်နာယာဉ်မှာ တစ်ဖက်ယာဉ်ကြောအတွင်းသို့ လမ်းပြောင်းပြန်ဝင်ရောက်၍ မောင်းနှင်စဉ် တောင်မြင်းပြိုင်ကွင်း လမ်းထိပ်သို့အရောက်၌ သတ်မှတ်ယာဉ်ကြောအတိုင်း ကိုသော်ဇင်မြင့်မောင်းနှင်လာသည့် ၃စ/. . . ဆူဇူကီးဆွစ်ယာဉ်နှင့် ကိုကျော်ကျော်မောင်းနှင်လာသည့် ၄င/. . . ကင်တာဘောက်စ်ယာဉ်တို့နှင့် တိုက်မိကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်တိမ်းမှောက်မှုကြောင့် ယာဉ်သုံးစီးလုံး ပျက်စီးခဲ့ရကာ (၁၀၅)လိုင်း ယာဉ်ပေါ်ပါခရီးသည်ငါးဦး ဒဏ်ရာများရရှိကြသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာများအဖြစ်လည်းကောင်း၊ ယာဉ်နောက်လိုက်ဖြစ်သူ ကိုမျိုးအောင်မှာ ဒဏ်ရာများဖြင့် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ်လည်းကောင်း ကုသလျက်ရှိနေပြီး (၁၀၅)လိုင်း ၁က/. . . ဒိုင်နာယာဉ်မောင်း (စုံစမ်းဆဲ)မှာအခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တာမွေမြို့မရဲစခန်းက အရေးယူထားရှိပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-SP)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှိ ပြုပြင်သုံးစွဲရန်မသင့်လျော်သည့် အောက်ပါပစ္စည်းဟောင်း (၇၀)မျိုးတို့အား ရောင်းချလိုပါသဖြင့် ယှဉ်တွဲပါဒေသများအလိုက် ပစ္စည်းကြည့်ရှုနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	ပစ္စည်းကြည့်ရှုရမည့်နေရာ
(က)	စက်ကိရိယာပစ္စည်း	၄၀ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ခ)	ပရိဘောဂပစ္စည်း	၈ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ဂ)	ရုံးသုံးကိရိယာ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာပစ္စည်း	၂၂ မျိုး	အမှတ်(၆၉/၇၁)၊မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ ရန်ကုန်ရုံးခွဲ (ရန်ကုန်မြို့)၊ မြိတ်ရုံးခွဲ(မြိတ်မြို့)

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၅။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၈-၂၀၁၃ရက် ၁၆း၃၀ ဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဖုန်း-၀၆၇-၄၁၄၀၈၃၊ ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၇၁၉၅ နှင့် မြိတ်ရုံးခွဲ ဖုန်း-၀၅၉-၄၁၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂၉-၇-၂၀၁၃ရက်မှစ၍ ၂၉-၈-၂၀၁၃ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၂၉-၈-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) **ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း(၄)မျိုး**

(၁)	Personal Computer(Core i7)(Clone)	(၅၅)လုံး
(၂)	UPS (Cyber Power 1000W)	(၅၅)လုံး
(၃)	Laser Printer(Canon LBP-2900)	(၁၈)လုံး
(၄)	Card Printer(Data Card SP 75 Card Printer)	(၃)လုံး

(ခ) **ရုံးသုံးစက်ကိရိယာပစ္စည်း(၅)မျိုး**

(၁)	Digital Copier(Fuji Xerox)(DC-S 2010)	(၈)လုံး
(၂)	Digital Copier (Konica Bizhub-195)	(၅)လုံး
(၃)	Calculator(Olympia DT 8860 TX)	(၃၀)လုံး
(၄)	Fax Telephone(Thermal)(Panasonic)	(၃၀)လုံး
(၅)	Air Conditioner(Split Type)(2.0 HP)(Mitsubishi)	(၂)လုံး

(ဂ) **ရုံးသုံးပရိဘောဂ(၅)မျိုး**

(၁)	သံမဏိဗီရိုကြီး(CB-02)(LEECO)	(၃၁)လုံး
(၂)	လေးဆင့်ပါ သံမဏိဗီရို (FC-0114)(LEECO)	(၃၀)လုံး
(၃)	ဆိုဖာတပ်သံကုလားထိုင်(B-319)	(၂၀)လုံး
(၄)	ကွန်ပျူတာစားပွဲ(SV-202)	(၁၁)လုံး
(၅)	ဖိုင်ဘာစားပွဲ (8' x 4'x 2' 6")(ATV-2412)	(၁)လုံး

၂။ မေးမြန်းစုံစမ်းလိုပါက ဖုန်း-၀၆၇-၄၃၁၀၂၇သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 14/DHPI/Tyre/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Tyre	1 Lot

Tender No. 15/DHPI/ Battery / 2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Battery	1 Lot

Tender No. 16/DHPI/Lubricant/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Lubricant	1 Lot

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin) တို့အား ၁၅-၈-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ရက် မွန်းတည့် ၁၂း၀၀နာရီ ဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ပြင်ဆင်ဖတ်ရှုပါရန်

၉-၆-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(က) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၀) ရွှေပြည်သာမြို့နယ် ဒေါ်ခင်ဝင်းကြည်၏မှတ်ပုံတင် ၈/ရနခ(နိုင်) ၀၀၉၅၇၉ အစား ၈/ရနခ(နိုင်)၀၂၆၆၄၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ရန်ပြေ၊မြေကွက်အမှတ် ၁၇၊ မြေကွက်တည်နေရာအမှတ် ၃၁၊ မင်းရဲကျော်စွာလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးစန်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား ဒေါ်တင်တင်လှိုင်မှ မြေအမည်ပေါက် ဦးစန်းမြင့်အား သာကေတမြို့နယ်တရားရုံး၌ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၁ ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး ရရှိသည့်အနိုင်ဒီကရီနှင့် ယင်းရုံး၏ ဇာရီမှုအမှတ်(၈/၂၀၁၃)အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၁၅၈/က၊ မြေကွက်တည်နေရာအမှတ် ၁၁၅၈/က၊ ရှုခင်းသာလမ်း၊ ၁၀/တောင် ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ညွန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ညွန့်(ဖခင်)နှင့် ဒေါ်ခင်သောင်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ခင်သိန်းညွန့် ၁၂/သကတ(နိုင်)၀၆၁၃၅၉၊ ၂။ ဒေါ်ခင်စန်းညွန့် ၁၂/သကတ(နိုင်)၀၆၁၃၆၀၊ ၃။ ဦးသိန်းဝင်း ၇/ထတပ(နိုင်)၀၂၆၄၃၄၊ ၄။ ဒေါ်ခင်နှင်းညွန့် ၁၂/တမန(နိုင်)၀၁၄၇၃၃၊ ၅။ ဦးတင်မောင်ဝင်း ၁၂/သကတ(နိုင်)၀၆၁၃၅၃၊ ၆။ ဦးအောင်နိုင်ဝင်း ၁၂/သကတ(နိုင်)၀၆၈၆၇၂၊ ၇။ ဦးအောင်ကျော်ဝင်း ၁၂/သကတ(နိုင်)၀၆၁၃၅၅တို့ မွေးဖွားခဲ့ပြီး အမှတ်စဉ်(၁)မှ (၆)အထိသည် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၉၉၅၈/၁၃) ဦးအောင်ကျော်ဝင်းအား ပေးအပ်ခဲ့ပြီး ၎င်းမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၈၃၊ မြေကွက်အမှတ် ၅၅၃ အမည်ပေါက် ဦးထွန်းအောင် HBO-၀၀၅၉၁၁ထံမှ ဝယ်ယူထားသူ ဒေါ်ဝင်းဝင်းမော် ၁၀/မလမ(နိုင်)၀၁၂၅၃၉က ရုံးခွဲစာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲမှတ်ပုံတင်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၈၇၊ မြေကွက်အမှတ် ၁၀၀၇(က) အမည်ပေါက် ဦးလှဝင်း ၁၂/ဒဂဆ(နိုင်)၀၆၃၇၂၃ ထံမှ ဝယ်ယူထားသူ ဦးစန်းဝင်း ၁၄/သကလ(နိုင်)၀၇၃၄၈၃က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗမ္မာသီရိ(၃)လမ်း၊ မြေကွက်အမှတ်(၈၂၈) ရှိအိမ်မြေ၏ နှစ်(၆၀)မြေငှားဂရန် မူရင်းအမည်ပေါက် ဦးတင်သိန်း ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မြင့်သည် (၁၂-၃-၁၉၉၇) နေ့မှစ၍ ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်ပြီး အဆိုပါမြေကွက်၏ မြေငှားဂရန်မူရင်းနှင့်အတူ သက်ဆိုင်သော ဆက်စပ်စာရွက်စာတမ်းမူရင်းများမှာ ယခုကြော်ငြာစာမထည့်သွင်းမီ တစ်လခန့်အတွင်း ပျောက်ဆုံးသွားပါသည်။ အဆိုပါပျောက်ဆုံးသွားသော မြေငှားစာချုပ် မူရင်းနှင့် ဆက်စပ်သောစာရွက်စာတမ်း များအား လက်ဝယ်ရရှိထားသူ မည်သူ တစ်ဦးတစ်ယောက်ကမှ တစ်ဆင့်ပေါင်နှံခြင်း ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးနှင့် စည်ပင်သာယာရုံးများတွင် အမည်ပေါက်ပြောင်းလဲခြင်း၊ မြေဂရန်သစ်လျှောက်ထားခြင်းတို့ လုံးဝမပြုလုပ်ရန်နှင့် အဆိုပါဂရန်မူရင်းအား လက်ဝယ်ထားရှိသူမှ အထက်ပါကိစ္စရပ်များပြုလုပ်ခဲ့ပါလျှင် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးတင်မြင့် (၁၂/လမန(နိုင်)၀၅၀၉ရရ)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးသိန်းထူး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၈၁၅)
ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊
(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၁၄၄၁၄၊ ၀၉ ၇၃၁၀၀၅၁၂

မှုခင်းသတင်းနှင့်ကြော်ငြာ

သာကေတမြို့နယ်၌ ဆေးလိပ်မီးမှ စတင်မီးလောင်မှုဖြစ်

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က သာကေတမြို့နယ် (၈) ရပ်ကွက် ဧရာဝဏ်လမ်း မြခွာညိုအိမ်ရာ တိုက်(၂) အနောက်ဘက် ဂိုဒေါင်အတွင်း ဦးအောင်ကြိုင် (၈) ရပ်ကွက် သာကေတမြို့နယ် နေသူက သောက်လက်စ ဆေးလိပ်တိုကို ကတ်ထူပုံးပေါ်တင်ထားခဲ့ရာ ကတ်ထူပုံးမှ တစ်ဆင့်အနီးရှိ ပလတ်စတစ်ပုံးနှင့်အထည်စများသို့ မီးကူးစက် လောင်ကျွမ်း၍ မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရပြီး ငါးမိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။ မီးပေါ်ဆစွာသုံးစွဲသူ ဦးအောင်ကြိုင်အား သာကေတမြို့နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**(စိုးဝင်း-SP)**

သမီးကို စကားလိုက်ပြော၍ လူသတ်မှုဖြစ်ပွား

မအူပင် ဇူလိုင် ၃၀

မအူပင်မြို့နယ် တလုပ်လပ်အနောက်ကျေးရွာ၌ ဇူလိုင် ၂၄ ရက် ည ၁၀ နာရီက ဒေါ်စန္ဒာဝင်း (၄၁ နှစ်) သည် အိပ်ခန်းအတွင်း အိပ်ပျော်နေစဉ် ဘုရားခန်းရှေ့၌ အိပ်ပျော်နေသော သားဖြစ်သူ မောင်အောင်သူ (ခ) အောင်သူစိန် (၂၀ နှစ်)၏ အော်သံကြား၍ ထကြည့်ရာ သားဖြစ်သူမှာ အိပ်ရာပေါ်၌ လည်ပင်းတွင် သွေးများထွက်လျက် လည်ပင်းအလယ် တစ်လက်မခန့် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိနေပြီး ၄င်း၏ဘေးတွင် တစ်ရွာတည်းနေ ဦးဖေသက် (၄၅ နှစ်)ကို တွေ့ရှိရသဖြင့် ဒေါ်စန္ဒာဝင်းက သားဖြစ်သူ မောင်အောင်သူအား မေးမြန်းရာ ဦးဖေသက်၏ သမီးအား ချစ်စကားလိုက်လံပြောသည့်ကိစ္စကို မကျေနပ်၍ လုံဖြင့် နေအိမ်ပေါ်တက်ရောက် ထိုးခြင်းဖြစ်ကြောင်း ပြောပြပြီး မောင်အောင်သူ (ခ) အောင်သူစိန်မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သောကြောင့် ဒေါ်စန္ဒာဝင်း၏ တိုင်တန်းချက်အရ မအူပင်ရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်(လှကြည်)

သဃ်န်းကျွန်းမြို့နယ်တွင် ခြင်ထောင် ထောင်သည့်ကိစ္စဖြင့် စကားများပြီး လူသတ်မှုဖြစ်

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၂၇ ရက် ည ၁၀ နာရီခွဲ၌ သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက်နေ ဒေါ်ခင်ရွှေသည် နေအိမ်၌ရှိနေစဉ် အတူနေ မောင်ဖြစ်သူ ကြည်လှိုင် (ပန်းရန်ဆရာ)မှာ မာဃလမ်းရှိ ဆောက်လက်စတိုက်တွင် အလုပ်လုပ်နေရာမှဓားထိုးခံရ၍ သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုရာ မောင်ဖြစ်သူ ကြည်လှိုင်တွင် ဝဲဘက်ရင်အုံ ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ဖမ်းဆီးစစ်ဆေး

ဖြစ်စဉ်ကိုစုံစမ်းရာ ပန်းရန်အတူလုပ်သည့် တပည့်ဖြစ်သူ ရဲလင်းထွန်း (၁၀၅)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေသူနှင့် အိပ်ရန်ခြင်ထောင်ထောင်သည့်ကိစ္စဖြင့် စကားများကြစဉ် ရဲလင်းထွန်းက ဓားဖြင့်ထိုးသဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ အရေးယူပေးပါရန်တိုင်တန်းခဲ့သဖြင့် ဒဂုံတောင် မြို့မရဲစခန်း၌ အမှုဖွင့်ပြီး ရဲလင်းထွန်းကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-SP)

ညီအစ်ကိုဝမ်းကွဲချင်း အရက်မူးပြီး ပုလင်းကွဲဖြင့် ထိုး

ဝါးခယ်မ ဇူလိုင် ၃၀

ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာနေ ညီညီ(ခ) ဖိုးတုတ်(၃၂နှစ်) ရွှေလောင်းဆေးရုံ ရှေ့ဈေးဆိုင်၌ ရှိနေစဉ် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ စိုးထိုက်(ခ) ပွားလေး(၃၃နှစ်)သည် အရက်သောက်စားမူးယစ်ကာပုလင်းအလွတ်တစ်လုံး ကိုင်လျက်ရောက်ရှိလာပြီး ပွဲထောင်အော်ဒါလိုက်သည့်ကိစ္စ ငွေပို ငွေလို မေးသည်ကို မကျေနပ်သဖြင့် စိုးထိုက်(ခ) ပွားလေးက ပုလင်းကို ရိုက်ခွဲ၍ ပုလင်းခေါင်းပြတ် အချွန်ဖြင့် ညီညီ(ခ)ဖိုးတုတ်ကို ထိုးရာ ပေါက်ပြဲဒဏ်ရာ (စိုးရိမ်)ရရှိသွားသဖြင့် ရွှေလောင်းရဲစခန်းက အမှုဖွင့်၍ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ပုသိမ်(လှကြည်)**

လှိုင်မြစ်အတွင်းဘောလုံးဆင်းဆယ်ရာမှ ကျောင်းသားတစ်ဦးရေနစ်သေဆုံး

ဒလ ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ကားကူးကူးတို့ဆိပ်တွင် ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီခွဲခန့် ရေတက်နေစဉ်က ရေနစ်သေဆုံးသူ လူသေအလောင်းတစ်လောင်းကို ပလတ်စတစ်အိတ်ကြီးထဲထည့်၍ စက်လှေငယ်ဖြင့် ဆွဲသယ်ယူလာပြီး အဆိုပါ ဆိပ်ကမ်းရှိ ငုတ်တစ်ငုတ်တွင် ချည်နှောင်ထားရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လူသေအလောင်းသည် လွန်ခဲ့သော ခြောက်ရက်ခန့်က အင်းစိန်မြို့နယ် မြို့သစ် က+ခ ရပ်ကွက်နေ ကိုးတန်းကျောင်းသားတစ်ဦး အင်းစိန်ကြိုးတံတားအနီး လှိုင်မြစ်ကမ်းစပ်တွင်၄င်း၏သူငယ်ချင်းများနှင့် ဘောလုံးကန်ကစားရာမှ ဘောလုံးရေထဲကျသွားသဖြင့် ရေကူးပြီးလိုက်ဆယ်ရာမှ ရေနစ်သေဆုံးသွားကြောင်း သိရသည်။

အမှုဖွင့်ဆောင်ရွက်

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မျိုးဇော်ထွန်းက တရားလိုပြု၍ ပုပ်ပွလျက်ရှိသော ရေနစ်သေဆုံးသူအလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရဲဆေးစာနှင့်အတူပေးပို့ခဲ့ပြီး ဆိပ်ကမ်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဌွေး(ဒလ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ (၄)လမ်း၊ အမှတ် ၆၆(ခ)နေ ဦးစောတင်(စက်ခန်းမှူး)ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ဒေါ်ကျင်ထွေးတို့၏ တစ်ဦးတည်းသောသား

မောင်စောနိုင်ဦး

B.A(Law),Junior Engineer(Bay Point Com…) နှင့်

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရွာဟောင်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၁၂၉ နေ ဦးကျော်သိန်း(ကုန်သည်)-ဒေါ်အောင်ကြာဖံတို့၏ သမီးလတ်

မဆန်းဆန်း

Second Year(University of Co-operative)

တို့သည် နှစ်ဖက်မိဘခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်ဝေဖြိုးသူဦး၏ နိုင်ငံကူးလက်မှတ်အမှတ် MA.118213 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၁၇၁၆၂၄၃

၂၁-၇-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးမြင့်အုန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၀၀၄)၏ ကန့်ကွက်နိုင်ပါသည်ကြေညာချက်အပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၂၊ ဝေဠုဝန်(၂)လမ်း၊ မြေကွက်အမှတ် 62/1 -B၊ မြေဧရိယာ ၀ဒသမ ၀၂၉၈က၊ ပေ(၂၅×၅၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအပြည့်အစုံပါ ပျဉ်ထောင်အိမ်၊ နှစ်ထပ်တစ်လုံးနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ပိုင်ဆိုင်ကြောင်းကတိပြုသူ ဒေါ်ညွန့်ညွန့်လွင် ၁၂/စခန(နိုင်)၀၁၈၂၇၈၊ ဒေါ်စိန်အေး ၁၂/စခန(နိုင်)၀၁၇၅၈၅၊ ဒေါ်ရင်ရင်အေး ၁၂/ဗဟန(နိုင်)၀၆၀၃၉၂ ပါနှစ်ဦးတို့သည် အဆိုပါမြေကွက်ကိုပိုင်ဆိုင်ကြောင်း စရန်ငွေယူထားသော်လည်း မြေကွက်သည် (ဦးတင်မြင့်နှင့် ဒေါ်စောမြင့်) မိဘများပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပြီး၊ ဦးတင်မြင့်နှင့် ဒေါ်စောမြင့်တို့တွင် သားသမီးရှစ်ဦးထွန်းကားခဲ့ရာ ဦးတင်မြင့်သည် ၁၃-၁-၂၀၀၅ရက်၊ ဒေါ်စောမြင့်သည် ၂၃-၁၂-၂၀၁၀ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျန်သားသမီးအားလုံးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိကြောင်း သိရှိပါလျက် စရန်ငွေယူထားသူ ငါးဦးတို့သည် ကျန်အမွေဆိုင်များအား အသိပေးခြင်း၊ အကြောင်းကြားခြင်းမရှိဘဲ အဘိုး ဦးတင်မြင့်နှင့် အဘွား ဒေါ်စောမြင့်တို့၏ ကျန်ရစ်သော အမွေပုံပစ္စည်းအပေါ် ရောင်းချရန်ဆောင်ရွက်ခြင်းကို ကျွန်ုပ်၏မိတ်ဆွေ ကွယ်လွန်သူ ဦးမြတ်ကျော်သူ၏ သားအရင်းဖြစ်သူ ဦးရဲမြတ်မင်း ၁၂/စခန(နိုင်)၀၆၈၁၉၄က မြေကွက်နှင့်အိမ်အဆောက်အအုံ အရောင်းအဝယ်ကိစ္စ ကြေညာခြင်းအပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ချို LL.B(စဉ်-၄၀၁၃) **ဒေါ်ဇင်မာနွယ် LL.B(စဉ်-၃၄၂၆၆)**
ဒေါ်ဝင်းမာလာ LL.B(စဉ်-၈၆၅၀) **ဒေါ်ထိုက်ထိုက်အောင် LL.B(စဉ်-၃၆၁၃၀)**
တရားလွှတ်တော်ရှေ့နေများ **ဒေါ်ဇင်ဇင်ဖြိုး LL.B(စဉ်-၄၀၀၈၂)**
အထက်တန်းရှေ့နေများ

အမှတ် ၅၆၃၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၂၈၆၉၁၁၊ ၀၉-၇၃၁၆၀၄၈၀

Pretty Paragon Textile Co., Ltd.

ပြည်တွင်း၌သာခန့်ထားရန်

အမှတ်စဉ်(၁)	လက်ထောက်စီမံမန်နေဂျာ	(ဘွဲ့ရ)	ကျား/မ ၁ ဦး	(မန္တလေး)
အမှတ်စဉ်(၂)	လက်ထောက်စာရင်းကိုင်	(စာရင်းဘွဲ့ရ)	ကျား/မ ၄ ဦး	(ရန်ကုန်)
အမှတ်စဉ်(၃)	လက်ထောက်စာရင်းကိုင်	(စာရင်းဘွဲ့ရ)	ကျား/မ ၄ ဦး	(လှည်းကူး)
အမှတ်စဉ်(၄)	Marketing Supervisor	(ဘွဲ့ရ)	ကျား/မ ၃ ဦး	(မန္တလေး)
အမှတ်စဉ်(၅)	Sales Supervisor	(ဘွဲ့ရ)	ကျား/မ ၃ ဦး	(ရန်ကုန်)
အမှတ်စဉ်(၆)	Sales Man	(တက္ကသိုလ်ဝင်တန်းအောင်)	ကျား/မ ၄ ဦး	(ရန်ကုန်)
အမှတ်စဉ်(၇)	ဒီဇိုင်းရေးဆွဲသူ	(အနုပညာဒီပလိုမာဘွဲ့/ပန်းချီ)	ကျား/မ ၃ ဦး	(ရန်ကုန်)
အမှတ်စဉ်(၈)	ယာဉ်မောင်း		ကျား ၄ ဦး	(ရန်ကုန်)

အမှတ်စဉ်(၂/၃)အတွက် **B.Com, DA, LCCI (level-3), B.Act** ဘွဲ့ရဖြစ်ရမည်။

အမှတ်စဉ်(၃)လျှောက်ထားသူများသည် လှည်းကူးမြို့ မင်းတုန်းကျေးရွာအနီး စိုက်ပျိုးရေးခြံ၌ တာဝန်ထမ်းရမည်။

အမှတ်စဉ်(၆/၇)အတွက် အသက်(၂၀ မှ ၃၀)ဖြစ်ပြီး အမှတ်စဉ်(၇)မှာ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်တွင် ထမ်းဆောင်ရမည်။ ကျန်အမှတ်စဉ်များအတွက် အသက်(၂၅မှ ၃၅)နှစ်ကြားဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်များတွင် တာဝန်ထမ်းဆောင်ရမည်။ လျှောက်ထားလိုသူများသည် ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာလုပ်ငန်းတွင် အတွေ့အကြုံရှိသူများဖြစ်၍ လိုအပ်သောစာရွက်စာတမ်းနှင့်အတူ အမှတ် ၆၄၃၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၀၃၅၇နှင့် အမှတ် ၉၈၊ E ရုံ၊ ပထမထပ် ဈေးချို၊ မန္တလေးမြို့၊ အမှတ် ၁၈၊ ၁၄ လမ်းနှင့် ၈၀-၈၁ လမ်းကြား၊ မန္တလေးမြို့သို့ ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ ရက်အတွင်း သက်ဆိုင်ရာမြို့များသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာရှိ တိုက်အမှတ်(A)၊ အခန်းအမှတ်(၄၀၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ကြည် ၁၂/ဗဟန(နိုင်)၀၃၁၃၈၅ထံမှ စာချုပ်စာတမ်းဖြင့်အမွေဆက်ခံသူ ဒေါ်ခင်မေမြတ် ၁၂/ဗဟန(နိုင်)၀၃၀၅၁၉က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်-၈၀၊ မြေကွက်အမှတ် ၅၀၊ (၄၀ ပေ × ၆၀ ပေ) ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်စာချုပ် (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရည်မွန်ချို (LL.B) (စဉ် – ၃၆၇၂၂)
အထက်တန်းရှေ့နေ
အခန်း-၂၀၂၊ တိုက် (၁၀)၊ ၅၄-လမ်းတို၊ အနော်ရထာအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၁၀၃၂၅၆၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တက်သစ်၊ တူးချောင်းကျေးရွာ၊ ရတနာမွန်လမ်းမကြီး၊ အမှတ်(၁)၊ အကျယ်အဝန်း(အနံ ၂၂ပေ×အလျား ၅၅ပေ)ရှိမြေနှင့် အဆောက်အအုံအား လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးအောင်နိုင် ၁၂/ထတပ(နိုင်)၀၁၄၈၁၁ ဇနီး ဒေါ်ကေသီဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်း ၂/ဖဆန(နိုင်)၀၀၄၁၆၈က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း
LL.B,D.M.A,D.B.L,D.M.L,D.A(Psy),WIPO,D.L.P(Switzerland),
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း- အမှတ်(၆၂)၊ အခန်း(၁၇)၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
နေအိမ်- အမှတ်(၄၀)၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ သလ္လာဝတီလမ်း၊ မြေကွက်အမှတ်(၄၈၁/က)ဟုခေါ်တွင်သော မြေအလျား×အနံ (၂၀×၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်အေး (၁၂/မဂတ(နိုင်)၀၄၁၃၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါနိုင် စဉ်-၃ရ၁၁၈ LL.B, D.B.L
(အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(ရ)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀ရရ၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ရလပ/၂၆၊မြေကွက်အမှတ်-၁၁၅၈၊(၄၀×၆၀)ပေအကျယ်အဝန်းရှိ၊ ဗိုလ်ကြီးသိန်းဇော်ထွေး အမည်ပေါက်၊ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဦးဝင်းတင်(၈/ခမန(နိုင်)၀၉ရ၄၄၅)ထံမှစာချုပ်အဆင့်ဆင့်ဖြင့်ကျွန်ုပ်၏မိတ်ဆွေမှလွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၃)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့်ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီးကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိုတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ကလျာဦး(LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၂၉၉၂)
အမှတ်-(၂၂) ၊ဘုရားလမ်း၊
(၅)ရပ်ကွက်၊ကမာရွတ်မြို့နယ်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေး

နမ့်ခမ်း ဇူလိုင် ၃၀

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁G^၁၊ မြေကွက်အမှတ် V ၁၀၈၊ လူနေရပ်ကွက်အမှတ်(ဖို့မြေ)၊ ဧရိယာ ၀ ဒသမ ၀၂၉ဧက နှစ် ၉၀မြေငှားဂရန်မြေ (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ အမှတ် ၇ ဟုခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ်လုံးချင်း အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်စိန် ၁၂/မဂတ(နိုင်)၀၆၉၆၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၂၆-၇-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့် အိမ်အရောင်းအဝယ်(စရန်ပေး) ကတိစာချုပ်ကို ချုပ်ဆိုပြီး စရန်ငွေ၏တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေ၊အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော်(တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၂၉
Than Than Win & Associates(Law Firm)
အမှတ် ၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၄ လမ်း၊ အမှတ် ၄၉၁/ခ ရှိ အကျယ်အဝန်းပေ(၁၀×၆၀)ရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးစံပယ် ၁၂/မဂဒ(နိုင်)၁၂၉၁၄၈ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ယုဇနအေး
၁၂/ဒပန(နိုင်)၀၀၈၇၄၈
အမှတ် ၅၄/B၊ ခုနစ်လွှာ
ဦးကြွယ်ဟိုးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်

လွှဲအပ်ညွှန်ကြားခံရသူများ-
ဒေါ်စုမြတ်မွန် **ဒေါ်ဇာခြည်ဆွေ**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
စဉ်-၃၁၄၉၀ **စဉ်-၃၁၅၀၉**
အမှတ် ၄၉၃၊ အခန်း ၄၊၅၊၆၊ နဂါးရုံဘုရားလမ်း၊
(၅)ရပ်ကွက်၊ မရမ်းကုန်း၊
ဖုန်း-၀၉- ၄၂၀၀၀၇၈၄၆၊ ၀၉-၄၂၀၁၄၄၇၄၁

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းရည် (ပန်းသာရပ်ရှင်)
(USIS)
မဟာစည်အလုပ်အမှုဆောင်
အသက် (၉၃)နှစ်

ဦးလင်းအောင်(GM၊ ကျော်ထက်ကျော်ကုမ္ပဏီ)-ဒေါ်နုနုရီတို့၏ဖခင်ကြီးသည် ၂၇-၇-၂၀၁၃ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **Managing Director နှင့် ဝန်ထမ်းများ**
ကျော်ထက်ကျော်ကုမ္ပဏီ

အထူးဝမ်းနည်းကြေကွဲခြင်း
မောင်ဇာနည်မျိုးမင်း (သုံးဆယ်မြို့)
၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(၅)ဘာသာဂုဏ်ထူးရှင်
၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း လူရည်ချွန်(သာယာဝတီခရိုင်)
အသက်(၁၇)နှစ်

သုံးဆယ်မြို့၊ အောင်မင်္ဂလာကွက်သစ်နေ ဦးမျိုးအေး-ဒေါ်ယမင်းရွှေစင်တို့၏သား မောင်ဇာနည်မျိုးမင်းသည် ၂၇-၇-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အနာဂတ်ရဲ့ ကြယ်တစ်ပွင့်အကြွေစော၍ နှမြောတသဝမ်းနည်းကြေကွဲရပါသည်။

မိဘဆရာအသင်း
ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ ဆရာမများ
အထက သုံးဆယ်မြို့

သား/မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တော်ရပ်ကွက်၊ ၅၂ လမ်း×၅၃လမ်းကြား၊ ၄၂ လမ်း၊ အိမ်အမှတ် ၈၁၊ ဦးညို(ကွယ်လွန်)နှင့် ဒေါ်ကဲ ၈/မမန(နိုင်)၁၁၀၄၅၀တို့၏သား မောင်ဇော်ဝင်းနိုင်သည် လွန်ခဲ့သော ၁၅ နှစ်ခန့်ကတည်းက မိဘစကားနားမထောင်ဘဲ ရန်သူသဖွယ် ဆက်ဆံပြီး နေအိမ်ပေါ်မှဆင်းသွားပါသည်။ ထို့နောက် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ပြန်လည်ရောက်ရှိလာသော်လည်း မိခင်၊ ညီအစ်ကိုမောင်နှမများအား သိက္ခာကျဆင်းပြီး စိတ်ဆင်းရဲအောင် ပြုမူဆောင်ကြဉ်းခဲ့ပါသည်။ ထို့ကြောင့် ယခုကြော်ငြာထည့်သည့်ရက်မှစ၍ သား/မိသားစုဝင်အဖြစ်မှ စွန့်လွှတ်လိုက်ပါသဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင် ဒေါ်ကဲနှင့် ညီအစ်ကိုမောင်နှမများ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၄၆၊ မြေကွက်တည်နေရာအမှတ် ၂၄၆၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှရွှေနှင့်ဇနီးဒေါ်သန်းရီ ကွယ်လွန်သဖြင့် ဦးမောင်ကင်း ၁၂/ဥကတ(နိုင်)၀၄၇၄၀၂၊ ဒေါ်ခင်စန်းကြွယ် ၁၂/ဥကတ(နိုင်)၀၄၇၉၂၉၊ ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၀၄၇၄၁၈၊ ဒေါ်ခင်စန်းဌေး ၁၂/ဥကတ(နိုင်)၀၄၆၇၃၉၊ ဦးစိန်ဝင်း ၁၂/ဥကတ(နိုင်)၀၄၇၃၉၉၊ ဒေါ်ခင်စန်းအေး ၁၂/ဥကတ(နိုင်)၀၄၆၇၄၀၊ ဒေါ်ခင်အေးသန်း ၁၂/ဥကတ(နိုင်)၀၄၇၉၂၈၊ ဒေါ်ခင်သန်းထွေး ၁၂/ဥကတ(နိုင်)၁၄၇၇၀၇၊ ဒေါ်မြင့်မြင့်ထွေး ၁၂/ဥကတ(နိုင်)၁၄၇၇၀၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၅၃၄၃ (၂၉-၃-၁၃)၊ ၅၃၄၄ (၂၉-၃-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ်ဒေါ်ခင်စန်းအေး ၁၂/ဥကတ(နိုင်) ၀၄၆၇၄၀က ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၅၄(၂၉-၅-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးဇော်ဝင်း ၁၂/ဒလန(နိုင်)၀၁၃၃၇၀ က ၃-၆-၂၀၁၃ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ် (၈၇၆၈/၂၀၁၃)ဖြင့် ဒေါ်မြမြ ၁၂/ဒလန(နိုင်)၀၃၂၄၅၅သို့ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ဝင်း ၁၂/ဒလန(နိုင်)၀၁၃၃၇၀

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၇၈၈)၊ အမည်ပေါက် ဒု-တကကျော်ကျော်နိုင်၊ လ-၁၃၂၀၁၂ ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါက်တာဒေါ်မြမြလေး (ခ) ခင်မြင့်ဦး ၁၂/ကတတ(နိုင်)၀၀၆၁၅၁ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့်အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၁၊ မြေကွက်အမှတ် ၁၆၈/က၊ ရာဇသင်္ကြန်လမ်း၊ ပေ(၂၀×၆၀)ရှိ မြေနှင့်တကွ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်သူ ဦးဌေးအောင် ၁၂/ဥကတ(နိုင်) ၀၁၁၅၁၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကျင်အေး
၁၂/သဃက(နိုင်)၀၂၆၉၉၄
ဖုန်း-၀၉-၇၃၀၃၁၀၀၂၊ ၀၁-၅၇၂၇၁၇

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကွန်းဆိုင်(ဓနုဖြူ) (သန်လျင်တောရ)
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၃၁နေ (ဦးဘဝင်း-ဒေါ်စု)တို့၏သားထွေး၊ ဓနုဖြူမြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း၏ခင်ပွန်း၊ ဦးကျော်ကျော်ဆိုင် (A1 ဆောက်လုပ်ရေး)-ဒေါ်ယဉ်ယဉ်နိုင်(စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး)၊ဒေါ်သင်းသင်းဆိုင်-ဦးဇော်မင်းမင်း(Australia)၊ဦးကျော်လွင်ဆိုင်-ဒေါ်ခင်ဆွေဆင့်(Australia)၊ ဒေါ်လှဲ့လှဲ့ဆိုင်၊ ဒေါ်သီဂီဆိုင်-ဦးဘိုဘိုအောင်၊ ဦးကျော်ဇင်ဆိုင်(အထက်တန်းရှေ့နေ)၊ မနီလာဝင်းဆိုင်တို့၏ဖခင်၊ ကောင်းစံထိုက်၊ ကောင်းဆက်ထွန်း၊ ဇွဲရာဇာမင်း၊ ညီသုတတို့၏အဘိုးသည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၆း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမောင်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းမြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၆နေ ဒေါ်ခင်နု၏ခင်ပွန်း၊ (ဦးစုရ-ဒေါ်ကံရှိ)တို့၏သား၊ (ဦးသိန်း-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ဦးကံညွန့်-ဒေါ်ညွန့်ညွန့်ကြည်(ချမ်းသာပွဲရုံ၊ သီရိမင်္ဂလာဈေး)၊ ကိုငွေဝင်း-မမိုးသီတာ(ချင်းတွင်းပွဲရုံ၊ သီရိမင်္ဂလာဈေး)၊ ကိုသန်းထွန်းတို့၏ဖခင်သည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် စမ်းချောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်နှင့် သီရိမင်္ဂလာဈေးတို့မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကြည်ထွန်း
(Chemist-Sundat, Singapore)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊အမှတ် ၂၁၊ အထက်မန္တလေးလမ်းသွယ်(၂)လမ်းနေ (ဦးအာသာတင်ထွန်း-ဒေါ်ဂျူးစပင်း)တို့၏သားကြီး၊ ဦးမြင့်သိန်း-ဒေါ်မူမူ၊ ဦးကြည်နီ(MOB)၊ (ဦးကြည်ဝင်း)၊ (ဦးဆန်နီ)၊ ဒေါ်အဲမာရိစ်ထွန်း(ခ)မမိမိထွန်း၊ ဦးအဲဒဝင်ထွန်း-ဒေါ်အေးသန္တာစိုး(ရိုးမဘဏ်)၊ ဦးဒေးဗစ်ထွန်း(M.O.B)-ဒေါ်သန်းသန်းဝေ၊ ဒေါ်မိုးမိထွန်း(M.O.B)၊ ဒေါ်မိုးမိလေး(M.E.B-2)၊ ဦးဆန်းဝင်း၊ မရှယ်လီတို့၏အစ်ကိုကြီး၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၂၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမျိုးအောင်
ဒုတိယဦးစီးမှူး၊ ပြန်/ဆက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဥဒ္ဒန်းလမ်း၊ အမှတ် ၂၄နေ(ဦးဘာဘာ-ဒေါ်အုန်းကြည်)တို့၏တတိယသား၊ ဦးမျိုးသန့်-ဒေါ်တင်တင်ငွေ၊ ဦးမျိုးဟန်-ဒေါ်ခင်မာမြင့်တို့၏ညီ၊ ဦးကိုကိုမြင့်-ဒေါ်ရီရီနွဲ့၊ ဦးတင်သိန်း-ဒေါ်ကြည်ကြည်နွဲ့တို့၏အစ်ကိုသည် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄း၄၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံကြီးအအေးတိုက်မှ နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးကျော်မင်း
(ဗိုလ်ချုပ်ဈေး၊ နေရောင် အထည်ဆိုင်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းရီ)-ဒေါ်ခင်စိန်တို့၏သား၊ (ဦးအုန်းရွှေ)-ဒေါ်နီတာတို့၏သားသမက်၊ အမှတ် ၅၀၁၊ မင်းရဲကျော်စွာ(၂)လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်သိန်း၏ခင်ပွန်း၊ မစိန်စိန်ဦး၏မောင်၊ ကိုအေးလွင်-မသန်းသန်းမြင့်၊ ကိုဇာနည်(ခ)မင်းမင်းဇော် (Phone Khant Zarni Ltd., MD)-မစန္ဒာဦး၊ ဗိုလ်ကြီးသန်းထူး(ငြိမ်း) (စက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး)-မယုယုမော်တို့၏အစ်ကို၊ မသီရိခိုင်(B.S.C; IC, DA, DCA)၊ မောင်ခိုင်ဇော်(အထက-၂၊ ဗဟန်း)၊ မောင်ရဲဝေလင်း(အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ ရွှေယမင်းသူ၊ မနှင်းသဉ္ဇာလွင်၊ မောင်ဘုန်းခန့်ဇာနည်တို့၏ဦးလေးသည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ဝါးဖော
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မ/၁၃၊ တန်းမြင့်ကျောင်းလမ်းနေ (ဦးကြူးမောင်-ဒေါ်နဲလေ)တို့၏သမီးကြီး၊ ဦးစောသီအိုဖလက်(စ်)၏ဇနီး၊ စောအောင်ရွှေဟန်-နော်မာရီး၊ စောဝင်းစံ-နော်အဲလ်မာ၊(နော်ဝေးလ်မာ)၊ စောအောင်သီဟတို့၏မိခင်၊ နော်ဆုမွန်အောင်၊ နော်မြတ်မွန်အောင်၊ နော်လားဖော၊ စောမျိုးဝင်းမြင့်တို့၏အဘွား၊ (ဦးစောအဲလ်မိုး)၊ ဦးစောဖိုးဒေး၊ ဦးစောအယ်တလယ်(FSO Co., Ltd.)တို့၏အစ်မကြီးသည် ၂၉-၇-၂၀၁၃ရက် နံနက် ၅း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက် နံနက် ၉နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
ဦးထွန်းအောင် (မုဒုံမြို့)
အသက်(၈၃)နှစ်

မုဒုံမြို့၊ သဘော်ဦးရပ်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၃နေ ဒေါ်မြရင်၏ခင်ပွန်း၊ဦးစိုးဝင်း-ဒေါ်မို့မို့အောင်၊ ဒေါ်မြင့်သန်း-ဦးကျော်ဝင်း(ETO)၊ ဒေါ်ခင်သန်း(အထက-၂၊ မုဒုံ)၊ ဒေါက်တာဒေါ်သန်းအေး-ဦးကျော်ဝင်း(Captain)၊ ဦးအောင်ထူး-ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်လှချို(ကထိက၊အင်္ဂလိပ်စာဌာန၊မော်လမြိုင်တက္ကသိုလ်)၊ ဦးစိုးအောင်-ဒေါ်နန်းချိုဝေဦးတို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှမုဒုံကန်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၃ရက်နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်တင်အေး (အောင်လံ-ဆင်ပေါင်ဝဲ)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ မဟာဗောဓိ ၃လမ်း၊ တိုက်နံပါတ် ၅၊ သုံးလွှာနေ (ဦးလူကလေး-ဒေါ်လှရင်)တို့၏သမီးကြီး၊ ဦးထင်အောင်(အောင်လံ)၏ဇနီး၊ ဦးစိုးလှိုင်(Deena Shipping Chief Officer)-ဒေါ်မြင့်မြင့်ဝေ(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးသန်းဇော်(အယ်ဒီတာ၊ နယ်သတင်း၊ စံတော်ချိန်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ငြိမ်း)-ဒေါ်ငွေငွေအောင်၊ ဦးအေးနိုင်(Tasly Company)-ဒေါ်သောင်းကြည်(လက်ထောက်ကထိက၊ ငြိမ်း၊ သမဝါယမကောလိပ်၊သန်လျင်)၊ (ဒေါ်ချိုဖြူအောင်)၊ ဦးဝင်းမော်အောင်(ဆောက်လုပ်ရေး၊တံတားအထူး-၁)-ဒေါ်မြမြငွေ(အလယ်တန်းပြ၊အမက-၂၄၊ တ/ဥက္ကလာ၊ ငြိမ်း)၊ ဦးအေးကျော်အောင်-ဒေါ်တင်တင်ဝင်း(အလယ်တန်းပြ၊ အထက-၁၊အောင်လံ)၊ ဦးအောင်မြ-ဒေါ်တင်မိုးအောင်တို့၏မိခင်၊ (ဦးဇောတိက၊ သန်လျင်)၊ ဒေါ်ခင်ဆင့်၊ ဒေါ်ခင်သိန်းမူ၊ ဗိုလ်ကြီးသန်းငွေ(ငြိမ်း)တို့၏အစ်မကြီး၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့ ၏ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးချစ်မောင် (ဆရာသစ္စာ)
လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ စိန်ပန်းနီလမ်း၊ အမှတ် ၅၉၇နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးဝင်းဖေမြင့်(ပန်းချီ)-မစိန်ငွေ၊ မသန်းသန်းမြင့်(ရတနာမိုး အပ်ချုပ်ဆိုင်)၊ ကိုငွေဦး-မမြင့်မြင့်စန်း(လက်ထောက်ကထိက၊ ဆေး-၂)၊ ကိုမြတ်ကျော်-ဒေါ်ဥမ္မာမြင့်(မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်)၊ မောင်သန်းဇော်မြင့်(Novelty of Myanmar Co., Ltd.)-မဆင့်ဆင့်ဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၀၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်ငြိမ်း B.E (Mining)
အမှတ်(၁)ကြေးနီစီမံကိန်း
မုံရွာမြို့
အသက်(၅၈)နှစ်

မုံရွာမြို့နေ(ဦးအောင်သိန်း-ဒေါ်သန်းမြိုင်)တို့၏သား၊ ဒေါက်တာဦးလှငွေ-ဒေါက်တာဒေါ်ခင်သန်းစိန်တို့၏ မောင်၊ ဒေါက်တာဦးဇော်မင်း-ဒေါ်ခင်မြမြအေးတို့၏ညီ၊ ဒေါ်ခင်သန်းမြင့်၏မောင်၊ ဦးဇော်မြင့်၊ ဦးဇော်သိန်းတို့၏ညီ၊ ဦးဇော်မြတ်အောင်၏အစ်ကို၊ ဒေါ်ဝေဝေစန်း၏ခင်ပွန်းသည်၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်လှလှဝင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်နေ(ဦးထွန်းချော-ဒေါ်အေးကြည်)တို့၏ သမီးလတ်၊ ရန်ကုန်မြို့၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်၄လမ်း၊ အမှတ် ၉၉၄/ကနေ ဦးမောင်ငွေး(ရွှေမန်းသူ သယ်ယူပို့ဆောင်ရေး)၏ဇနီး၊(ဦးစံသိန်း)-ဒေါ်ခင်ချို၊ဦးမြင့်ဆွေ-ဒေါ်လှလှငွေးတို့၏ညီမ၊ ဦးကျော်မင်း-ဒေါ်သန်းသန်းငွေး၊ ဦးအောင်မော်-ဒေါ်နီနီဟန်တို့၏အစ်မ၊ ကိုမျိုးသက်ကျော်-မနွယ်မျိုးလင်း၊ကိုဇော်လင်းထွန်း-မစန်းလှအေး၊ မနွယ်နွယ်အောင်(မြဝတီရုပ်သံ)တို့၏မိခင်၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည်၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၃ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်မောင်လတ်
(တပ်မြေ ရွှေပန်းထိမ်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊အမှတ် ၂၊ ဆပ်သွားဖူးလမ်းနေ ဦးအေးမောင်-ဒေါ်ကျင်မွှေး(တပ်မြေ ရွှေပန်းထိမ်)တို့၏ သားထွေး၊ ဦးအောင်ကြိုင်-ဒေါ်စန်းစန်းရီ၊ ဦးဘသန်း-ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်စောစောအေး၊ (ဦးဆွေတင်)-ဒေါ်ခင်စိုးပိုင်တို့၏ညီ/မောင်၊ မောင်မင်းမောင်ထွန်း၏အစ်ကိုသည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ရန်ကုန်မြို့နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်ကြည်(ခ)ဒေါ်ကြင်ရ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၉၃၊ ဒုတိယထပ်(ဝဲ)နေ (ဦးသန်းဦး)၏ဇနီး၊(ဦးသိန်းမောင်)-ဒေါ်ရှုရီ၊ ဦးချိုကျန်-ဒေါ်အိုက်ဗှာ၊ ဦးလေးလုံး-ဒေါ်လိဗှာ၊ ဦးဖုချန်း-ဒေါ်ရှန့်ကျယ်၊ (ဦးဇော်မြင့်)-ဒေါ်စန်းအေး၊ ဦးသန်းထွေး-ဒေါ်ဌေ့ရှန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)ည ၉း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၃ရက် (သောကြာနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်သိန်း
(တရားလွှတ်တော်ရှေ့နေ)
အသက်(၆၅)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ ဗဟိုလမ်း၊ အမှတ် ၇၂နေ (ဦးလှအောင်ကြီး-ဒေါ်လှကြည်)တို့၏သား၊ မုဒုံမြို့နေ (ဦးရွှေခင်-ဒေါ်ငြိမ်းငွေ)တို့၏သားသမက်၊ ဒေါ်အေးမြ(တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ ဦးအောင်သိန်း၏ညီ၊ ဦးဝင်းတင်၊ ဦးနေဝင်း-ဒေါ်ကျင်အမ်းတို့၏အစ်ကို၊ ဦးထွန်းကြည်-ဒေါ်နွဲ့မူတို့၏ညီ၊ ဒေါ်အဂ္ဂစိတ္တဂဟေသီ (ဖားအောက်တောရ)၏အစ်ကို၊ ဒေါ်မေပွင့်ဖြူ၊ ဒေါ်မေလင်းသက်၊ ဦးကျော်ကိုကို၊ မောင်ဖြိုးကိုကိုတို့၏ဖခင်သည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့)ည ၁၀း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်း B.A (Agri;)
ဦးစီးအရာရှိ(စိုက်ပျိုးရေး)
အသက်(၅၈)နှစ်

အင်းတော်မြို့၊ အောင်မင်္ဂလာရပ်နေ (ဦးဘစိန် - ဒေါ်အုန်းတင်)တို့၏သမီး၊ ဦးသိန်းဟန်-ဒေါ်စန်းနွဲ့၊ ဒေါ်သိန်းကြည်၊ ဦးလှထွန်း - ဒေါ်ကြည်မေတို့၏ညီမ၊ ဦးစောမြင့်မော် B.Sc (DSA) ၏ဇနီး၊ ဦးမင်းသူ-ဒေါ်ပွင့်ဦးမြင့်မော်၊ ဦးအောင်သူရိန်မော်-ဒေါ်မာလာမြင့်၊ ဦးအောင်သီဟမော်-ဒေါ်မို့မို့မြသော်၊ ဦးရဲတေဇမော်တို့၏မိခင်၊ အဲလေး(ခ)ထက်ယမုံလှိုင်၏အဘွား၊ ဒေါ်ခင်ဝင်း(မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန)သည် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၂း၅၅နာရီတွင် အင်းတော်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် အင်းတော်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သိန်းနု (မုံရွာ)
(ကန်တော့ခံ ချင်းတွင်းအသင်းဝင်)
အသက်(၁၀၁)နှစ်

မုံရွာမြို့၊ ကူးတို့တောင်ရပ်၊ ကမ်းနားလမ်းနှင့် ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊တိုက် ၄၊အခန်း ၂၀၆နေ (ဦးထွန်းဖေ - ဒေါ်အေးသုံ)တို့၏သမီး၊ (ဦးအောင်သိုက်)၏ဇနီး၊ ဒေါက်တာမောင်မောင်အေး-ဒေါ်လှလှဝင်း(စင်ကာပူ)၊ ဒေါ်မြမြဝင်း[အထက(၁)၊ အထက(၃)မုံရွာ(ငြိမ်း)]၊ ဦးတင်အောင်-ဒေါ်ချိုတီ၊(ဦးထွန်းလင်း၊ တရားရုံးချုပ်ရှေ့နေ)-ဒေါ်မေကြည်စန်းတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၉-၇-၂၀၁၃ရက် ည ၇း၀၉နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
စိတ္တသုခယောဂီ
ဒေါ်ကြင်စိန်
(ညောင်လေးပင်အသင်း)
မန်နေဂျာ(ငြိမ်း)၊မြန်မာ့ရေလုပ်ငန်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၃၃(က)၊ မြေညီထပ်၊ ၄၉လမ်းနေ (ဦးသော်တင့်၊ မန်နေဂျာ၊ ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ညောင်လေးပင်မြို့နေ ခင်တန်းကျောင်းဆရာတော် ဦးပဝရ၏ ရဟန်းဒါယိကာမ၊ (ဦးချစ်-ဒေါ်စိမ်းရွှေ)တို့၏သမီး၊(ဦးဘချို) - ဒေါ်တင်တင်တို့၏သမီးချွေးမ၊ (ဦးခင်မောင်-ဒေါ်ခင်အေး)၊ (ဦးသန်းအောင်) - ဒေါ်ခင်မွေး (ဒေါ်ပုညဝတီ)၊ (ဦးစိန်မြင့်) - ဒေါ်မြသန်းတို့၏ ညီမ၊ (ဦးသောင်းမြင့်)-ဒေါ်မှီ၊ ဒေါ်သန်းစိန်၊ ဦးသန်းနိုင်-ဒေါ်ဆွေဆွေဟန်(ဩစတြေးလျ)၊ ဦးခင်မောင်ကြီး-ဒေါ်ခင်ထွေးမြင့်တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း) ဒုညွှန်မှူး(မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း) - ဒေါ်ယဉ်မင်းသော်(ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊ ကပ္ပတိန်ထင်လင်းသော်(B.SM ကုမ္ပဏီ)-ဒေါ်ခင်သီတာတို့၏မိခင်၊ မောင်သူရိန်ဝင်းထွဋ်၊ မောင်ကျော်စွာဦးထွဋ်၊ မခိုင်ဖူးထက်သော်၊ သိန်ဒေဝီသော်၊ ကျော့ဇကရီသော်တို့၏အဘွားသည် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်ဝင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်နေ(ဦးသိန်းမောင်-ဒေါ်စောမေ)တို့၏သား၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်။ သရက်ချိုရွာနေ (ဦးအောင်ဘ)-ဒေါ်သိန်းရွှေတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၆၂၀၊ကျွန်းရွှေမြိုင် ၈လမ်း၊ (၁၈)ရပ်ကွက်နေ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ဦးငြိမ်း-ဒေါ်ခင်မာကြည်တို့၏မောင်၊ဦးသန့်ဇင်-ဒေါ်နီလာမော်၊ ဦးမြစိုး-ဒေါ်သင်းသင်းလှိုင်တို့၏အစ်ကို၊ ဒေါက်တာကျော်ကျော်လင်း၊ ဒေါ်ချိုချိုဝင်း (မူပြ၊ မ-၁၁)တို့၏ဖခင်သည် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၆၂၀၊ ကျွန်းရွှေမြိုင် ၈လမ်း၊ (၁၈)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဒီတန်ဂျီ(ခ)ဒူဝါမြို့ပိုင်တန်ဂျီ
(B.C.S -ပ/၂၆၇၆)
လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထဲရေးဝန်ကြီးဌာန
သင်းထောက်၊ ရန်ကုန် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်
ယခင် နာယက၊ ရန်ကုန်ကချင်စာပေနှင့်ယဉ်ကျေးမှုအသင်း(ငြိမ်း)
အသက်(၈၀)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မုံးပေါ်တိုက်နယ်၊ ဟိုနားကျေးရွာနေ သာသနာပြုဆရာ (Hpt, Dashi La- Jan Sumlut Roi)တို့၏သားထွေး၊ [ဦးနောင်ဆိုင်၊ ရဲအုပ်(ငြိမ်း) SB II၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရဲအထူးသတင်းတပ်ဖွဲ့-ဒေါ်လဖိုင်နန်ဘောက်]၊ (Salang Kaba Dashi Shan Lum)- Dujan Shang Hting Bawk (မုန်းကိုးမြို့)၊ (Sara Dashi La Dawn) (မုန်းပေါ်)၊ ဆရာမ Dashi ခေါန်နူး (နမ္မတူးမြို့)တို့၏ညီ/မောင်၊ (ဒေါ်မာအောင်)၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ၂လမ်း၊ ခြံအမှတ် ၁၀-က၊ မနောရိပ်ငြိမ်နေ ဒေါ်လမိုင်ကော့၏ခင်ပွန်း၊ သားသမီး ငါးယောက်၊ မြေးနှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် အမှတ် ၄၀-ဘီ၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းရှိ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှတင်
အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၁၀နေ (ဦးဘတင် - ဒေါ်စိန်စိန်)တို့၏သမီး၊ ဂျော်ကီ(ဦးရွှေ)၏ဇနီးသည် ၂၉-၇-၂၀၁၃ရက် ည ၈း၂၀နာရီတွင်သျှင်ပါကူ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မေကြည် (ပုလောမြို့)
အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဟုတ်ရွှေ)၏ဇနီး၊ ဦးဆန်းအေး-ဒေါ်ပိုပို (နေပြည်တော် ဖိနပ်ဆိုင်၊ မန္တလေး)၊ ဦးမျိုးနိုင်-ဒေါ်ခင်သန်းကြည် (မော်လမြိုင်)၊ ဦးမြင့်မောင်-ဒေါ်ရီရီသန်း၊ ဦးခင်မောင်ဦး-ဒေါ်ချိုချိုသန်း၊ ဦးကြူဟို - ဒေါ်ရီရီငွေး (Two Stars Store)၊(ဦးစန်းမြင့်)-ဒေါ်မြင့်မြင့်ရီတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မေကြည် (ပုလောမြို့)
အသင်းဝင်အမှတ်-၁၀၄
အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဟုတ်ရွှေ)၏ဇနီးသည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

ရပ်ကျင်းခွန်း(ခ) ဦးကြည်ဝင်း
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၈၅၊ ၂၈လမ်း(အထက်)နေ (ရပ်လစ်စင်း - ဒေါ်စိန်နု)တို့၏မြေး၊ [ရပ်ကုတ်အိန်း(ခ)ဦးမြင့်မောင်၊ တန်ရှူတွမ်း(ခ)ဒေါ်သန်း]တို့၏သား၊ ဘေဘေ(ခ)ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊ မခင်ဝင်းယု၊ မမေသူဇင်တို့၏ဖခင်သည် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၁၈၅၊ ၂၈လမ်း(အထက်)မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကျော် (စစ်တွေ)
(ပြည်နယ်တရားသူကြီးအဖွဲ့ဝင်၊ငြိမ်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၁၂လမ်း၊ (အေ)ဘလောက်၊ တိုက် ၁၇၊အခန်း ၁၀၄နေ ဒေါ်စောမိုးသူ၏ခင်ပွန်း၊ ဦးလှမောင်-ဒေါ်ကျော့စိန်ညွန့်၊ ဒေါ်ခင်စောညွန့်၊ ဦးကျော်ဆွေ-ဒေါ်စိန်ညွန့်(လ/ထမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေ)၊ ဦးကျော်အေး-ဒေါ်ဦးလှရီ၊ (ဦးစိန်ရွှေမောင်)-ဒေါ်လှလှမြင့်၊ဦးကျော်ဝင်း-ဒေါ်နုနုအေး(တရားရုံး၊ တောင်ဥက္ကလာပမြို့နယ်)၊ ဦးအောင်လင်း(ကထိက၊ပထဝီဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်မြချောဥမ္မာတို့၏ဖခင်၊ မြေး ၁၆ယောက်တို့၏အဘိုးရင်၊ မြစ်ရှစ်ယောက်တို့၏အဖိုးသည် ၂၉-၇-၂၀၁၃ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၃ရက် ညနေ ၄နာရီတွင် ကျိုက္ကသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၃ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U. Suang Do Lian
အသက်(၇၁)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေရွာနေ U Kim Pau - Daw Ciang Khaw Cing တို့၏သား၊ Daw Dim Khaw Hau-U Hang Cin Lian တို့၏မောင်၊ Daw Hau Khan Za Cing - Syagyi Ngul Kho Kam (ငြိမ်း)၊ Rev.Thang Khaw Pau-Daw Zam Za Dim (အထက်တန်းသူနာပြုဆရာမကြီး၊ ငြိမ်း)၊ Daw Lingh Zam Cing-(Suak Cin Thang), (Mr.Kam Cin Kang) တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၂၂ယောက်တို့၏ဦးလေးသည် ၃၀-၇-၂၀၁၃ရက် နံနက် ၂နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဥယျာဉ်တော်တွင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (A ဘလောက်၊ ၃လမ်း၊ တိုက် ၁၇၊ အခန်း ၂၀၂၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်၊ ပိတောက်တွေ၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၅၂၊ YSBC၊ ဘုရားကျောင်း၊ဓမ္မာလေ့လာဘုရားကျောင်းရှေ့၊ Full Gospel ဘုရားကျောင်းတို့မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇူလိုင် ၃၀

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို အစီအစဉ်(၁၀)ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ လွှတ်တော်နာယကက နိုင်ငံတော်သမ္မတက တင်ပြလာသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥက္ကဋ္ဌအဖြစ် ဦးကျော်ကျော်မောင်နှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဆက်အောင်၊ ဦးသန်းညိမ်းနှင့် ဒေါ်ခင်စောဦးတို့အား ခန့်အပ်တာဝန်ပေးလိုခြင်းနှင့်စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်သို့ တင်ပြရာ သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် လွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုဝန်ကြီးများ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ဒုတိယဝန်ကြီးများခန့်အပ်တာဝန်ပေးအပ်ခြင်း၊ နေပြည်တော်ကောင်စီဝင်အား ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ဒုတိယဝန်ကြီးများအား ၎င်းတို့၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထုတ်ခွင့်ပြုခြင်းနှင့် ဒုတိယဝန်ကြီးများအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် သဝဏ်လွှာ(၆)စောင်ကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ လွှတ်တော်နာယကက အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly)ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဘီးလင်းတွင် ရန်ကုန်-မော်လမြိုင်ကားလမ်း ရေကျော်၍ ယာဉ်ဖြတ်သန်းမှု ယာယီပိတ်

သထုံ ဇူလိုင် ၃၀

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဘီးလင်းမြစ်ရေသည် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီခွဲမှစတင်၍ မိုးများစွာရွာသွန်းမှုကြောင့် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအရှေ့ ကားလမ်းနှင့် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ရေကြီးရေလျှံမှုကြောင့် ရွှေရောင်ပြကျေးရွာအရှေ့မှ ဘီးလင်းမြို့အဝင် အရက်ချက်စက်ရုံရှေ့အထိ ကားလမ်းရေနစ်မြုပ်နေပြီး ကားများ ဖြတ်သန်း၍မရသဖြင့် ရန်ကုန်-မော်လမြိုင်ကားလမ်း ယာဉ်များဖြတ်သန်းခွင့်ကို ယာယီပိတ်ထားရသည်။ **(အောက်ပုံ)** ရေကြီးမှုကြောင့် ဒုက္ခရောက်နေသူများအတွက် ကယ်ဆယ်ရေးစခန်းများကို ဘီးလင်းမြို့ ကန်သာယာရပ်ကွက်တွင် လေးခု၊ ဖိုးရာဇာရပ်ကွက်တွင် ငါးခု၊ ဆရာစံရပ်ကွက်တွင် ငါးခု၊ ဗိုလ်တေဇရပ်ကွက်တွင် တစ်ခု၊ ဘိုးလှကြီးရပ်ကွက်တွင် သုံးခု စုစုပေါင်းကယ်ဆယ်ရေးစခန်း ၁၈ ခုဖွင့်လှစ်ထားပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ဆန်၊ ခေါက်ဆွဲခြောက်များ ဝေငှပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ ရေဘေးဒုက္ခရောက်သူများမှာ အိမ်ထောင်စု ၃၉၁ စုမှ လူဦးရေ အမျိုးသား ၆၂၄ဦး၊ အမျိုးသမီး ၈၄၀ စုစုပေါင်း ၁၄၆၄ ဦး ဖြစ်ကြောင်း သိရသည်။

ဘီးလင်းမြစ်ရေသည် ညနေ ၆နာရီခွဲ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၁၀၂၂ စင်တီမီတာမှ ၁၀၉၃ စင်တီမီတာသို့ မြင့်တက်လျက်ရှိပြီး မိုးရေချိန်မှာ ၇ ဒသမ ၆၈ လက်မ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအတွင်း အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်

ချမ်းသာ(ဖျာပုံ)-ရေးသားသည်

ဖျာပုံ ဇူလိုင် ၃၀

မြန်မာနိုင်ငံအတွင်း အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်စေရန် ရန်ကုန်ရုံးချုပ် ပြည်ပဆက်သွယ်ရေးမှ အင်ဂျင်နီယာမှူးအဖွဲ့နှင့် ဖျာပုံမြို့ ပြည်ပ ဆက်သွယ်ရေးရုံးမှ လက်ထောက်အင်ဂျင်နီယာအဖွဲ့တို့ ပူးပေါင်းပြင်ဆင်ခဲ့ရာ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီမှ စတင်ကာ အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်ခဲ့ပြီ ဖြစ်သည်။

ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့အနီးတွင် ပင်လယ်ရေအောက် ကေဘယ်ဆက်ကြောင်းနှင့် ဆက်သွယ်ထားသော ကုန်းတွင်းပိုင်းဆက်ကြောင်း ပြတ်တောက်နေမှုကို အဆိုပါ အဖွဲ့နှစ်ဖွဲ့က ပူးပေါင်းကာ ရှစ်ရက်ခန့်ကြာမျှ ကြိုးစားပြင်ဆင်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ပြင်ဆင်ရာတွင် ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာ ပင်လယ်ကမ်းစပ်ရှိ Beach Man Hole ရှိ Joint ကို ဖွင့်ပြီး ပင်လယ်ရေအောက်ကေဘယ်နှင့် ကုန်းတွင်းပိုင်း မြေအောက်ကေဘယ်ကြိုး Joint အဆက်ကို ပြန်လည်ဆက်သွယ်နိုင်ခဲ့ရာမှ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီတွင် အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်သွားခြင်း ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၃ ✻

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာ

မောင်သစ္စာ ➢ ရေးသည်

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ နယ်ပယ်ကဏ္ဍအများအပြားတွင် တိုးမြှင့်ပြုလုပ်လျက်ရှိရာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်ဟု မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စာရင်းဇယားများတွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီအထိ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃၇၂ ဘီလီယံအထိ ရှိခဲ့သည်။ ယင်းငွေကြေးများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း ၁၁၅ ခုတွင် ဖြစ်သည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၃၄ ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်ကြောင်း ရေးသားထားသည်။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စီမံကိန်းများတွင် ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မလေးရှား၊ ရုရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီများက လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ကမ်းလွန်တွင် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ ပေါကြွယ်ဝစွာတည်ရှိနေရာ နိုင်ငံခြားကုမ္ပဏီများက ကုန်းတွင်းဘက် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လောလောဆယ်၌ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း အဓိက သုံးခုရှိရာ ယင်းတို့မှာ ရတနာ၊ ရဲတံခွန်နှင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတို့ဖြစ်သည်။ အဆိုပါကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း သုံးခုအနက် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှာ အကြီးဆုံးဖြစ်ပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗမီတာ ၂၃ ဒသမ ၆သန်း ထုတ်ယူနိုင်လျက်ရှိသည်။

မုန်တိုင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၃၀

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ တောင်- အရှေ့တောင်ဘက်မိုင် ၂၄၀ ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက်မိုင် ၂၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက် -အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားခြင်းမရှိသော အခြေအနေဖြစ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေပြဋ္ဌာန်းအပါအဝင် အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ

(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုဆိုသည်။

(ခ) **ကော်မရှင်**ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုဆိုသည်။

(ဂ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **နိုင်ငံသား**ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြု ခွင့်ရသူ လည်းပါဝင်သည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသား များဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်းပါဝင် သည်။

(င) **နိုင်ငံခြားသား** ဆိုရာတွင် နိုင်ငံသားမဟုတ်သူကိုဆိုသည်။ ဤဥပဒေ အလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများပါဝင် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကမကထပြုသူ** ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသားတစ်ဦးဦးကိုဆိုသည်။

(ဆ) **အဆိုပြုချက်** ဆိုသည်မှာ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော လျှောက်လွှာနှင့် အတူတင်ပြသော ပဋိညာဉ်စာချုပ် မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများနှင့်ကုမ္ပဏီ ဆိုင်ရာ အထောက်အထားများကိုဆိုသည်။

(ဇ) **ခွင့်ပြုမိန့်** ဆိုသည်မှာ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုသည့် အမိန့်ကိုဆိုသည်။

(ဈ) **မတည်ငွေရင်း** ဆိုရာတွင် ခွင့်ပြုမိန့်အရ နိုင်ငံသားတစ်ဦးဦးက စီးပွား ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ ပါဝင်သည်-

(၁) ပြည်တွင်းသုံးငွေ၊

(၂) နိုင်ငံခြားသုံးငွေ၊

(၃) စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန် ပစ္စည်း၊ အသုံးအဆောင်တန်ဆာပလာများ၊

(၄) လိုင်စင်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် ခွင့်စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သော အခွင့်အရေး၊

(၅) ကျွမ်းကျင်မှုနည်းပညာရပ်၊

(၆) အထက်ပါတို့မှ လုပ်ငန်းတွင်တိုးပွားရရှိပြီး၍ဖြစ်စေ၊ ဝေစုအကျိုး အမြတ်ကိုဖြစ်စေ၊ ပြန်လည်ရင်းနှီးမြှုပ်နှံသောငွေများ၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတည်ငွေရင်းအဖြစ် ခွင့်ပြုထား သော အရာဝတ္ထုပစ္စည်းများ၊

(ည) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုဆိုသည်။

(ဋ) **ဘဏ်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော နိုင်ငံတော် အတွင်းရှိ ဘဏ်တစ်ခုခုကိုဆိုသည်။

(ဌ) **ရင်းနှီးမြှုပ်နှံမှု** ဆိုရာတွင် ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ် ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်းအမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည်-

(၁) ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ၊ စီးပွားရေးလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေအနက်မှ ပြန်လည်ရင်းနှီးမြှုပ်နှံသည့် ငွေ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်သည့် ပြည်တွင်း ပြည်ပမှ ချေးယူရရှိသည့်ငွေကြေးနှင့် အထောက်အပံ့များ၊

(၃) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပေါင် ခံခွင့်နှင့်ပေါင်နှံခွင့်များ၊

(၄) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့များနှင့် ဒီဘင်ချာ စသည့် ငွေချေးသက်သေခံလက်မှတ်များ၊

(၅) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ် ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင် ရွက်မှုများ၊

(၆) တည်ဆဲဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့် အရေးများ၊

(၇) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း ဆိုင်ရာ အခွင့်အရေးများ အပါအဝင်သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်း ဆိုင်ရာ အခွင့်အရေးများ၊

(ဍ) **မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ**ဆိုသည်မှာ နိုင်ငံတော် ကသတ်မှတ်ထားသည့် မြေငှားရမ်းခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသော ကာလအပိုင်းအခြားအထိ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်ရန် မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် မြေအသုံးပြုခွင့် ရသူကိုဆိုသည်။

(ဎ) **ဘီအိုတီ** စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင် ရွက်ခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဆိုသည်။

(ဏ) **ဘီအိုအို** စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းရပ်များကို ပိုင်ဆိုင်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကိုဆိုသည်။

(တ) **ဘီတီအို** ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ နိုင်ငံတော်၏ ကြွယ်ဝသောသယံဇာတပစ္စည်းများကိုဖော်ထုတ်၍ ပြည်သူများ လောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချ နိုင်စေရန်၊ လုပ်ငန်းများတိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာ စေရန်၊ အခြေခံအဆောက်အအုံအပါအဝင် နိုင်ငံတော်ဒေသအသီးသီး ဖွံ့ဖြိုး တိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်သည်။

အခန်း(၃)

အခြေခံမူများ

၄။ ဤဥပဒေ၏အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များ ကို အထောက်အကူပြုစေရေး၊

(ခ) နိုင်ငံသားက ရရှိပြီးဖြစ်သော ရရှိသင့်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ရေး၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊

(ဃ) အဆင့်မြင့်ကျွမ်းကျင်မှု၊ နည်းပညာရပ်များ တိုးတက်ရရှိရေးနှင့် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(င) ပြည်တွင်းထွက်သယံဇာတပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်း ထုတ်လုပ်လာနိုင်စေရေး၊

(စ) သွင်းကုန်အစားထိုးလုပ်ငန်းများ တည်ထောင်လာစေရေး၊

(ဆ) ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်စေရေး၊

(ဇ) မတည်ငွေရင်းကြီးမားသည့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး၊

(ဈ) ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ည) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဋ) စွမ်းအင်သုံးစွဲမှု သက်သာစေမည့်လုပ်ငန်းများ ဖော်ထုတ်ရေး၊

(ဌ) စွမ်းအင်သစ်များရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် ဇီဝအခြေခံစွမ်းအင်သစ် များကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ပေါ်ပေါက်လာစေရေး၊

(ဍ) ပုဂ္ဂလိကနှင့်သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဎ) ဒေသန္တရဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဏ) ငွေကြေးဈေးကွက်တွင် ကျယ်ပြန့်စွာ ပါဝင်လာနိုင်စေရေး၊

(တ) ပြည်ပရောက်နိုင်ငံသားများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တွင် ရင်းနှီးမြှုပ်နှံပါဝင်လာစေရေး၊

(ထ) အသိဉာဏ်ဆိုင်ရာ ပစ္စည်းထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူဖြစ်စေရေး။

အခန်း(၄)

သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများ

၅။ ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ကန့်သတ်ထား သည့် သို့မဟုတ် တားမြစ်ထားသည့် လုပ်ငန်းများမှအပ မည်သည့်စီးပွားရေးလုပ်ငန်း အမျိုးအစားမဆို ရင်းနှီးမြှုပ်နှံခွင့်လျှောက်ထားနိုင်သည်။

၆။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ် သည့်လုပ်ငန်းများအဖြစ် သတ်မှတ်ရမည်-

(က) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ ထုံးစံများကို ထိခိုက်စေသောလုပ်ငန်းများ၊

(ခ) လူနေထိုင်ရာရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက် စေမှု၊ အသံဆူညံမှုဖြစ်ပေါ်စေသော လုပ်ငန်းများ၊

(ဂ) ပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေနိုင်သော လုပ်ငန်းများ၊

(ဃ) သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေ နိုင်သော လုပ်ငန်းများ၊

(င) နိုင်ငံတော်အတွင်းရှိ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ စသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(စ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ် အတောက်ရှိသော ပစ္စည်းများသယ်ဆောင်လာနိုင်သည့်လုပ်ငန်းများ၊

(ဆ) နိုင်ငံတကာ သဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတု ပစ္စည်းထုတ်လုပ်မှုစက်ရုံများ သို့မဟုတ် အသုံးပြုသောလုပ်ငန်းများ။

၇။ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေး အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုး သက်ရောက်မှုဖြစ်စေနိုင်သော နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

အခန်း(၅)

ရင်းနှီးမြှုပ်နှံမှုပုံစံ

၈။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံသားက မတည်ငွေရင်း ရာခိုင်နှုန်းပြည့်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံသားနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ ဖက်စပ် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရာတွင် ဘီအိုတီ၊ ဘီအိုအို အပါအဝင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီသည့် စနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့် ညီညွတ်သောစနစ် တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း။

၉။ (က) ပုဒ်မ ၈ ပါ ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်စေ၊ အစုအဖွဲ့ပိုင်လုပ်ငန်းဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ် စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ ၍ဖြစ်စေ၊ လုပ်ငန်း ပြီးဆုံး၍ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

အခန်း(၆)

ကော်မရှင်ဖွဲ့စည်းခြင်း

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော် သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေ လျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(၂) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုသတ်မှတ်၍ တာဝန် ပေးအပ်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သောကော်မရှင် အဖွဲ့ဝင်များသည် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော စရိတ် နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

အခန်း(၇)

ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဆိုပြုချက်များကို စိစစ်ရာတွင် အမျိုးသားလုံခြုံရေးကို ထိပါးနိုင်မှု၊ ငွေရေးကြေးရေးယုံကြည်စိတ်ချရမှု၊ လုပ်ငန်း၏ စီးပွားရေးတွက်ခြေ ကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု စသည့် အချက်အလက်များကို သုံးသပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူများက ဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝမရရှိကြောင်း တိုင်ကြားလျှင် လိုအပ်သလို အမြန်အရေးယူ ဆောင်ရွက်ခြင်း၊

(ဂ) အဆိုပြုချက်များကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင် ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားတို့၏ အဆိုပြု ချက်များကို လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအို အပါအဝင် အလားတူစနစ်များအပေါ်တွင် အခြေခံစဉ်းစားခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လတစ်ကြိမ် တင်ပြအစီရင်ခံခြင်း၊

(စ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ လွယ်ကူရန်နှင့် အားပေးအထောက်အကူ ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြု တင်ပြခြင်း၊

(ဆ) ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးပမာဏနှင့် လုပ်ငန်းသက်တမ်းတို့ကို သတ်မှတ်ခြင်းနှင့် ပြောင်းလဲ သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်အရ လုပ်ကိုင် ဆောင်ရွက်ခွင့်ရသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဈ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ် မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင် က ချက်ချင်းသိရှိရန်နှင့် အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ည) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက် ရန်အတွက် ပြည်တွင်း၊ ပြည်ပဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို လုပ်ကိုင်နေကြောင်း အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊

(ဋ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဌ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ် လုပ်ကိုင်ရန် ခွင့်ပြုထားသည့် နိုင်ငံခြားသားများအား နိုင်ငံတော်က ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်တွင်းနေထိုင်ခွင့် လက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ဍ) ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ကော်မရှင်က တာဝန်ခံခြင်း၊

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန် များကို ထမ်းဆောင်ခြင်း။

၁၂။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်ဟု ယူဆပြီး တည်ဆဲ ဥပဒေတစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လိုအပ် သော စိစစ်မှုများ ပြုလုပ်၍ လက်ခံခြင်း၊

(ခ) ကော်မရှင်သည် အဆိုပြုချက်ကိုလက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူအား ထုတ်ပေးခြင်း၊

(ဂ) ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ပေးရန် ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ကမကထပြုသူထံမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူထံမှ လည်းကောင်း လိုအပ်သည့်အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကို ဖြစ်စေ တင်ပြရန်တောင်းဆိုခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန်ရေးသွင်းဖော်ပြ ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသောအထောက်အထားများ တွေ့ရှိပါက ပုဒ်မ ၃၂ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်ခြင်း၊

စာမျက်နှာ ၁ သို့

ဥပဒေ

စာမျက်နှာ က မှ

(စ) ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြလာသည့် ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၁၃။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၄။ ကော်မရှင်ကခွင့်ပြုသော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို ခြောက်လလျှင်တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အစီရင်ခံတင်ပြရမည်။

အခန်း(၈)
ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၅။ ရင်းနှီးမြှုပ်နှံသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ခ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း၊

(ဂ) ကော်မရှင်က ထုတ်ပေးသော ခွင့်ပြုမိန့်ကိုရရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် လိုအပ်သော ပဋိညာဉ်စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ထောင်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသောမြေနှင့် အဆောက်အအုံများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏မြေပေါ် မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ခွင့်ပြုချက်မရလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊

(စ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိခြင်း။

၁၆။ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များ ခေါ်ယူခန့်ထားပိုင်ခွင့်ရှိခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုများ ရနိုင်ခွင့်ရှိခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုအကူအညီနှင့် နည်းပညာများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ ရယူသုံးစွဲခွင့်ရှိခြင်း၊

(ဃ) မြေနှင့်အဆောက်အအုံတို့ကို တစ်ဆင့်ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်း မဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခွင့်ရှိခြင်း၊

(င) မိမိ၏ အစုရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချမည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်း၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆိုရမည့် လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအရ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအိုစနစ်အပါအဝင် အခြားအလားတူ စနစ်တစ်ရပ်ရပ်ဖြင့် အဆိုပြုခွင့်ရှိခြင်း၊

(ဇ) မူလအဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို တိုးချဲ့ခြင်းသို့မဟုတ် မတည်ငွေရင်းတိုးမြှင့်ခြင်းများကို ကော်မရှင်၏ ခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဈ) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရထိုက်ခွင့်ရှိသော အခွင့်အရေးများကို ရရှိနိုင်ရန် အလို့ငှာ ကော်မရှင်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်း၊

(ည) တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေးအတွက် လည်းကောင်း၊ နစ်နာချက်များနှင့် စပ်လျဉ်း၍ အရေးယူပေးရေးအတွက် လည်းကောင်း၊ ကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိခြင်း၊

(ဋ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နည်းပညာသစ်များ တီထွင်ခြင်း၊ ထုတ်ကုန်အရည်အသွေးတိုးမြှင့်ခြင်း၊ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချခြင်းများအတွက် အကျိုးခံစားခွင့်များ ပိုမိုရရှိစေရန်ကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ရှိခြင်း၊

(ဌ) နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသော ဒေသများ၊ သဘာဝဘေးဒဏ်ခံရလေ့ရှိသော ဒေသများရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကော်မရှင်က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခန်း (၁၁) ပါ အခွန်ကင်းလွတ်ခွင့်ကာလနှင့် သက်သာခွင့်ကာလများထက်ပိုမို၍ သတ်မှတ်ပေးသည်ကို ရခွင့်ရှိခြင်း၊

(ဍ) ကော်မရှင်၏ အသိအမှတ်ပြုလွှာဖြင့် ပြည်တွင်း၊ ပြည်ပဘဏ် ချေးငွေများ ရယူနိုင်ရန်အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်း။

အခန်း(၉)
ခွင့်ပြုမိန့်လျှောက်ထားခြင်း

၁၇။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက်တင်သွင်းရမည်။

၁၈။ ကော်မရှင်သည်-

(က) ပုဒ်မ ၁၇ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိပါက လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး အဆိုပြုချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) အဆိုပြုချက်ကို လက်ခံပါက ခွင့်ပြုမိန့်ကို ရက်ပေါင်း ၉၀အတွင်း ထုတ်ပေးရမည်။

(ဂ) တင်သွင်းထားသော အဆိုပြုလွှာများကို ခိုင်လုံသောအကြောင်းပြချက် မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့် တာဝန်ရှိပုဂ္ဂိုလ်မဆို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

အခန်း(၁၀)
အမှုထမ်းများနှင့် အလုပ်သမားများခန့်ထားခြင်း

၁၉။ ရင်းနှီးမြှုပ်နှံသူသည်-

(က) နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှလည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်များမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာတွင် တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(ဃ) အမှုထမ်းများနှင့် အလုပ်သမားများကို ခန့်ထားရာ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ချုပ်ဆိုရမည်။

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(စ) အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့ အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

အခန်း (၁၁)
ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၂၀။ ကော်မရှင်သည် နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို အားပေးအထောက်အကူပြုရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အောက်ပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအနက် ပုဒ်မခွဲ (က)ပါ အခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုရမည်။ ထို့ပြင် ကျန်ရှိသော အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် ခွင့်ပြုနိုင်သည်-

(က) ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်းငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကော်မရှင်မှ ထပ်မံသတ်မှတ်ပေးသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်၊

(ဂ) ပုဒ်မခွဲ (က)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့် ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်၊

(င) အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့်လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်၊

(စ) လုပ်ငန်းတစ်ခုချင်းအလိုက် ပုဒ်မခွဲ(က)ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်းနှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်၊

(ဆ) လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန်လိုအပ်၍ တင်သွင်းလာသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင်တန်ဆာပလာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဇ) ဝင်ငွေခွန်စည်းကြပ်ရန် ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံသို့မဟုတ် လုပ်ငန်းသုံးအခြား မတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျှော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျှော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(ဈ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်၊

(ည) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကိုခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဋ) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

အခန်း(၁၂)
အာမခံချက်များ

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်။

၂၂။ ရင်းနှီးမြှုပ်နှံသူ၏ မတည်ငွေရင်းတွင် နိုင်ငံခြားချေးငွေပါရှိခဲ့ပါက ယင်းချေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

၂၃။ ကော်မရှင်၏ ခွင့်ပြုမိန့်အရ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအား ခွင့်ပြုချက်သက်တမ်းမကုန်မီ ခိုင်လုံသောအကြောင်းကိစ္စမရှိဘဲ ရပ်ဆိုင်းခြင်းမပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

အခန်း(၁၃)
မြေအသုံးပြုခွင့်

၂၄။ ကော်မရှင်သည် နိုင်ငံတော်ထံမှ မြေငှားရမ်းလုပ်ကိုင်ခွင့်ရရှိသော ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်၍ ကနဦးနှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။

၂၅။ ကော်မရှင်သည် ပုဒ်မ ၂၄ အရ ခွင့်ပြုထားသောသက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ် နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။

၂၆။ ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကို အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့် သတ်မှတ်ပေးရမည်။

၂၇။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်ပေးနိုင်သည်။

၂၈။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် ပိုမို၍ ခံစားခွင့်ရရှိစေရန် သတ်မှတ်နိုင်သည်။

အခန်း(၁၄)
မတည်ငွေရင်း

၂၉။ ကော်မရှင်သည် မတည်ငွေရင်းကို ဘဏ်က လက်ခံခွင့်ပြုဆောင်ရွက်ပေးသည့် ငွေကြေးအမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏ အမည်ဖြင့် မှတ်ပုံတင်ရမည်။ ထိုသို့ မှတ်ပုံတင်ရာတွင် မတည်ငွေရင်းအမျိုးအစားများကို ဖော်ပြရမည်။

အခန်း(၁၅)
ငွေရေးကြေးရေးကိစ္စ

၃၀။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သည့် နိုင်ငံခြားသုံးငွေများကို သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်မှ တစ်ဆင့် နိုင်ငံခြားသို့လွှဲပြောင်းနိုင်ခွင့်နှင့် ပြည်တွင်းသို့ လက်ခံနိုင်ခွင့်ရှိသည်။

၃၁။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ မြန်မာကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

အခန်း(၁၆)
စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၃၂။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ထားခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(င) နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

အခန်း(၁၇)
အငြင်းပွားမှုဖြေရှင်းခြင်း

၃၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက-

(က) အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက-

(၁) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်း မရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

စာမျက်နှာ ဂ သို့

စာမျက်နှာ ၁ မှ

အခန်း(၁၈)

အထွေထွေ

၃၄။ ကော်မရှင်သည် မတည်ငွေရင်းကြီးမားသော လုပ်ငန်းမျိုးဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းမျိုးကိုလည်း နိုင်ငံသားများက ကိုယ်ပိုင်အရင်းအနှီးရှိကြောင်း သို့မဟုတ် နိုင်ငံတကာမှ အရင်းအနှီးရရှိနိုင်သည့် အခွင့်အလမ်းရှိကြောင်း အဆိုပြုလာပါက ဥပဒေနှင့်အညီ ဦးစားပေးခွင့်ပြုရမည်။

၃၅။ ကော်မရှင်သည် ကော်မရှင်၏အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်၏-

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၃၇။ ဤဥပဒေ မပြဋ္ဌာန်းမီက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ရင်းနှီးမြှုပ်နှံသူများအား ဤဥပဒေအရ သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံသူများဖြစ်သည်ဟု မှတ်ယူရမည်။

၃၈။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလ ကုန်ဆုံးသည်အထိ ဆက်လက်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့် ရှိစေရမည်။

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၀။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများ စသည်တို့ကို တမင်မမှန်မကန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၄၁။ ဤဥပဒေကအပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့်ကိစ္စ တစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီသို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

(ခ) ကော်မရှင်သည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄၅။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပြဋ္ဌာန်း

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိဒါန်း

နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ယင်းသို့ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူခြင်းနှင့် ယင်းစာရင်းဇယားများကို အခြေခံ၍နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများတွင် အကျိုးရှိစွာအသုံးချခြင်းတို့ပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **သန်းခေါင်စာရင်း** ဆိုရာတွင် လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာအချက်အလက်များ ပါဝင်သည်။

(ဂ) **အဆောက်အအုံ** ဆိုရာတွင် လူနေထိုင်ရာနေရာ၊ တိရစ္ဆာန် ထားရာနေရာ၊ ပစ္စည်းထားရာနေရာနှင့် အလုပ်လုပ်ရာနေရာတို့ပါဝင်သည်။

(ဃ) **အိမ်ထောင်ဦးစီး** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အိမ်ထောင်စုအတွက် ဦးစီးတာဝန်ယူရသူကိုဆိုသည်။

(င) **စာရင်းကောက်** ဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သတ်မှတ်ထားသော စာရင်းကောက်နယ်နိမိတ်အတွင်း တစ်အိမ်တက်ဆင်းသွားရောက်ပြီး ပုံစံပါမေးခွန်းများကို မေးမြန်း၍ ပုံစံရေးသွင်းသူကိုလည်းကောင်း၊ ပုံစံနှင့်ရေးသွင်းနည်း ညွှန်ကြားချက်များကို အိမ်ထောင်စုတိုင်းသို့ ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်များကိုယ်တိုင်အဖြေများကို ရေးသွင်းစေ၍ ယင်းပုံစံများကို ပြန်လည်သိမ်းဆည်းသူကို လည်းကောင်း ဆိုသည်။

(စ) **စာရင်းစစ်** ဆိုသည်မှာ သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော ဒေသအတွင်း စာရင်းကောက်များကို ကြီးကြပ်စစ်ဆေးသူကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကိုဆိုသည်။

(ဇ) **ဝန်ကြီး** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ဈ) **တာဝန်ရှိသည့်အဖွဲ့အစည်း** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနကိုဆိုသည်။

အခန်း(၂)

သန်းခေါင်စာရင်းကောက်ယူခွင့်

၃။ အစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင် ဖြစ်စေ သန်းခေါင်စာရင်းကောက်ယူနိုင်သည်။

(ခ) သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသော နေရာဒေသများအတွက် ကောက်ယူနိုင်မည့်နည်းလမ်းများကို လေ့လာသုံးသပ်၍ အသင့်လျော်ဆုံးနည်းဖြင့် ကောက်ယူနိုင်သည်။

၄။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရန်အတွက် ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က ကမ္ဘာတစ်ဝန်းအတည်ပြုသတ်မှတ်ထားသောမူများ၊ အကြံပြုချက်များကို ထည့်သွင်းဆောင်ရွက်ရမည်။

အခန်း(၃)

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဖွဲ့စည်းခြင်းနှင့်
ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၃အရ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ နာယကဖြစ်သည်။

၇။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များဖြင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကို ဖွဲ့စည်းရမည်-

(က)	ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ	ဒုတိယဥက္ကဋ္ဌနှစ်ဦး
(ဂ)	သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ	အဖွဲ့ဝင်များ
(ဃ)	ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အတွင်းရေးမှူး

၈။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ပါဝင်သော သန်းခေါင်စာရင်း လုပ်ငန်းတစ်ရပ်လုံးပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးခြင်း၊

(ခ) သန်းခေါင်စာရင်းကောက်ယူရေးအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းက တင်ပြသည့်အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုခြင်း၊

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ခြင်း။

၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မည်သည့်ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်းတို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊

(ခ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူအား ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်း၊

(ဂ) သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးခြင်းနှင့်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပုဒ်မခွဲ(ဃ)ပါ ဌာန၊ အဖွဲ့အစည်းများမှ လိုအပ်သော နည်းပညာနှင့် ကူညီထောက်ပံ့မှုများရယူ၍ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနှင့်ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း။

အခန်း(၄)

သန်းခေါင်စာရင်းကောက်ယူခြင်း

၁၀။ ဝန်ကြီးသည် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်းတာဝန်ခံအဖြစ် ခန့်အပ်ရမည်။

၁၁။ သန်းခေါင်စာရင်းတာဝန်ခံအရာရှိသည်-

(က) သန်းခေါင်စာရင်းမှ ရရှိထားသော အချက်အလက်များကို ဆောလျင်စွာ ထုတ်ပြန်ကြေညာရမည်။

(ခ) မေးခွန်းပုံစံများကို လက်ခံခြင်း၊ စာရင်းဇယားများပြုစုခြင်း၊ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အစီရင်ခံစာများ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ကြီးကြပ်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ပြုစုထားသော အစီရင်ခံစာများတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမရှိစေရန် ကာကွယ်ရမည်။

၁၂။ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ရာတွင်-

(က) သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များသည် တာဝန်ကျရာဒေသ၌ အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်နှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ခွင့်ရှိသည်။

(ခ) စာရင်းကောက်က သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသော စာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်းမေးမြန်းခြင်းခံရသူသည် မှန်ကန်စွာဖြေဆိုရန်နှင့် ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန် တာဝန်ရှိသည်။

(ဂ) မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်ဖြစ်ရမည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က သန်းခေါင်စာရင်းကောက်ယူရန် အလို့ငှာ စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အောက်ပါပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊

(ခ) လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင်အဆောက်အအုံ စသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊

(ဃ) စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ။

အခန်း(၅)

တားမြစ်ချက်များ

၁၄။ သန်းခေါင်စာရင်းကောက်ယူထားသော အချက်အလက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူရန်တာဝန်ရှိသူမှအပ မည်သူမျှစစ်ဆေးခြင်း သို့မဟုတ် ကူးယူသိမ်းဆည်းခြင်းမပြုရ။

၁၅။ ဤဥပဒေအရ သန်းခေါင်စာရင်း ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရ။

၁၆။ မည်သူမျှ-

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက်အအုံအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခြင်းနှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ မေးမြန်းသော မေးခွန်းများ ဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ သိလျက်နှင့် မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်းမပြုရ။

(ဂ) သန်းခေါင်စာရင်း ကောက်ယူသည့်အခါ မမှန်မကန်ဖြေဆိုစေရန် မေးခွန်းဖြေဆိုမည့်သူအား တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်း မပြုရ။

၁၇။ မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မျှ-

(က) သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် ပေးအပ်သော လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းမရှိရ။

(ခ) သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် မပါဝင်သော မေးခွန်းကို မေးမြန်းခြင်း မပြုရ။

(ဂ) သန်းခေါင်စာရင်းကောက်ယူရာတွင် သိရှိရသော တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရ။

၁၈။ မည်သူမျှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။

အခန်း(၆)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ဃ သို့

ဥပဒေ

စာမျက်နှာ ၈ မှ

၂၀။ မည်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကောက်မဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၇)

အထွေထွေ

၂၂။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော အကူအညီပေးနိုင်စွမ်းရှိသူတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၃။ ဤဥပဒေအရ ဖွဲ့စည်းသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့သည် ဤဥပဒေမပြဋ္ဌာန်းမီ အစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

၂၄။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်း ကော်မတီဝင်၊ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်း ခံရသောပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။

၂၅။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မီးဘေးလုံခြုံရေး တာဝန်ခံ သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနခွဲကျောင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးဘေးလုံခြုံရေး တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သူများနှင့် သီးသန့်မီးသတ် တပ်ဖွဲ့ဝင် ၅၀ ဖြင့် ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးဇော်မင်းအောင်	၁၂/သဃက (နိုင်) ၀၀၃၄၆၂	၁၃၅/က၊ ဇေယျသုခလမ်း၊ (က)ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်ကြင်ရွှေ	၁၂/ဥကတ (နိုင်) ၁၀၃၃၇၄	၁၂၂/၁၊ (၈)လမ်း၊ ၁၄/၁ရပ်ကွက်၊ တောင်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်မြင့်မြင့်သန်း	၁၂/ဥကတ(နိုင်) ၀၄၈၁၃၇	R.V.V ၂၄/၂၅၊ ဆိပ်ကမ်းသာလမ်း၊ F.M.I City၊ လှိုင်သာယာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်လှိုင်ရီ + ၁	၁၂/ကမရ (နိုင်) ၀၁၀၃၉၂	၅၊ ရတနာမြိုင်လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်အေးအေးစန်း	၁၂/ဒလန (နိုင်) ၀၀၃၄၂၇	၁၄၈၄၊ ဗိုလ်ချုပ် (၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလ	၁-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဒေါ်ခင်သန်းဦး	၁၄/ပသန (နိုင်) ၁၂၉၉၂၀	၃၇၊ ဈေးလမ်း၊ မြို့မ (၂)ရပ်ကွက်၊ ဒလ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဦးအေးဝင်း	၉/စကတ (နိုင်) ၀၀၀၇၆၁	၉၇၀/က၊ အင်းဝ (၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးကျော်ခိုင်စိုး	၁၂/ဗတထ (နိုင်) ၀၃၁၄၄၅	၉၇၂၊ အင်းဝ (၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဦးဝင်းနိုင်	၁၂/သဃက (နိုင်) ၀၆၈၆၉၄	၁၆၊ သမာဓိ ၂-လမ်း၊ ဆ/ကရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်မြမြမူ	၁၂/တမန (နိုင်) ၀၂၆၃၀၁	၁၅၇၀½၊ ပုဂံလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ် - (တောင်ပိုင်း)	၂-ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၁၁	ဒေါ်အိအိဖြူ	၉/ညဥန (နိုင်) ၁၁၂၃၈၉	၁၂၇၀(က+ခ)၊ ၁၂၇၂(က+ခ)၊ ၁၂၇၄(က+ခ)၊ ရွှေဗဟိုပတ်လမ်း၊ ၁၂-ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ် Steel ဆောက်လုပ်ရန်
၁၂	ဦးလင်ကျင်တိတ်+၁	၁၂/လမန (ပြု) ၀၀၁၂၂၄	၂၁၅၊ သုခမြိုင် ၄-လမ်း၊ (၈)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးဆီဘား + ၁	SPTA-၀၀၅၈၁၇ ၀၀၂၂၃၆	၇(က+ခ)၊ (၉-က)၊ လှိုင်မြစ် (၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးမျိုးတင့် + ၁	၆/ပလန (နိုင်) ၀၀၂၂၃၆	၇၁၂၊ ငမိုးရိပ် (၃)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်ဝင်းဝင်းမြတ်	၁၄/ဝခမ (နိုင်) ၁၅၀၁၂၃	၁၆၂၊ ၁-လမ်း၊ (၅၉)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်း	၂-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မင်္ဂလာလမ်း၊မြေတိုင်းရပ်ကွက်အမှတ်-၁၂ မြေကွက်အမှတ်-၈၂၆/က၊၁၂၀၀-စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်ပိုင်ဆိုင်သူ**ဒေါ်နီနီမာ**(၁၂/ဥကတ(နိုင်)၀၆၆၃၆၂)၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ**ဦးသောင်းတင်**(၁၁/ကဖန(နိုင်)၀၃၆၄၅၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့် ကွက်မှုမရှိပါကဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အားတရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အခန်းအမှတ်-၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၀ ၄၇၇၅၊၀၉-၇၃၀ ၃၃၀ ၅၈၊၀၁-၄၃၀ ၈၅၀၊

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)
ထားဝယ်ခရိုင် နယ်တရားမရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂၄

ဒေါ်သန်းရွှေ နှင့် ၁။ ဒေါ်ဘီ(ခ)ဒေါ်မြမြဝင်း
၂။ ဦးလှဝင်း
တရားလို တရားပြိုင်များ

ထားဝယ်မြို့၊ ကရပ်ပြင်(မ)ရပ်နေ၊ အမှတ်(၈၉၆)၊ ဂေါ်သဇင်လမ်းနေ ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းရွှေက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၅ရက် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်အေး)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ယတြာမင်း

အိမ်/ခြံ/မြေ အမြန်ရောင်း ထွက်ဖို့ ထိထိမိမိ ယတြာလုပ်လိုလျှင် ဖုန်းဖြင့်အခမဲ့ တိုင်ပင်နိုင်သည်။
Ph : 09-73241357, 01-249053, 09-73078260

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေနီကုန်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ အမှတ် ၁၁-A ၊ မကြီးကြီး လမ်း(ဂုတ်ခြံ)၊ စမ်းချောင်းမြို့နယ်၊ မြေအကျယ် ၀ဒသမ ၂၄၈ပေ၊၂၄ပေ အကျယ်၊ ကိုယ်ပိုင်လမ်းအပါ မြေကွက်သီးသန့်အား ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆**

အမည်ပြောင်း

ဦးသန်းဇော်၏သား အထက(၂) ဒဂုံတောင် ပဥ္စမတန်း(B)မှ အောင်ခန့်မင်းအား ယနေ့မှစ၍ လရောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။**မောင်လရောင်လင်း**

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၂Y၂ ၊ မြေကွက်အမှတ် V ၃၄၇၊ မြေကွက်တည်နေရာအမှတ် ၈၂၊ ၁၂လမ်း၊ ဒေါ်ကျင်နွဲ့ ၁၂/လမတ(နိုင်)၀၀၄၀၃၀၊ ဦးသိန်းဟံ ၁၂/လမတ(နိုင်)၀၀၄၀၂၆ အမည်ပေါက် နှစ် ၉၀ဂရန်သက်ကုန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်နွဲ့(အမျိုးကြီးဘ၀ဖြင့်) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးသိန်းဟံ ၁၂/လမတ(နိုင်)၀၀၄၀၂၆ က တစ်ဦးတည်းသောမောင် တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လိုသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဦးကျော်ထွေး(ခ)ရှိသိမ်ယောက်	၁၄/ဝခမ(နိုင်)၀၁၆၄၅၀	ဒဂုံတောင်	၁၈/က	၁၇	ဒေါ်တင်ရီ	၁၇၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၈/က)ရပ်ကွက်	အမည်ပြောင်း
၂။	ဦးကျော်ထွေး(ခ)ရှိသိမ်ယောက်	၁၄/ဝခမ(နိုင်)၀၁၆၄၅၀	ဒဂုံတောင်	၂၀	၄၈၀/ခ	ဒေါ်သွယ်သွယ်တိုး	၄၈၀/ခ၊ မောင်းမကန်ကမ်းသာလမ်း၊ (၂၀)ရပ်ကွက်	အမည်ပြောင်း
၃။	ဦးကျော်စိုးထွန်း	၁၂/ဗတထ(နိုင်)၀၃၁၄၃၉	မရမ်းကုန်း	၁၃ ကံဘဲ့	၉/စ	ဒေါ်သန်းမြင့်	၉/စ၊ အောင်မြေလမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၄။	ဒေါ်စောမြတ်သန္တာ(ခ)မသန္တာ	၁၂/လသန(နိုင်)၀၀၁၇၅၉	မရမ်းကုန်း	၄၅ ကံဘဲ့	၃၈/ခ၁D	ဒေါ်ကြင်ဝင်း	၃၈၊ ခ၁D ၊ ကံဘဲ့ခရေပင်လမ်းသွယ်၊ (၉)ရပ်ကွက်	အမည်ပြောင်း
၅။	ဒေါ်ခင်နှင်းရီ+၁	၁၂/လသန(နိုင်)၀၁၀၃၁၀	အလုံ	၂၃H	V ၅၆	ဒေါက်တာဒေါ်ခင်နှင်းရီ၊ ဦးအောင်စိုး	၇၇၊ ရေဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံ	ဂရန်သက်တမ်းတိုး
၆။	ဦးသန့်ဇင်ထွန်း	၁၂/ဒပန(နိုင်)၀၄၄၄၁၂	ဒဂုံတောင်	၁၉	၅၈၄/ခ	ဦးမြင့်သိန်း	၅၈၄/ခ၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၇။	ဒေါ်သန်းသန်းဌေး	၁၄/ဘကလ(ပြု)၀၀၀၀၃၉	ဗိုလ်တထောင်	၉-အယ်လ်	၁၈၇	ဒေါ်ရင်မြ	၄၊ (၆၄)လမ်း၊ (၃)ရပ်ကွက်	မြေပုံကူး
၈။	ဦးမြင့်စိန်	၁၂/ပဇတ(နိုင်)၀၁၄၄၆၈	ဒဂုံတောင်	၁၄၁/၂	၁၇၀+၁၇၁	ဦးမြင့်စိန်	၁၇၀+၁၇၁၊ (၁၄၁/၂)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၉။	ဦးအောင်ချမ်းဇော်	၁၂/ဗဟန(နိုင်)၀၈၉၈၄၇	ဒဂုံတောင်	၂၄	၇၉၅	ဦးအောင်စိုးလင်း	၇၉၅၊ မင်္ဂလာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၀။	ဒေါ်မြင့်မြင့်+၁	၁၂/လမတ(နိုင်)၀၂၃၇၅၇	လမ်းမတော်	၂၂ဗိုင်၁၉	V ၅၄	မမြင့်မြင့်+မသန်းသန်းအေး	၁၄၊ (၁၁)လမ်း	ဂရန်သက်တမ်းတိုး
၁၁။	ဒေါ်စောမြတ်သန္တာ(ခ)မသန္တာ	၁၂/လသန(နိုင်)၀၀၁၇၅၉	ကြည့်မြင်တိုင်	၂၅E	V ၄၀	ဦးတက်ထွန်း	၁၀၊ အင်ကြင်းလမ်း	အမည်ပြောင်း
၁၂။	ဒေါ်မေမြတ်ကျော်	၇/ပခန(နိုင်)၂၁၅၀၂၆	မရမ်းကုန်း	၁၈	၅/စ၂	ဒေါက်တာဦးဝင်းချို	၅/စ၂၊ အောင်သိဒ္ဓိရိပ်သာ၊ (၃)လမ်း	အမည်ပြောင်း
၁၃။	ဒေါ်သန်းသန်းမြင့်	၉/ဝတန(နိုင်)၀၅၇၆၄၆	သာကေတ	၈	၄	ဦးချစ်တင်	၄/က၊ ရှုခင်းသာလမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဒေါ်သီသီဦး	၁၂/ဒဂတ(နိုင်)၀၁၇၅၃၁	ဒဂုံဆိပ်ကမ်း	၇၈	၉၁၀+၉၁၁	ဦးမင်းသိမ်း	၉၁၀+၉၁၁၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၅။	ဦးတင်ထွန်းဦး	၁၃/တကန(နိုင်)၁၂၅၉၉၄	ဒဂုံဆိပ်ကမ်း	၇၈	၆၆၄	ဦးကုလား	၆၆၄၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၆။	ဦးတင်ထွန်းဦး	၁၃/တကန(နိုင်)၁၂၅၉၉၄	ဒဂုံဆိပ်ကမ်း	၇၈	၆၇၄	ဦးကျော်	၆၇၄၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၇။	ဦးတင်ထွန်းဦး	၁၃/တကန(နိုင်)၁၂၅၉၉၄	ဒဂုံဆိပ်ကမ်း	၇၈	၆၆၅	ဦးကူးမား	၆၆၅၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၈။	ဦးအောင်လင်းထွေး	၁၀/မလမ(နိုင်)၁၃၂၀၁၁	လှိုင်သာယာ	၁၁	၉၇	ဦးစိန်ဝင်းမြင့်	၉၇၊ မြို့ပတ်လမ်း	ဂရန်သစ်
၁၉။	ဦးပုန်းနိုင်	၁၂/ရပသ(နိုင်)၀၁၅၀၂၉	ရွှေပြည်သာ	တ/၄၁	၂၁၈၃(ခ)	ဦးချစ်ထွေး	၂၁၈၃/ခ၊ ဝါးတရာလမ်း	ဂရန်သစ်
၂၀။	ဒေါ်တင်တင်ချို	၁၂/သဃက(နိုင်)၀၉၁၃၅၇	ရွှေပြည်သာ	တ/၄၁	၂၁၈၃(က)	ဦးသိန်းစော	၂၁၈၃/က၊ ဝါးတရာလမ်း	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ